www.burmeseclassic.com



www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၃၈ / ၂၀၀၄ ( ၅ )
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၆၅၁ / ၂၀၀၄ ( ၆ )

၂၀၀၄-ခုနှစ်၊ စက်တင်ဘာလ
ဒုတိယအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၄၅၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေနိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးသန်းဝင်း၊ ကျော်ပုံနှိပ်တိုက်
၂၃၉၊ ဓမ္မာသီလလမ်း၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်
ဦးထွန်းလင်း၊
ဗိုးဝအောဖ့်ဆက်
အမှတ် ၁၄၅၊ ၄၅-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

BURMESE CLASSIC .com



## အံ့ဩဖွယ်လူထူးလူဆန်း

စန်ချီယာတို့ တောင်ထိပ်၌ နေထိုင်ခဲ့သည်မှာ တစ်လပြည့်ခဲ့ပြီဖြစ်သည်။ ထိုတစ်လဟူသော အချိန်ကာလအတွင်း မည်သို့မျှ ထူးထူးခြားခြား မဖြစ်ပျက်ခဲ့ပါ။

သူတို့သည် နေ့စဉ်နှင့်အမျှ လုပ်စရာရှိသည်ကို လုပ်နေခဲ့ကြပါသည်။

သူတို့၌ ပျင်းနေချိန်မရှိကြပါ။

ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်၊ သိုင်းလေ့ကျင့်၊ ပတ်ဝန်းကျင်၌ဇာဟုသုတရှာ၊

ဤသို့ဖြင့် တစ်နေ့တာလုပ်ငန်းများ လည်နေပါသည်။

တောင်ခြေ၊ တောင်လယ်နှင့် တောင်ထိပ်စခန်းများသို့ မည်သည့်လူစိမ်းမျှ မလာရောက်ကြပါ။

ထိုက်ဟူတောင်သည် သွားရလာရခက်ခဲသည်ဟူသော

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆင့်စကားများကြောင့် လူသူအရောက်အပေါက် မရှိခြင်းဖြစ်ပါသည်။

အထက်စခန်းနှင့် အောက်စခန်းသို့ လာရောက်ဖူးသည့် ဧည့်သည်ဆို၍ ရှာလေခန်တစ်ယောက်တည်းသာရှိသည်။

ရှာလေခန်သည် စန်ချီယာ၏အခြေအနေကိုစုံစမ်းရန်နှင့် စကားစမြည်ပြောဆိုရန်အတွက် တောင်ထိပ်စခန်းသို့ နှစ်ကြိမ်မျှ လာရောက်ခဲ့ပါသည်။

လာသည့်အခါတွင်လည်း ကျန်စီးမုံကိုကြိုတင် အကြောင်းကြားပြီးမှ လာခြင်းဖြစ်ပါသည်။

တောင်ခြေစခန်းသို့လည်း ရှာလေခန်ဆင်းသွားပါသည်။ တောင်ခြေစခန်းတွင် ဇနီးနှင့်သားရှိသည်မဟုတ်ပါလော။

ထို့ထက်ပို၍ပြောရလျှင် သူ၏ချွေးမလောင်းလည်းရှိသည် မဟုတ်ပါလော။

တောင်ခြေစခန်းသို့ဆင်းရာတွင်မူ ကြိုတင်အသိပေးရန် မလိုပါ။ ဆင်းချင်သည့်အချိန်တွင် ဆင်းသွားရုံသာ။

သူသည် နဂိုကတည်းက တောင်တက် တောင်ဆင်းကျွမ်းကျင်သူဖြစ်သည်။

ဟိမဝန္တာတောင်များသည် သည်ထက်ပင်ပို၍ မြင့်မားပေသေးသည်။

ထိုက်ဟူတောင်လောက်ကို ရှာလေခန်က စာမဖွဲ့ချေ။



နေထိုင်ခဲ့သည်မှာ ကြာလာသည်နှင့်အမျှ တောင်တက်တောင်ဆင်းလည်း ပို၍ကျွမ်းကျင်လာသည်။

အချိန်ရလျှင် ရသလို တောင်ဆင်းနည်း တောင်တက်နည်းတို့ကို အခြားသူများအား သင်ပေးသည်။ အခြားသူများလည်း ကျွမ်းကျင်လာကြလေသည်။

အချိန်တစ်လကြာသည်အထိ-

စန်ချီယာထံမှ မည်သည့်ထူးခြားချက်ကိုမျှမပြပေ။

သူ့ကိုယ်တွင်းမှ သိုင်းဝိဉာဉ်သည် နိုးကြားခြင်းလာမပြသေးချေ။

သိုင်းလေ့ကျင့်သည်ကတော့ ပုံမှန်ဖြစ်၏။

နံနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညနေတစ်ကြိမ်၊ သုံးကြိမ်လေ့ကျင့်သည်။

မည်သို့ပင်ဖြစ်ပါစေ။

စခန်းမှလူအားလုံးသည် စိတ်ရှည်လက်ရှည်ဖြင့် အခြေအနေအပြောင်းအလဲကို စောင့်စားနေခဲ့ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လကွယ်ည . . .

ထိုက်ဟူတောင်ကြီးသည် ဝိန်းဝိတ်အောင်မှောင်နေသော အမှောင်ထုကြီးထဲတွင် ထီးထီးမားမား ရပ်တည်လျက်ရှိပါသည်။ ပို၍မည်းမှောင်နေပါသည်။

လေကလည်း အထူးပင်ငြိမ်သက်နေပါသည်။

ယခင်က တရှဲရှဲမြည်နေခဲ့သော သစ်ရွက်လှုပ်ခတ်သံများကိုလည်း မကြားရပြီ။

ညဉ့်ငှက်နှင့် ပိုးမွှားကောင်ကလေးများ၏အသံကိုလည်း မကြားရချေ။

ထိုမှောင်မိုက်သောအချိန်၌ ကျွန်းစီးမုံနှင့် စန်ဒီယာတို့သည် တိတ်ဆိတ်စွာလမ်းလျှောက်နေကြပါသည်။

အချိန်က ညသန်းခေါင်ယံတိုင်လုပြီ။

စန်ဒီယာသည် အတွင်းအားကျင့်စဉ်တစ်ခုကို ညဦးပိုင်းကတည်းက လေ့ကျင့်ခဲ့ပြီး ယခုမှထလာခြင်းဖြစ်သည်။

သူသည် ဝိန်းဝိတ်အောင်မည်းမှောင်နေသော အမှောင်အတွင်း လမ်းလျှောက်လေ့ကျင့်ခြင်းဖြစ်ပါသည်။ အမှောင်အတွင်း လမ်းလျှောက်ဖန်များသောအခါ မြင်လာပါသည်။

အမှောင်အတွင်း မြင်လာပါသည်။

ကျွန်းစီးမုံသည် စန်ဒီယာအား စောင့်ရှောက်ရင်း လိုက်ပါလာခဲ့သည်။



သူတို့သည် တစ်ယောက်ကိုတစ်ယောက် စကားမပြောကြချေ။

သူတို့သည် လျှောက်လာရင်း တောင်ထိပ်၏အရှေ့အစွန်းပိုင်းသို့ ရောက်လာပါသည်။

ထိုနေရာတွင် ကြီးမားသည့် ဝက်သစ်ချပင်ကြီးနှစ်ပင် အပြိုင်ပေါက်နေကြပါသည်။

ထိုဝက်သစ်ချပင်ကြီးနှစ်ပင်ကြားရှိ သဘာဝကျောက်ဖျာကြီးတွင် အနားယူလေ့ရှိ၏။ ထို့ကြောင့် မှောင်မိုက်ထဲတွင် သဘာဝကျောက်ဖျာရှိရာသို့ ဦးတည်လျှောက်လာနေကြသည်။

သဘာဝကျောက်ဖျာရှိရာသို့ လှမ်းကြည့်လိုက်သောအခါ ကျွန်းစီးမုံရော စန်ဒီယာပါ အံ့အားသင့်သွားကြလေသည်။

ကျောက်ဖျာပေါ်တွင် မည်းမည်းသဏ္ဌာန်လိုလို ထိုင်နေသည့်အရာဝတ္ထုတစ်ခုကို မြင်လိုက်ရသောကြောင့်တည်း။

မျက်စိအမြင်မှားခြင်းများလား။ ကျွန်းစီးမုံအာရုံစိုက်ကြည့်သည်။ သေချာပါသည်။

ကျောက်ဖျာထက်တွင် ကိုယ်ကိုမတ်မတ်ထိုင်နေသည့်လူတစ်ယောက်။

ကျွန်းစီးမုံ အံ့ဩသွားသည်။

ကျွန်းစီးမုံသည် စန်ဒီယာ၏လက်မောင်းကိုဆွဲ၍ တိုးတိုးကိုယ်ကြားမေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှာလေခန်များလား လူလေး"

စန်ဒီယာက ခေါင်းယမ်းလိုက်သည်။

"မဖြစ်နိုင်ဘူးဖေဖေ"

စန်ဒီယာဖြေလိုက်ခြင်းမှာ အမှန်ပင်ဖြစ်ပါသည်။

ရှာလေခန်သည် ကြိုတင်အကြောင်းကြားပြီးမှ လာလေ့ရှိပါသည်။ ယခု အကြောင်းမကြား၊ လာသည့်အခါတိုင်းတွင်လည်း ဤသို့ အခါမဲ့ရောက်ခြင်းမရှိ။

ထင်ထင်မြင်မြင်လာလေ့ရှိသည်။

ကျန်းစီးမုံကလည်း မေးသာမေးလိုက်ရသည်။ ရှာလေခန် မဟုတ်နိုင်ကြောင်းသိနေသည်။ ရှာလေခန် လာပုံလာနည်းကို သူ သိနေပါသည်။

ရှာလေခန်မဟုတ်လျှင် မည်သူဖြစ်နိုင်ပါသနည်း။

ကျန်းစီးမုံရော စန်ဒီယာပါ စဉ်းစားသည်။

စဉ်းစား၍မရချေ။

သူတို့ နေ့ခင်းကလည်း တောင်ခြေသို့ ကြည့်နေကြသေးသည်။ မည်သည့်လူရိပ်လူရောင်မျှ မတွေ့ရချေ။

ထို့ကြောင့် တောင်ပေါ်သို့ မည်သည့်လူမျှမတက်ကြောင်း သိသာသည်။

တောင်ခြေစခန်းနှင့် တောင်လယ်စခန်းမှလူများကလည်း မည်သို့မျှအကြောင်းမကြားကြချေ။



ဤတောင်ထိပ်သို့ လူမသိသူမသိ စွန့်စွန့်စားစားတက်လာနိုင်သူမှာ နှယ်နှယ်ရရပုဂ္ဂိုလ်တော့ မဟုတ်နိုင်ပေ။

ကျန်းစီးမုံ စဉ်းစားရခက်နေသည်မှာ ထိုပုဂ္ဂိုလ်သည် တောင်ခြေစခန်းနှင့် တောင် လယ်စခန်းကို မည်ကဲ့သို့ ဖြတ်ကျော်ခဲ့သနည်းဟူ၍ပင်ဖြစ်သည်။

"လူကောင်းသူကောင်းတော့ မဟုတ်နိုင်ဘူး၊ ညကြီးမင်းကြီး မှောင်မှောင်မည်းမည်းထဲမှာ ထိုင်နေတာကိုက မကောင်းတဲ့ အကြံအစည်ကြောင့်ဖြစ်ဖို့များတယ်၊ ဘာပဲဖြစ်ဖြစ် သားတို့ဝင်ဖမ်းကြရအောင်"

စန်ဒီယာက တီးတိုးပြောလေသည်။

ထို့ကြောင့် ဖမ်းဆီးရန် ခြေလှမ်းတပြင်ပြင်ဖြစ်နေတော့သည်။ ကျန်းစီးမုံလည်း ထိုသူအား မသက်သာပါ။ ညမှောင်ကြီးထဲ၌ အဘယ့်ကြောင့် ထိုင်နေရပါသနည်း။

ကျန်းစီးမုံက စန်ဒီယာကိုညွှန်ကြားလိုက်သည်။

"ဟိုသစ်ပင်ကြီးတွေဆီကို အသံမကြားအောင် ကပ်သွား၊ နောက်ပြီးမှ အလစ်ဝင်ဖမ်းမယ်"

"သူ့မှာ လက်နက်တွေဘာတွေ ပါနိုင်တယ်ဖေဖေ၊ သတိတော့ထားရလိမ့်မယ်"

နှစ်ယောက်သား ကိုယ်ဖော့ပညာကို သုံးကြသည်။ ခြေသံလုံလုံနှင့် ဝက်သစ်ချပင်ကြီးဆီသို့ကပ်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝက်သစ်ချပင်အကွယ်မှ ကြည့်လိုက်သည်။

ထိုသူမှာ မှောင်မှောင်မည်းမည်း၌ မတ်မတ်ထိုင်နေဆဲဖြစ်သည်။

ထိုသူသည် ကျန်းစီးမုံချဉ်းကပ်လာသည်ကိုလည်း သိပုံမရချေ။ မကြာမီ နှစ်ယောက်စလုံး ဝက်သစ်ချပင် အကာအကွယ်၌ အနီးကပ်ချောင်းကြသည်။

ထိုလူ၏ဆံပင်များသည် ရှည်လျားး၏။ ဆံပင်များသည် ကျောပေါ်ဝဲကျနေသည်။ အထူးခြားဆုံးမှာ သူ၏အဝတ်အစားများဖြစ်သည်။

သစ်ရွက်များကိုသီစပ်၍ ဝတ်ရုံသဖွယ်ခြုံထားခြင်းဖြစ်သည်။ သူ့မျက်နှာကိုမူ မမြင်ရချေ။

သူသည် ကျန်းစီးမုံနှင့်စန်ချီယာတို့ကို ကျောပေးလျက်ထိုင်နေသည်။ သူသည် ရိုးရိုးသာမန် ထိုင်နေခြင်းမဟုတ်ပေ။

ကောင်းကင်ကိုမော့ကြည့်လျက် ထိုင်နေခြင်းဖြစ်သည်။

ကျန်းစီးမုံနှင့် စန်ချီယာတို့မှာ စကားပြောရန် မဖြစ်နိုင်တော့ပါ။ ကျန်းစီးမုံက စန်ချီယာအား လက်တို့အချက်ပေးရပါသည်။ ထိုသူအား တစ်ပြိုင်နက်ထွက်၍ဖမ်းဆီးကြရန်ဟု။

စန်ချီယာက ခေါင်းညိတ်လိုက်သည်။

ထို့နောက် ...

"ဟိတ်"



"ဝုန်း"

နှစ်ယောက်သား ပြောသံပေးကာ ပြိုင်တူခုန်ထွက်ပြီး ခုန်အုပ်လိုက်ကြလေသည်။

သစ်ရွက်ဝတ်စုံနှင့်လူမှာ ကျောက်ဖျာပေါ်တွင် မရှိတော့ပေ။ သူကား ရှောင်ထွက်သွားချေပြီ။

ကျန်းစီးမုံနှင့် စန်ချီယာတို့မှာ ကျောက်ဖျာပေါ်၌ ဝရုန်းသုန်းကားဖြစ်သွားကြချေပြီ။

ကျန်းစီးမုံ ကြက်သေသေသွားသည်။ ထိုသို့ခုန်အုပ်လိုက်သောလျှင်မြန်မှုမျိုးမှာ ပထမတန်းစားလျှင်မြန်မှုမျိုးဖြစ်သည်။

ထိုသို့သောလျှင်မြန်မှုကို လွတ်အောင်ရှောင်နိုင်သည်မှာ မလွယ်ကူပေ။

အလွန့်အလွန်လျှင်မြန်မှုသာ ဖြစ်ပေလိမ့်မည်။

ထိုစဉ် ...

"ဟား . . ဟား . . ဟား . ."

ရယ်သံခပ်အုပ်အုပ် ထွက်ပေါ်လာသည်။

သူတို့ခေါင်းပေါ်မှ အသံထွက်ပေါ်လာခြင်းဖြစ်၍ မော့ကြည့်လိုက်ရာ ထိုသူသည် ဝက်သစ်ချပင်၏သစ်ကိုင်းများပေါ်၌ ရောက်နေကြောင်း တွေ့ရှိလိုက်ရလေသည်။

အမှောင်ထဲ၌ ပိုးတဝါးတွေ့ရှိရခြင်းဖြစ်သည်။ သူ့ခန္ဓာကိုယ်သည် သစ်ရွက်များနှင့် ရောထွေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သာမန်လူဆိုလျှင် မည်သို့မျှမမြင်နိုင်ပေ။

ကျန်းစီးမုံသည် စန်ချီယာအားအချက်ပြလိုက်သည်။ သစ်ကိုင်းများပေါ်သို့ ခုန်တက်ကြမည်ဟု။

"ဝှစ်. ."

"ဝှစ်. ."

သစ်ကိုင်းများပေါ်သို့ ဖြိုင်တူခုန်တက်လိုက်ကြသည်။

သို့သော် သစ်ရွက်ဝတ်စုံနှင့်လူသည် သစ်ကိုင်းတစ်ကိုင်းမှ တစ်ကိုင်းသို့ ခုန်ကူးထွက်ပြေးသွားလေသည်။

မျောက်များသည်ပင် ထိုလူ၏လျှပ်ရှားမှုကို မမီနိုင်ချေ။ ကျန်းစီးမုံနှင့်စန်ချီယာတို့မှာ သစ်ပင်ပေါ်မှခုန်ဆင်းလိုက်ရပြီ။

ထိုသူမှာ ချောက်ကမ်းပါးအစွန်းသို့ ရောက်ရှိနေလေပြီ။

တစ်ဖက်တွင် နက်ရှိုင်းသောချောက်ကမ်းပါးကြီးဖြစ်၍ ကျန်းစီးမုံမှာ ထိုလူအား အပိုင်ဖမ်းနိုင်တော့မည်ဟု တွက်ချက်လိုက်လေသည်။

ကျန်းစီးမုံနှင့် စန်ချီယာတို့သည် မသိမသာ ဝိုင်းလိုက်ပြီး ထိုလူအား မေးမြန်းလေသည်။

"ခင်ဗျားဘယ်သူလဲ၊ ဘာလာလုပ်တာလဲ"

ကျန်းစီးမုံက မေးမြန်းခြင်းဖြစ်သည်။

"ဟား. . ဟား. . ဟား. . ဟား"

ထိုလူ့ထံမှရယ်မောသံကြီးသာ ထွက်လာပါသည်။



"ခင်ဗျား ရန်သူလား၊ မိတ်ဆွေလား"

စန်ချီယာကပါ ဝင်မေးသည်။

"ဟား. . ဟား. . ဟား"

ထိုသူမှာ ရယ်လျက်သာ။

ကျန်းစီးမုံနှင့် စန်ချီယာတို့သည် တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်မိကြသည်။

"ကျုပ်တို့မေးတာကို ကောင်းကောင်းဖြေပါ၊ ခင်ဗျားရောက်လာပုံဟာ မရိုးသားဘူး၊ ခင်ဗျားကောင်းကောင်းဖြေရင် မိတ်ဆွေလို့ယူဆမယ်၊ ကောင်းကောင်းမဖြေရင်တော့ ရန်သူလို့ ယူဆပြီးတိုက်ခိုက်ရမှာပဲ"

"ဟား. . ဟား. . ဟား"

ထိုလူ၏အဖြေကား ရယ်မောသံပင်။

ထိုအခါ ကျန်းစီးမုံရော စန်ချီယာပါ ဓားများကိုဆွဲထုတ်လိုက်ကြတော့သည်။

"ကဲ. . မေးမရမှတော့ တိုက်ပေတော့"

"ရွှမ်း. . ရွှမ်း. . ရွှမ်း"

ကျန်းစီးမုံက ပြောပြောဆိုဆိုပြေးဝင်တိုက်ခိုက်တော့သည်။ စန်ချီယာမှာလည်း ရပ်မနေပါ။ ကျန်းစီးမုံလှုပ်ရှားသည်နှင့်သူကလည်း လှုပ်ရှားတိုက်ခိုက်ပါတော့သည်။

ကျန်းစီးမုံနှင့် စန်ချီယာတို့ ဓားချင်းခုတ်မိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မှောင်ထဲ၌ မီးပွင့်များထွက်သွားကြသည်။ ထိုလူကား လေထဲသို့ ခုန်တက်သွားလေပြီ။

ထိုလူသည် လေထဲ၌ တစ်ပတ်ကျွမ်းထိုးရင်း ချောက်ကမ်းပါးအစွန်း၌ပြန်ကျလာသည်။ သူသည် တန်ပြန်တိုက်ခိုက်ခြင်းတော့ မပြုပေ။

ကျန်းစီးမုံ လွန်စွာအံ့ဩနေသည်။ သူသည် ထိုလူ၏သစ်ရွက်စွန်းကလေးကို ထိအောင် မတိုက်နိုင်ပါသလော။ စန်ချိုယာမှာ ဒေါသထွက်နေသည်။

သူတို့တစ်သက်တာတွင် ဤသို့ကျီစယ်ပုံမျိုးကို တစ်ကြိမ်တစ်ခါမျှမတွေ့ရဘူးသေးချေ။

ထို့ကြောင့် စန်ချိုယာသည် ကျန်းစီးမုံကိုပင် မစောင့်တော့ဘဲ တရကြမ်းတိုက်ခိုက်တော့သည်။

"ဗိုး. . ရွှမ်း. . ရွှမ်း"

သူသည် နှယ်ခွေဓားဖြင့်တိုက်ခိုက်နေသည်။ နှယ်ခွေဓားသည် သူ့လက်ထဲတွင်နိုင်နိုင်မြဲမြဲရှိနေသည်။ သို့စင်လျက်မှ နှယ်ခွေဓားကို ထိုသူကဆွဲသွားသည်။

စန်ချိုယာမှာ အံ့ဩတုန်လှုပ်သွားရသည်။ ထိုသူ၏လက်များမှာ သံမဏိလက်များဖြစ်လေသလား။

စန်ချိုယာ၏ဓား ပါသွားသည်ကို ကျန်းစီးမုံမြင်သည်။

ကျန်းစီးမုံလည်း တရကြမ်းဝင်တိုက်တော့သည်။



ရေခုနစ်လွှာဓားသိုင်း၏ အမြင့်ဆုံးသောတိုက်ကွက်ဖြင့်တိုက်ခြင်းဖြစ်သည်။

နှစ်ယောက်စလုံး အရေးနိမ့်သွားပြီမှန်းသိဘော်လည်း အလျှော့မပေးကြပေ။

နှစ်ယောက်သား လက်ဖြင့်တိုက်ခိုက်ကြသည်။

ထိုလူသည် ရှောင်ရုံတင်ရှောင်သည်။ ပြန်လည်တိုက်ခိုက်ခြင်းမပြုပေ။ ထို့နောက် ...

"ဝှစ်. ."

"ဝှစ်. ."

လက်ထဲတွင်ရောက်ရှိနေသောဓားနှစ်လက်ကို ဝက်သစ်ချပင်ကြီးဆီသို့ ပစ်လွှတ်လိုက်သည်။ ဓားနှစ်လက်သည် ဝက်သစ်ချပင်ကြီးဆီသို့ပြေးဝင်သွားပြီး ထိုးစိုက်နေတော့သည်။

"ဒုတ်. ."

"ဒုတ်. ."

"ဟား. . ဟား. . ဟား"

သူ့ထံမှကျယ်လောင်သောရယ်မောသံကြီး ထွက်ပေါ်လာလေသည်။

"ဝှစ်. ."

"ဟာ. ."

"ဟယ်. ."

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းစီးမုံရော စန်ဒီယာပါ ဟယ်ခနဲ၊ ဟာခနဲဖြစ်သွားကြရသည်။ အာမေဍိတ်သံများပြုမိကြသည်။

ပြုမိကြမည်ပေါ့။

ထိုသူသည် ချောက်ကမ်းပါးအစွန်းမှ ချောက်ထဲသို့ခုန်ချသွားသည်မဟုတ်ပါလော။

"ဟား. . ဟား. . ဟား"

ထိုသူ၏ရယ်သံကြီးဟာ ပဲ့တင်ထပ်၍ကျန်ရစ်ခဲ့သည်။

ကျွန်းစီးမုံနှင့်စန်ဒီယာတို့မှာ ကြက်သေသေနေမိကြ၏။ အတန်ကြာမှ သတိဝင်လာပြီး ချောက်ကမ်းပါးအစွန်းသို့ ပြေးကြည့်ကြလေသည်။

ဘာကိုမှ မမြင်ရတော့ချေ။ အောက်တွင် အမှောင်ထုကြီးကြီးစိုးနေသည်။ ရယ်သံသဲ့သဲ့သာ ကျန်ရစ်ခဲ့သည်။

ကျွန်းစီးမုံရော စန်ဒီယာပါ သက်ပြင်းကိုယ်စီချလိုက်မိကြတော့သည်။

❋



BURMESE CLASSIC .com

## လူလော နာနာဘာဝလော

နံနက်လင်းသည်နှင့် ကျွန်းစီးမုံက ထိုအကြောင်းကိုလေခန်အား အကြောင်းကြားလိုက်တော့သည်။ ဆက်ဒ
လမ်းကြောင်းမှာ လျှင်မြန်လှသည်။

ချက်ချင်းဆိုသလိုပင် ရှာလေခန် တောင် နှံ့
ရောက်ရှိလာတော့သည်။

အရေးကြီးသည်ဟုဆိုသဖြင့် တောင်ဖ မှုကျွန်း
ကိုလည်းခေါ်လာခဲ့သည်။

"မင်းတို့က အရေးကြီးတယ်ဆို ဒ်လိုမယ်မယ်
စုမှုကျွန်းတို့ကိုပါ ခေါ်ခဲ့ရတာပေါ့။ ဂ ဘက်အရေးကြီး
သလဲ၊ ငါတို့ကိုရှင်းပြစမ်းပါဦး"

ကျွန်းစီးမုံသည် ညက ကို ရှင်းလင်းပြောပြရ
လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုဖြစ်တာကွ၊ လာကြ၊ ညကဖြစ်ပျက်ခဲ့တဲ့ကျောက်ဖျာပေါ် လဲသွားမယ်၊ သူခုန်ချသွားတဲ့ ချောက်ကမ်းပါးစွန်းကိုလဲ သွားမယ်"

ကျွန်းစီးမုံသည် သွားရင်းပင်ပြောပြသွားသည်။ ရှာလေခန်ကလည်း ခေါင်းတညိတ်ညိတ်ဖြင့်နားထောင်နေသည်။

စုမုကျွန်းမှာ တောင်ထိပ်စခန်းသို့ပထမဆုံးအကြိမ်ရောက်ဖူးခြင်းဖြစ်၍ မြင်မြင်သမျှမှာ အသစ်အဆန်းချည်းဖြစ်နေတော့သည်။

ထို့ပြင် စန်ချီယာနှင့် ပထမဦးဆုံးအကြိမ် ပြန်တွေ့ရခြင်းဖြစ်၍ တပူးတွဲတွဲဖြစ်နေကြတော့သည်။

ကျွန်းစီးမုံနှင့်ရှာလေခန်သာ ခေါင်းချင်းရိုက်နေကြသည်။ ဝက်သစ်ချပင်ကြီးရှိရာသို့ရောက်သောအခါ စိုက်ဝင်နေသောဓားများကိုပြလိုက်သည်။

သူတို့သည် ဤသို့ပြသနိုင်ရန် ဓားများကို မနုတ်ဘဲထားခဲ့ကြခြင်းဖြစ်သည်။

"ကဲ. . . ကြည့်စမ်း"

ကျွန်းစီးမုံက ဓားနှစ်ချောင်းကိုပြလိုက်သည်။

"မင်းကိုပြချင်လို့ မနုတ်ဘဲထားတာ၊ ညကလူဟာ ဘယ်လောက်အံ့ဩစရာကောင်းတဲ့လူဆိုတာ မင်းပဲစဉ်းစားကြည့်တော့"

ရှာလေခန်သည် ဓားများကိုသေချာစွာစစ်ဆေးကြည့်၏။



ဓားသည် လက်ကိုင်ရိုးအထိနစ်မြှုပ်ဝင်နေသည်။

"ပင်စည်ထဲ အသွားအကုန်လုံးဝင်အောင် ပစ်နိုင်တဲ့အင်အားဟာ နည်းနည်းနောနော အင်အားမဟုတ်ဘူးနော်၊ ပြန်နုတ်ရင်တောင် ခက်ခက်ခဲခဲနုတ်ရမှာ"

"တစ်မနက်လုံးရှာပြီးပါပြီ၊ နံ့နေပြီ"

"ဘာသဲလွန်စမှ မရဘူးလား"

"ဘာသဲလွန်စမှမရဘူး၊ သူ့ကိုယ်ပေါ်က သစ်ရွက်ကလေးတစ်ရွက်တောင် မကျန်ခဲ့ဘူး"

ကျင်အိမေသည် ကျွန်းစီးမုံဘက်သို့လှည့်၍ ပြောလိုက်သည်။

"ဒါ သူတို့သားအဖနှစ်ယောက်စလုံး ကိုယ်တွေ့မို့ ကျွန်မယုံတာ၊ သူ့အဖေတစ်ယောက်တည်းပြောတာဆိုရင် ကျွန်မ မယုံဘူး၊ ရှင် အိပ်မက်မက်နေတာတွေ လာပြောနေသလားလို့မေးမိမယ်"

ရှာလေခန်က ပြုံးလိုက်သည်။

"ဓားတွေက အရိုးထိနစ်ဝင်နေတာကို သက်သေခံနေတာပဲ၊ ဘာသံသယမှ ရှိစရာမလိုပါဘူး"

"ဒါထက်နေပါဦး"

ကျွန်းစီးမုံက စကားစကိုဖြတ်ရင်း. .

"မင်းတို့စခန်းတွေက ဘာမှမသိလိုက်ဘူးလား၊ သူဟာ တောင်ထိပ်ကိုရောက်ဖို့ တောင်လယ်စခန်းနဲ့တောင်ခြေစခန်းကို

www.burmeseclassic.com

www.burmeseclassic.com



မကျော်ဖြတ်ဘဲ မရောက်နိုင်ဘူး"

ရှာလေခန် စဉ်းစားနေသည်။ ပြီးမှ ...

"မသိလိုက်တာတော့ အမှန်ပဲကွ၊ တခြားလမ်းကပဲ တက်လို့လား၊ ဒါမှမဟုတ် တို့ မသိအောင်ဘဲ လျှင်နေလို့လားမသိဘူး၊ သားကော တောင်ခြေစခန်းက ဘာမှမသိလိုက်ဘူးလား"

စုမုကျွန်းကလည်း ...

"သားတို့လဲ အလှည့်ကျ ကင်းတာဝန်ချထားတာပဲ၊ မနေ့ညကဆိုရင် ကျွန်တော်ပဲ ကင်းတာဝန်ကျတာပဲ၊ တကယ်ပဲ သတိအပြည့်အဝနဲ့ စောင့်နေခဲ့တာပဲ၊ ဘယ်သူမှဖြတ်မတက်ဘူး၊ တော်တော်တော့ ခက်တာပဲ"

"အောက်ကိုကော ဘာများကျလာသေးသလဲ"

"မရှိပါဘူး၊ ညက ထူးထူးခြားခြား တိတ်ဆိတ်မှောင်မည်းနေတယ်၊ လေငြိမ်နေတယ်၊ အောက်ကို ကျောက်ခဲတစ်လုံးကျလာရင်တောင် သိနိုင်တယ်၊ အစ်ကိုစန်ဒီယာပြောတာပဲ၊ တက်လာတဲ့ရန်သူ၊ အဲဟိုလူဟာ ရယ်နေတာပဲတဲ့၊ အောက်မှာ ဘာရယ်သံမှမကြားရဘူး"

လူစုံမေးကာမှ ပို၍အတွေးရကျပ်နေတော့သည်။ ရှာလေခန်လည်း ဘာမှမသိ။ စုမုကျွန်းလည်း ဘာမှမသိဘဲဖြစ်နေသည်။

"အင်း- ကျွန်မတော့ လူတောင်မထင်ဘူး၊ နာနာဘာဝဖြစ်နေမယ်လို့ထင်တော့တာပဲ"



"ဟာ- နာနာဘာဝတော့ မဟုတ်နိုင်ပါဘူး၊ ဓားကိုအရိုးထိမြောင် သစ်ပင်ထဲမှာစိုက်ပြထားတာပဲ"

ရှာလေခန်က ပြောလိုက်သည်။

"နာနာဘဝဆိုရင် ဒီလို ဘယ်လိုလုပ်နိုင်မှာလဲ၊ လူပါ၊ လူမို့လို့ အဲဒီလိုလုပ်နိုင်တာပေါ့"

ရှာလေခန်က ဆက်ပြောသည်။

ကျန်းစီးမုံကတော့ ဘာမျှမပြောတတ်တော့ပေ။

ရှာလေခန်က ...

"လူဖြစ်တယ်ဆိုတာသေချာတယ်၊ အဆင့်မြင့်သိုင်းပညာရှင်တစ်ယောက်ဖြစ်ရမယ်"

ပြီးမှဆက်၍ ...

"ဒါပေမယ့် အင်နဲ့အားနဲ့ထိုးခုတ်တဲ့ဓားကို အသွားက ဖမ်းကိုင်တဲ့ပညာရှင်မျိုးတော့ သိုင်းလောကမှာ ငါမတွေ့ဖူးသေးဘူး"

ရှာလေခန်က ပြောလိုက်သည်။

ကျန်းစီးမုံက အားလုံးကိုသတိပေးလိုက်သည်။

"ဘာပဲဖြစ်ဖြစ်လေ၊ ဒီကနေ့ကစပြီး တောင်ခြေ တောင်လယ် တောင်ထိပ် အားလုံး သတိဝီရိယနဲ့နေရတော့မယ်၊ ဒီလူနောက်တစ်ကြိမ် ပြန်မလာဘူးလို့ မပြောနိုင်ဘူး၊ ပြန်လာချင်လာနိုင်တယ်၊ အဲဒီအခါမှာ တို့ သတိဝီရိယရှိဖို့လိုတယ်"

ငြိမ်သက်နေသောလင်းယုန်ချူးပြောင်က ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီစခန်းပတ်ပတ်လည်မှာ ထောင်ချောက်တွေဆင်ထားရင်ကောင်းမယ်၊ ကျောက်မောင်းတွေ ဆင်ထားသင့်တာပေါ့၊ ကျွန်တော်တို့ကတော့ ကိုယ့်ထောင်ချောက်ကိုယ် ကြည့်ရှောင်မှာပေါ့"

လင်းယုန်ချူးပြောင်၏အကြံပြုချက်မှာ အလွန်ကောင်းသည်။ သူ့အကြံပြုချက်ကို ရှာလေခန်က မဆိုင်းမတွ ထောက်ခံလေလေသည်။

"ဒါ ကောင်းတယ်၊ လူမမိတောင်မှ သားကောင်တွေ ဘာတွေမိနိုင်တယ်"

သူသည် လင်းယုန်ချူးပြောင်ကိုကြည့်လိုက်ကာ-

"ကျောက်မောင်းဆင်လို့ မဖြစ်ဘူးထင်တယ်၊ ကျောက်မောင်းဆင်ရင် အားလုံးအသေဖြစ်သွားမယ်"

BURMESE CLASSIC

လင်းယုန်ချူးပြောင်က-

"ဒါဆို ကျောက်မောင်း မဆင်နဲ့ပေါ့၊ အရှင်ဖမ်းမိတဲ့ထောင်ချောက်ပဲဆင်ပေါ့"

"ကဲ- သားရေ မင်းလဲ ဒီကအကြောင်းတွေ အကုန်သိပြီပဲ၊ တောင်ခြေကျရင် အကျိုးအကြောင်းပြောပြ၊ နောက်ပြီး ပတ်ပတ်လည်နေရာတွေမှာ ထောင်ချောက်ဆင်ပေတော့၊ ငါလဲ တောင်လယ်စခန်းရောက်ရင် ထောင်ချောက်ဆင်မယ်"

စုမှုကျွန်းက ...

"ကောင်းပါပြီဖေဖေ၊ ဘယ်လိုထောင်ချောက်မျိုးဆိုရင်ကောင်းမလဲ"



စုမှုကျွန်းက မေးပြောပြောလိုက်သည်။

"အသေမမိဘဲ အရှင်မိနိုင်တဲ့ ကွန်ချာကိုးဆင့် ထောင်ချောက်ဟာ အကောင်းဆုံးပဲ၊ လူမပြောနဲ့၊ ဆင်ရိုင်းတောင် မလွတ်နိုင်ဘူး"

ထောင်ချောက်ဆင်ရာတွင် ကျွမ်းကျင်သော ရှာလေခန်က အကြံပေးသည်။

"ပြီးတာနဲ့ ထောင်ချောက်ဆင်ထားတဲ့နေရာတွေမှာ အမှတ်အသားတွေလုပ်ထားကြ၊ နောက်ပြီး ကြည့်ရှောင်ကြ၊ ရန်သူကတော့ ဒီအမှတ်အသားတွေကို မသိနိုင်ဘူး၊ ကိုယ်တိုယ်တိုင်လဲ ထောင်ချောက်ထဲမှ မမိစေနဲ့"

ကွန်ချာကိုးဆင့်ထောင်ချောက်ဆိုသည်မှာ သိုင်းကွက်ကို အခြေခံ၍ပြုလုပ်ထားသော ထောင်ချောက်ဖြစ်သည်။

သစ်တုံး၊ ဝါးနှင့်ကြိုးများကိုအသုံးပြု၍ မြေပြင်မှာရော အမြင့်မှာရော ထောင်နိုင်သည့် ထောင်ချောက်မျိုးဖြစ်သည်။

ထောင်ချောက်တွင် ချုပ်နှောင်ပုံ အဆင့်ကိုးဆင့်ရှိ၏။ လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ၊ အဆင့်ကိုးဆင့်စလုံးကို လွတ်အောင် မရုန်းနိုင်ချေ။

အဆုံးစွန်အဆင့် သုံးဆင့်သာ လွတ်အောင်ရုန်းနိုင်သည်။

"ဒါဆိုလဲ ကနေ့ညပဲ ထောင်ချောက်တွေဆင်ကြမယ်"

www.burmeseclassic.com

www.burmeseclassic.com



ရှာလေခန်က ပြောလိုက်သည်။

"ဟာ- ညမဆင်ပါနဲ့၊ နေ့ခင်းဆိုရင် အောက်ပြန်ရောက်မှာပဲ၊ မင်းတို့ အတက်အဆင်းကျွမ်းကျင်နေပြီပဲဟာပဲ၊ ညမှာ ထောင်ချောက်ဆင်ရင် ကိုယ့်အချင်းချင်းလူမှားနေကြဦးမယ်"

ကျွန်းစီးမုံက သတိပေးလိုက်ခြင်းဖြစ်ပါသည်။

"အေးပါ- ကောင်းပါတယ်၊ ငါလဲ စခန်းကိုပြန်မယ်၊ ဒါမှ ဟိုရောက်ရင် အမြန်ဆုံးစီစဉ်နိုင်မှာ၊ တို့ တောင်လယ်စခန်းက နေရာကကျဉ်းတော့ ထောင်ချောက်များများ ဆင်စရာမလိုပါဘူး၊ လေးနေရာလောက်ဆင်လိုက်ရင် ပြီးတာပဲ၊ ကဲ- စုမှုကျွန်း၊ သားရေ ဆင်းကြရအောင်"

ရှာလေခန်က စုမှုကျွန်းကိုလှမ်းပြောလိုက်သည်။

"ဒီအတိုင်းပြန်ဆင်းမှာလား ဖေဖေ"

"ဟား . . ဟား . . ဟား ဒီအတိုင်းဆင်းရင် ကြာတာပေါ့ သားရဲ့၊ အမြန်ဆုံးရောက်အောင် အဖေဆင်းနိုင်းလိုက်မယ်"

သူသည် စုမှုကျွန်းအား ခုနစ်ထပ်ဝတ်ပါကွေ့မှ ချောက်ထဲသို့ဆင်းစဉ်အခါက မှိုပွင့်ကိုနိုစီးသလိုနိုစီးပြီး ဆင်းကြသည့်အဖြစ်အပျက်ကို ပြန်ပြောင်းပြောပြလေသည်။

"သားလဲ ဒီအတိုင်းဆင်းရမယ်"

သူသည် စုမှုကျွန်းအား စောင်ကိုကြိုးချည်၍ ဆင်းသက်စေလိုက်သည်။



သူတို့သည် ကျူးကျော်သူနှင့်ပတ်သက်ပြီး အဖြေရှာမရဘဲ လှုပ်ရှားနေလိုက်ကြသည်။

မည်သို့ပင်ဖြစ်စေ ...

အားလုံး၏စိတ်ထဲတွင် ဤအဖြစ်အပျက်နှင့်ပတ်သက်၍ အဝင်မကျအောင်ဖြစ်နေရသည်ကတော့ အမှန်ပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



## ထိုးဖောက်လာသော ရန်သူ

စုအိ၏ ကင်းတာဝန်ဖြစ်သည်။

သူမသည် လင့်စင်ပေါ်မှာ ကင်းစောင့်နေသည်။ လဆန်းရက်ရောက်ပြီဖြစ်၍ ကောင်းကင်၌ လကွေးကွေးကလေးရှိနေ၏။

ပတ်ဝန်းကျင်ကိုလည်း အတော်အတန်မြင်နိုင်သည်။

သူတို့၏တောင်ခြေစခန်းသည် တောင်ခြေဖြစ်၍ နေရေးထိုင်ရေးအဆင်ပြေသည်ဆိုငြားသော်လည်း ရန်သူများအလွယ်တကူချဉ်းကပ်နိုင်သော နေရာလည်းဖြစ်သည်။

ထို့ကြောင့် စုအိသည် အထူးသတိထားနေရပါသည်။

သူမသည် သားဖြစ်သူနှင့် ချွေးမလောင်းဖြစ်သူက ကင်းစောင့်တာဝန်ကျလျှင် ပေါ့ပေါ့ဆဆ ကင်းမစောင့်ကြနှင့်ဟုပြောရပါသည်။

စုအိ၏လင့်စင်မှာ ကျောက်ဂူအဝပေါ်၌ရှိသော ရန်သူ များ



အလွယ်တကူမမြင်နိုင်သည့် ကျောက်လင့်စင်ဖြစ်သည်။ သူမ သည် ထို ကျောက်လင့်စင်ပေါ်မှ ရန်သူများကိုစောင့်ကြည့်နေခြင်း ဖြစ်သည်။

သူမသည် တောင်ထိပ်စခန်းသို့ ကျူးကျော်တက်ရောက်သွားသူအတွက် စိတ်ထဲ၌တအုံအုံတနွေးနွေးဖြစ်နေသည်။

ဤသူသည် ဤတောင်ထိပ်သို့ တစ်ကြိမ်ပြန်လာနိုင်သည်ဟု သူထင်မြင်ယူဆထားပေသည်။

မိမိတို့စခန်းကိုလည်း ကျော်ဖြတ်သွားမည်ဟုထင်နေ၏။

ထို့ကြောင့် ထိုရန်သူကို မျက်ခြည်မပြတ် စောင့်ကြည့်နေခြင်းဖြစ်သည်။

သူမ စုမှုကျွန်းနှင့်ယင်စွေးရှာတို့သည် တစ်ယောက် တစ်လှည့်ကင်းစောင့်ကြရသည်။ သူမ ကင်းစောင့်နေရသဖြင့် ဂူထဲ၌ စုမှုကျွန်းနှင့်ယင်စွေးရှာတို့ ကျန်ရစ်ခဲ့ကြသည်။

စုမှုကျွန်းနှင့်ယင်စွေးရှာတို့ချစ်သူနှစ်ဦးမှာ ကျောက်ခုံတစ်လုံး၌ ထိုင်စကားပြောနေကြသည်။

လိုဏ်ဂူထဲ၌ သစ်ဆီဖြင့်ထွန်းသည့်မီးအိမ်တစ်လုံးက နီကျင်ကျင်လင်းလျက်ရှိပါသည်။ မီးအိမ်ကို အပြင်မှမမြင်ရအောင် ကာကွယ်ထားပါသည်။

"ညီမ ..."

စုမှုကျွန်းက တီးတိုးခေါ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပြောအစ်ကို"

ယင်ရွှေရာက ချစ်စဖွယ်အပြုံးကလေးဖြင့် မော့ကြည့်ပြီး ပြောလိုက်၏။

စုမှုကျန်းက ပြောလိုက်သည်။

"ညီမ အခုလို ပင်ပန်းဆင်းရဲတဲ့နေရာမျိုးမှာ နေရတော့ အစစအရာရာလိုလေသေးမရှိ ပြည့်စုံခဲ့တဲ့ မြို့စားကြီးသမီးဘဝကို ပြန်မလွမ်းဘူးလားဟင်"

"ပြော်- အစ်ကိုရယ်"

ယင်ရွှေရာ၏မျက်နှာကလေးမှာ ညှိုးကျသွားသည်။

"အစ်ကို ညီမကိုမယုံသေးဘူးလားဟင်၊ အစ်ကိုမေးတာက ညီမကိုမယုံဘူးဆိုတာကို ပြနေတာပဲ"

"ဟာ- ကြုံကြုံဖန်ဖန်ညီမရယ်၊ ညီမအသက်စွန့်ပြီး အစ်ကို့ကိုကယ်တင်ခဲ့တာပဲ၊ ညီမ အစ်ကို့ကိုဘယ်လောက်ချစ်တယ်ဆိုတာကိုသိပါတယ်၊ ကံကြီးလွန်းလို့ ညီမ့မသေဘဲ အစ်ကိုနဲ့ပြန်တွေ့ရတယ်ဆိုတာကို အစ်ကို သိပါတယ်၊ ညီမကို ဘယ် မယုံဘဲရှိပါ့မလဲကွယ်"

စုမှုကျန်း၏မျက်နှာညှိုးသွားသည်။

"အစ်ကို့ကိုချစ်မိတာနဲ့ ညီမ ဒုက္ခမျိုးစုံနဲ့ရင်ဆိုင်နေရလို့ အစ်ကိုက စိတ်မကောင်းဖြစ်ပြီးမေးတာပါ"

ပြောရင်း သူသည် ယင်ရွှေရာ၏လက်ကလေးကို ကိုင်



လိုက်သည်။ ယင်ရွှေရာပြုံးလိုက်သည်။

"အစ်ကိုလဲ သိုင်းလောကသားတစ်ယောက်ပဲ၊ သိုင်းလောကသားတွေဟာ သိုင်းလောကမှာကြုံတွေ့နေရတာတွေကို ဒုက္ခလို့ ထင်မှတ်ကြလို့လားဟင်"

"မသတ်မှတ်ပါဘူး၊ သိုင်းလောကသားတွေဟာ အခက်အခဲ အကျပ်အတည်းတွေကိုဖြေရှင်းရင်း သူတို့ပျော်နေကြတာပဲ"

"ဒါပဲပေါ့၊ ညီမလဲပျော်တယ်၊ ညီမက ကိုယ့်ချစ်သူနဲ့အတူတွဲနေရတော့ ပိုပျော်တာပေါ့၊ ပြီးတော့ ညီမတို့ ထိုက်ဟူတောင်ကိုရောက်နေကြတာလဲ သာမညကိစ္စနဲ့မှမဟုတ်တာ၊ ကြီးကြီးကျယ်ကျယ်ကိစ္စနဲ့ရောက်နေကြတာ မဟုတ်လား"

ယင်ရွှေရာ ခေါင်းမော့လိုက်သည်။

"အစ်ကို သတိထားမိသလားဟင်၊ ညီမဟာ မြို့စားကြီးရဲ့သမီးဖြစ်တယ်ဆိုတာကို"

"သိတာပေါ့ညီမရယ်၊ ဒါကြောင့်မို့ ညီမ စိတ်ဆင်းရဲနေသလားလို့မေးရတာပေါ့"

"ခစ်- ခစ်- ခစ် ညီမဟာမြို့စားကြီးရဲ့သမီးပဲရှိသေးတယ်၊ အစ်မချိုယုလန်းဆိုရင် နယ်ငါးနယ်စား နယ်စားကြီးရဲ့သမီးလေ၊ နယ်စားကြီးဆိုရင် ဘယ်လောက်အဆင့်မြင့်နေပြီလဲ၊ သူဟာနယ်စားကြီးရဲ့သမီးမဟုတ်ဘူး၊ နယ်ငါးနယ်စား နယ်စားကြီးရဲ့ သမီးတော်လေ၊ သူ့အဆင့်ဟာ ပြောမပြနိုင်လောက်အောင်မြင့်ပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



သူတောင် သူချစ်သူ အစ်ကိုစန်းချိုယာအတွက် အစစအရာရာ စွန့်လွှတ်နိုင်သေးတာပဲ၊ ညီမစွန့်လွှတ်ရတာ အသေးအဖွဲ့ပါ"

ယင်ဆွေးရှာနှင့်ချိုယူလန်းတို့ကား ဘဝတူများပင်။

သူတို့၏ ဖခင်များက သူတို့အား ရန်သူနှင့်ပူးပေါင်းသည်ဆိုပြီး ရန်သူစာရင်းသွင်းထားခဲ့ကြသည်။

ရန်သူများအား အပြတ်အသတ်ရှင်းလင်းပစ်သည့်နည်း တူ သူတို့အားလည်း အပြတ်အသတ်ရှင်းလင်းပစ်ရန် ရည်ရွယ်ခံထားရသူများဖြစ်ပေသည်။

ထို့ကြောင့်ပင် ယင်ဆွေးရှာနှင့်ချိုယူလန်းတို့မှာ ညီအစ်မအရင်းသဖွယ် ချစ်ခင်နေကြခြင်းဖြစ်သည်။

ယခုတော့ တောင်လယ်စခန်းနှင့် တောင်ခြေစခန်းတို့၌ အခြေအနေအရခွဲခြမ်းနေထိုင်ရသည့်ဘဝသို့ ရောက်နေကြပေပြီ။

"ကဲပါ အစ်ကိုရယ်၊ မတွေးသင့်တာတွေ လျှောက်မတွေးပါနဲ့၊ အစ်ကိုနဲ့ညီမ ရည်မှန်းချက်အောင်မြင်ပြီးတဲ့နောက် ချမ်းမြေ့သာယာတဲ့ဘဝမျိုးကို ဘယ်လိုဖန်တီးမယ်ဆိုတာကိုပဲတွေးစမ်းပါ"

"ညီမရယ် အစ်ကိုက အဲဒါကိုအမြဲစိတ်ကူးနေတာပါ"

စုမုကျန်းသည် ယင်ဆွေးရှာ၏ခန္ဓာကိုယ်ကလေးကိုဆွဲဖက်လိုက်ပါသည်။

ယင်ဆွေးရှာသည် စုမုကျန်း၏ရင်ခွင်ထဲသို့ ပြုံးပြုံးကလေးလဲကျလာပါသည်။



"အင်း ... အစ်ကိုတို့စခန်းဟာလဲထူးခြားတယ်နော်၊ လင်မယားစုံတွဲကနှစ်တွဲ၊ ချစ်သူစုံတွဲကသုံးတွဲဆိုတော့ ပျော်စရာကြီး"

"အင်း ... အဲဒီချစ်သူစုံတွဲတွေ အချိန်တန်ရင် ပေါင်းဖက်နိုင်ကြပါစေလို့ ညီမဆုတောင်းနေပါတယ်"

"အစ်ကိုလဲဆုတောင်းပါတယ်၊ ဒီစုံတွဲတွေဟာ သေမှခွဲကြမယ့်စုံတွဲတွေပါ၊ စည်းစည်းလုံးလုံးနဲ့ ရာသက်ပန်နေသွားမယ့်စုံတွဲတွေပါ"

ထိုအခိုက် ...

"ဝုန်း"

"ဖြောင်း"

အပြင်မှ ဆူညံသောအသံဗလံများကို ကြားလိုက်ရတော့သည်။ စုမုကျန်းနှင့် ယင်ဆွေးရှာတို့သည် ဂူထဲမှပြေးထွက်လာခဲ့ကြသည်။ အပြင်မှ ဘာသံမှန်းမသိ၊ အသံကြီးကို ကျယ်လောင်စွာကြားခဲ့ရပြီမဟုတ်ပါလား။

စုအီသည် ကျောက်လင့်စင်ပေါ်မှ ခုန်ဆင်းလာခဲ့ချေပြီ။

အပြင်သို့လက်ညှိုးထိုးရင်း ...

"တောင်ချောက်ထဲမှာတော့ သားကောင်မိနေပြီ၊ လူလား ကိရိစ္ဆာန်လားဆိုတာကြည့်ရမယ်၊ လာ- သား"

သူတို့သည် လက်နက်ကိုယ်စီဖြင့် ပြေးလွှားသွားကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"အီး. . အား"

ထောင်ချောက်ဆီမှ ညည်းညူသံကြားရလေသည်။

"လူပေါ့၊ လူ- လူ"

စူအီကအော်လိုက်သည်။ ထောင်ချောက်ထဲတွင် မိနေသည့်အရာမှာ သတ္တဝါမဟုတ်ဘဲလူဖြစ်နေသည်။

သူသည် ခြေထောက်နှစ်ဖက်နှင့် လက်နှစ်ဖက်စလုံး နှောင်ကြိုးများဖြင့်မိနေပါသည်။

စူအီနှင့်စုမှုကျန်းတို့က ထိုသူအားအနီးကပ်အကဲခတ်လိုက်သည်။ မျက်နှာတွင် မျက်နှာဖုံးစွပ်ထားသည်။

အနက်ရောင်ဝတ်စုံကိုဝတ်ဆင်ထားပြီး ခါးတွင်ပုဆိန်တစ်လက်ထိုးထားပေသည်။ ထောင်ချောက်ထဲတွင် သူ့ကိုမိနေပါသည်။ မည်သို့မျှရုန်းမရပါ။

"အင်း... ဒါကြောင့်လဲ ကွန်ချာတိုးဆင့်ဟာ နာမည်ကြီးနေတာကိုး"

စုမှုကျန်းက ပြောလိုက်သည်။ ထို့နောက် လေထဲတွင် ကားရားကြီးမိနေသောအကျဉ်းသားအား ဓားနှင့်ထောက်ကာမေးလိုက်လေသည်။

"ခင်ဗျားဘယ်သူလဲ ဘာလာလုပ်တာလဲ၊ ဒီနေရာဟာသာမန်လူတွေလာတဲ့နေရာ မဟုတ်ဘူး"

တင်းမာသောလေသံဖြင့် စုမှုကျန်းကမေးလိုက်သည်။



အနက်ရောင်ဝတ်စုံဝတ်ထားသူက မည်သို့မျှပြန်မဖြေပါ။

စုမှုကျန်းက မိထားသည့်နှောင်ကြိုးကို လှုပ်ယမ်းလိုက်လေ၏။ ထိုအခါ အကျဉ်းသားကနာကျင်စွာ ညည်းညူလေတော့၏။

"အား"

စုမှုကျန်းက ကြိုးစကိုကိုင်ထားရင်း ...

"ခင်ဗျား ကျုပ်မေးတာကိုကောင်းကောင်းဖြေပါ၊ ကောင်းကောင်းဖြေရင် ဘာမှမလုပ်ဘူး၊ ကျုပ်မေးတာကို ကောင်းကောင်းမဖြေလို့ကတော့ နာမယ်"

ထိုသူက တစ်ခွန်းမျှမဖြေပါ။ စုမှုကျန်းသည် စိတ်မရှည်တော့ပေ။ စူအီက တားလိုက်သည်။

"ရှင် ဘယ်သူလဲဆိုတာပြောစမ်းမပါ၊ ဘယ်သူလဲဆိုတာသိချင်တယ်၊ ဟိုညက တောင်ထိပ်စခန်းကိုတက်တာ ရှင်ပဲမဟုတ်လား"

"ဗျာ... ကျုပ်"

ထိုအခါကျမှ ဝတ်စုံနက်သည်အသံထွက်လာသည်။

"ဗျာ- ကျုပ်...ကျုပ် ..."

"ဖြေမှာဖြေစမ်းပါ၊ တကျုပ်ကျုပ်လုပ်မနေစမ်းပါနဲ့"

"ဘာတောင်ထိပ်လဲ"

"ရှင် ဘာအကြောင်းကြောင့်လုပ်နေတာလဲ၊ တောင်ထိပ်

www.burmeseclassic.com

www.burmeseclassic.com



စခန်းကို ရှင်ဘာသွားလုပ်တာလဲ၊ ဟိုမှာ ဘာမှလဲမလုပ်ခဲ့ဘူး။ သစ်ပင် ပင်စည်ကို ဓားနဲ့ပစ်ပြတာကလွဲလို့ ရှင်ဘာမှမလုပ်ခဲ့ဘူး မဟုတ်လား"

"ကျုပ်- ကျုပ်မဟုတ်ပါဘူး၊ သိလဲမသိပါဘူး၊ ခု ခင်ဗျား ပြောလို့သိရတာပါ၊ တောင်ထိပ်စခန်းကို တစ်ယောက်ယောက် တက်ခဲ့တာပေါ့ဟုတ်လား"

သူ့ပြောပုံဆိုပုံအရ တောင်ထိပ်စခန်းသို့ ထိုသူ မရောက်ခဲ့သေးကြောင်းသိသာသည်။

"အဲဒီလူဟာ ခင်ဗျားမဟုတ်ဘူးပေါ့"

"မဟုတ်ပါဘူးဗျာ၊ တကယ်ပါ"

"ဒါဆို ဘယ်သူလဲ၊ ခင်ဗျားတို့ အသင်းဝင် တစ်ယောက်ယောက်ဖြစ်နိုင်တယ်"

"ကျုပ်...ကျုပ်တို့အသင်းဝင်မဟုတ်ပါဘူး၊ ဘယ်သူမှန်းလဲ ကျုပ်မသိပါဘူး"

"ကောင်းပြီ"

စုမှကျန်းက ထိုသူ၏ဦးခေါင်းကို မော့ထားစေသည်။ ထိုအခါ ထိုသူကညည်းညူလိုက်သည်။

"ခင်ဗျား ဘာလာလုပ်တာလဲ"

ဝတ်စုံနက်က ဘာအဖြေမှမပေးပေ။

"ရှင့်ကိုမေးနေတာ၊ ကျွန်မတို့မေးတဲ့ မေးခွန်းကို ဖြေစမ်း၊



ရှင် ဒီကိုဘာလာလုပ်တာလဲ"

နှောင်ကြိုးကို စူအီက ဒေါသနှင့်ဆွဲယမ်းလိုက်သည်။ ထိုအခါ အကျဉ်းသား နာကျင်စွာညည်းညူလိုက်လေတော့သည်။

ညည်းညူရမည်ပေါ့၊ လက်နှင့်ခြေထောက်ကို ကြိုးတုပ်နှောင်လျက်ရှိနေရာ ထိုတုပ်နှောင်သည့်နေရာမှ သွေးများထွက်လာမှုဖြစ်သည်။

"ရှင် သိပ်ခေါင်းမာပါလား၊ ကဲ- သားဖယ်စမ်း၊ ငါရအောင်မေးမယ်"

စူအီက စုမှကျန်းကိုဖယ်လိုက်သည်။

"ရှင် စကားတစ်ခွန်းမဖြေတာနဲ့ ဒီလိုလုပ်ရမယ်"

"အား... အား... အား"

"ရှင့်အသားမနာချင်ရင် ကျွန်မမေးတာကိုဖြေ၊ ရှင် ဘယ်သူလဲ၊ မှန်မှန်ပြောစမ်း"

အကျဉ်းသား ပါးစပ်ပိတ်ထားလေသည်။

"နောက်တစ်ကြိမ်ထပ်မေးမယ်နော်၊ ရှင် ဘယ်သူလဲ"

ထောက်ချောက်ကြိုးအနည်းငယ် လှုပ်ယမ်းလိုက်သည်။

"အား. . အီး. . အီး"

"ကဲ... နောက်ဆုံးပဲ၊ ကျွန်မကိုအဆိုးမဆိုနဲ့တော့"

စူအီသည် ထောင်ချောက်ကြိုးကိုကိုင်လိုက်သည်။

"အာ. . နေ. . နေပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်ဖြေတော့မယ်ပေါ့၊ ကဲ... ပြောပေတော့၊ အမှန်အ တိုင်းပြောပေတော့၊ ညာလို့ကတော့မလွယ်ဘူး"

"ကျုပ် တစ်ခုလောက်ပြောပါရစေ"

"ဘာလဲပြော..."

"ကျုပ်ကို ထောင်ချောက်ထဲကထုတ်ပေးပါ၊ နေရတာ မ သက်သာလွန်းလို့ပါ၊ အောက်ကိုရောက်တာနဲ့ ခင်ဗျားတို့မေးသမျှ ကိုဖြေပါ့မယ်"

"ဟန်း...ဟင်း...ဟင်း ဒီလိုဉာဏ်များလို့ ဘယ်ရမလဲ၊ ရှင် ဖြေ၊ ကျွန်မတို့ရှင့်ကိုမသတ်ဘူး၊ ဖြေပြီးရင် ထောင်ချောက်ထဲက ထုတ်ပေးမယ်"

အကျဉ်းသားငြိမ်သက်သွားသည်။ စဉ်းစားနေပုံရသည်။

"ကဲ. . ပြောလေ၊ ဘယ်လိုသဘောရသလဲ"

"ခင်ဗျားတို့သဘောပဲ၊ ကျုပ်အသေခံတော့မယ်၊ ထောင် ချောက်ထဲကထုတ်မပေးသမျှ ကျုပ် တစ်ခွန်းမှမဟဘူး၊ ခင်ဗျားတို့ ကြိုက်သလိုလုပ်ကြပေတော့"

ထိုသူက မာကျောစွာဖြင့်ပြောလေသည်။

စူအီက စုမုကျန်းနှင့်ယင်ဇွေးရှာတို့အား ကြည့်လိုက်သည်။ သူ့အကြည့်က တိုင်ပင်သည့်အကြည့် ...

ထိုလူမျိုးသည် ပြောသည့်အတိုင်းလုပ်တတ်သူများဖြစ်၏။ စကားပြောကြည့်လျှင်သိသာသည်။



ထိုသူ့အားသတ်ပစ်ရန် စူအီ ဝန်မလေးပေ။

သို့ရာတွင် သတ်ပစ်လျှင် ထိုသူအချည်းအနှီးသေရမည်။

ထိုသူ့ထံမှ သဲလွန်စ စကားတစ်ခွန်းတစ်လေမျှပင် မရ လိုက်ဘဲဖြစ်သွားမည်။

စုမုကျန်းကလည်း သဘောပေါက်သည်။ ထို့ကြောင့် စူအီ အား ခေါင်းညိတ်ပြလိုက်သည်။

စူအီက ...

"ရှင့်ကို ထောင်ချောက်ထဲကထုတ်ပေးမယ်၊ ဒါပေမယ့် ရှင့်ကိုယုံရတာမဟုတ်တော့ သေသေချာချာတုပ်နှောင်ပြီးမှထောင် ချောက်ထဲကထုတ်ရမှာ"

"ရပါတယ်ဗျာ၊ ခုလို လေထဲမှာ ကားကြက်ခံရတာထက် စာရင် ဘယ်လိုမဆိုသက်သာမှာပဲ"

စုမုကျန်းသည် အကျဉ်းသား၏ခြေထောက်ကို တုပ်နှောင် လိုက်သည်။ အကြောများကိုထိုးပိတ်လိုက်သည်။ အကျဉ်းသား မပြေးနိုင်တော့။

အကျဉ်းသား မြေပြင်သို့ရောက်လာသည်။

ထိုသူ အောက်ရောက်လာသည်နှင့် ယင်ဇွေးရှာက မျက် နှာဖုံးကိုဆွဲဖြုတ်လိုက်သည်။

"ဟင်..."

"ဟယ်..."

www.burmeseclassic.com

www.burmeseclassic.com



"ဟာ..."

ယင်ေစွးရှာနှင့်စူအီတို့ နောက်သို့ အလန့်တကြားဆုတ်ခွါသွားမိကြသည်။

သူတို့လန့်သွားကြသည်။

စုမ့ကျွန်းသည် မျက်မှောင်ကုပ်လိုက်သည်။ ထိုသူအား အသေအချာကြည့်လိုက်သည်။

လောကတွင် အရုပ်ဆိုးဆုံးနှင့် ကြောက်မက်ဖွယ်ရာပြပါဆိုပါက ထိုသူ၏မျက်နှာကိုပြရပေလိမ့်မည်။

သူ့ဦးခေါင်းတွင် အမွေးတစ်ပင်မှမရှိချေ။ မျက်နှာတွင်လည်း မျက်ခုံးမွေး၊ မျက်တောင်မွေးမရှိချေ။

ထို့ပြင် မျက်လုံးအစုံတွင် မျက်ခွံမရှိပါ၊ မျက်လုံးသည် ငါးမျက်လုံးကဲ့သို့ ပြူးကျယ်နေသည်။ နှာခေါင်းကလည်း ပြားချပ်နေပါသည်။

မျက်နှာပြင်သည် တစ်ညီတည်းလိုဖြစ်နေသည်။ ဤကဲ့သို့တစ်ပြင်တည်းဖြစ်နေသောမျက်နှာပြင်တွင် အမာရွတ်ကြီးတစ်ခု ကကန့်လန့်ဖြတ်တည်ရှိနေပါသည်။

ထိုမျက်နှာမျိုးရှိသည်ဟု သိုင်းလောကတွင် မကြားဘူးခဲ့ချေ။ စူအီရှေ့သို့ပြန်တိုးလာသည်။

"ကဲ...ပြောပေတော့၊ ရှင်ဘယ်သူလဲ"

ထိုလူသည် ချောင်းတတွတ်ဟွတ်ဆိုးတော့သည်။



လည်ချောင်းမှ အကြောများထောင်ထလာသည်။

"အော့ ... ဝေါ့"

လေများအန်ထွက်လာသည်။ ထိုအခါ လက်ဖြင့်ပါးစပ်ကိုကာလိမ့်ချောင်းဆိုးတော့သည်။

စူအီ၊ စုမ့ကျွန်းနှင့် ယင်စွေးရှာတို့သည် သူ့ကို မျက်ခြည်မပြတ်ကြည့်နေကြသည်။

ထိုအခါ ထိုသူသည် ပါးစပ်ထဲသို့တစ်စုံတစ်ခုပစ်သွင်းလိုက်တော့သည်။

"ဟေ့လူ- မလုပ်နဲ့"

စုမ့ကျွန်းကအော်ရင်း ထိုသူ၏လည်ပင်းကို ဖမ်းညှစ်လိုက်သည်။ သို့သော် မရတော့။ နောက်ကျသွားပေပြီ။

ထိုသူ၏မျက်နှာ တဖြည်းဖြည်းပြာနှမ်းလာသည်။ အကျဉ်းသား အဆိပ်သောက်၍ ကိုယ့်ကိုယ်ကိုသတ်သေသွားလေပြီ။

အကျဉ်းသားသည် ကြောက်မက်ဖွယ်ရာအသံနှင့် ညည်းညူလိုက်ပြီး ကိုယ်တိုတစ်ချက်တွန့်လိမ်ကာ အသက်ရှူရပ်သွားလေတော့သည်။

ယင်စွေးရှာမှာ ထိုကဲ့သို့သောအပြုအမူမျိုးကို မတွေ့ဘူးချေ။ ထို့ကြောင့် တုန်တုန်ယင်ယင်ဖြစ်နေသည်။

စူအီကတော့ တွေးလျက်ရှိသည်။

ထိုသူ၏မျက်နှာအသွင်အပြင်နှင့် အပြုအမ

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ကြေးစားတွေရဲ့ လုပ်နည်းလုပ်ဟန်ပဲ၊ သူတို့လုပ်ရပ် မအောင်မြင်တဲ့အခါ ဒီလိုပဲကိုယ့်ကိုယ်ကိုယ်လုပ်ကြဲကြတယ်"

အတန်ကြာမှ စုအီကရှင်းပြလိုက်သည်။

ယင်ခွေးရှာ နားမလည်နိုင်ပေ။

"သူ ဘာဖြစ်လို့ ကိုယ့်ကိုယ်ကိုသေကြောင်းကြံရတာလဲ"

"သူ့အလုပ်မအောင်မြင်လို့ပေါ့ကွယ်"

"သူ့အလုပ်မအောင်မြင်လဲ တခြားနေရာကိုထွက်ပြေးသွားရင်ရတာပဲ၊ တရုတ်ပြည်ကြီးကအကျယ်ကြီး"

"မရဘူးသမီးရဲ့၊ ဘယ်လောက်ကျယ်ကျယ် သူတို့ အဖွဲ့အစည်းတွေကလက်တံရှည်တယ်၊ တစ်နေ့မဟုတ်တစ်နေ့ ဖမ်းမိတာပဲ၊ သူတို့က တစ်ကိုယ်တော်တွေများတယ်၊ ဒါကြောင့် အဖွဲ့ပေါင်းအသင်းမရှိဘူး။ လုပ်လို့အောင်မြင်ရင်ခံစားရတယ်၊ မအောင်မြင်ရင်တော့သတ်သေ၊ ဒါပဲ"

"ကဲပါ မေမေရယ်၊ ဒီအလောင်းကြီးကိုမြုပ်မပစ်ခင် စခန်းနှစ်ခုကိုအကြောင်းကြားရဦးမယ်၊ ဖေဖေကတော့ ဆင်းလာဦးမှာ သေချာတယ်၊ အင်း... ဘယ်သူဘယ်ဝါမှန်းမသိရတဲ့ ရန်သူရဲ့ထိုးဖောက်ချက်ကတော့ တဖြည်းဖြည်းအတင့်ရဲလာပြီ"

စုမုကျွန်းကသက်ပြင်းချရင်း ထိုသို့ပြောလိုက်မိတော့၏။



## အထောက်တော်များ

တောင်လယ်စခန်းသည် ရှာလေခန့်၏စခန်းဖြစ်သည်။ ထိုစခန်း၏ဦးစီးခေါင်းဆောင်မှာ ရှာလေခန့်ဖြစ်သည်။

အဖွဲ့အလယ်စခန်းတွင် လုံခြုံရေးမှာတင်းကျပ်လှသဖြင့် ရန်သူမထိုးဖောက်နိုင်ဟု ရှာလေခန့်ယုံကြည်သည်။

သူသည် နေ့စဉ်နှင့်အမျှ စခန်းပတ်ဝန်းကျင်ကိုစေ့စေ့စပ်စပ်ကြည့်သည်။ စစ်ဆေးသည်။ ကင်းကတော့ သုံးယောက်အလှည့်ကျစောင့်ရသည်။

ရှာလေခန့်သည် သူ့အလှည့် မဟုတ်သော်လည်း တာဝန်ကျနေသူများကို အမြဲကူညီတတ်ပေသည်။

တောင်ခြေစခန်းမှသတင်းကို ကြားသိပြီးနောက် ထောက်လှမ်းရေး
ချောက်များကိုထပ်တိုးလုပ်သည်။

တစ်ဖက်အားလပ်ချိန်တွင် သိုင်းလေ့ကျင့်ခြင်းနှင့်အတွင်း

www.burmeseclassic.com

www.burmeseclassic.com



အား လေ့ကျင့်ခြင်းကိုပြုလုပ်သည်။

စခန်း၌အားလပ်၍ ဖျင်းနေမည်ဟုထင်ရသော်လည်း တကယ်တမ်းအလုပ်လုပ်သည့်ရှာလေခန်အဖို့ အားလပ်ချိန်ပင်မရှိပါ။

သူသည် စခန်း၏လုံခြုံရေးတာဝန်ကို ကျောက်သင်္ဘောငှက်ကလေးများကိုပါ ခွဲဝေပေးသည်။

လေ့ကျင့်ပေးထားသော ကျောက်သင်္ဘောငှက်ကလေး၏ ထူးခြားချက်မှာ လူစိမ်း၏အနံ့ကိုခွဲခြားသိနိုင်စွမ်းရှိခြင်းပင်။

ထို့ကြောင့် နေ့စဉ်နှင့်အမျှ ကျောက်သင်္ဘောငှက်ကလေးများကိုအနီးပတ်ဝန်းကျင်ဒေသသို့ အလှည့်ကျစေလွှတ်ခဲ့ပေသည်။

စခန်းပတ်ဝန်းကျင်သို့ လူစိမ်းများ ချဉ်းကပ်ရောက်ရှိလာပါက သတင်းပို့နိုင်အောင် စေလွှတ်ပေးထားသည်။ ငှက်ကလေးများကလည်း သတင်းပို့နိုင်နေလေပြီ။

သူတို့၏စခန်းသည်လည်း လိုဏ်ဂူတစ်ခုဖြစ်သည်။ သူတို့စခန်းချသည့်လိုဏ်ဂူပတ်ဝန်းကျင်တွင် တောင်ပတ်လမ်းကလေးသာရှိသည်။

ထိုတောင်ပတ်လမ်းကလေးကနေ၍ ခက်ခက်ခဲခဲ တောင်ထိပ်သို့တက်ရသည်။

ထိုတောင်ပတ်လမ်း၌ တောင်ချောက်ငါးခု တပ်ဆင်ထားလေသည်။

လိုဏ်ဂူဝတွင် ထောင်ချောက်နှစ်ခုရှိသည်။



မိမိတို့မသိဘဲ တောင်နံရံမှတွယ်မတက်နိုင်စေရန်လည်း တောင်နံရံ၏ထောင်ချောက်များတပ်ဆင်ထားသေးသည်။

ဤသို့သောစခန်းမျိုးကိုဝင်လာသူသည် ကိုယ်ပျောက်နိုင်ပါမှဖြစ်ပေလိမ့်မည်။

❂

လပြည့်ရန် နှစ်ရက်အလို ...

လမင်း၏အလင်းရောင်ကို အတော်အသင့်ရနေပေပြီ။

တောင်ခြေစခန်းသို့ ရန်သူထိုးဖောက်ဝင်ရောက်ပြီးသည့် ကိုးရက်မြောက်ညတွင် ချိုယူလန်းသည် ကင်းတာဝန်ကျသည်။

ချိုယူလန်းလည်း နိုးနိုးကြားကြားဖြင့်ကင်းစောင့်နေ၏။

လိစွန်းကတော့ လိုဏ်ဂူအတွင်း ညအမှောင်ထဲ၌ဓားရေးလေ့ကျင့်နေသည်။

လိစွန်းသည် ဤသို့ပင် အမှောင်ထဲ၌လေ့ကျင့်တတ်သည်။ ဓားရေးလေ့ကျင့်သည့်အသံသည် တဝီးဝီးမြည်နေသည်။

လိုဏ်သံပါနေသောကြောင့် အသံဩမှုကြီးရခြင်းဖြစ်ပေသည်။

ရှာလေခန်မှာမူ ညဘက် အပျံထွက်မည့်ကျောက်သင်္ဘောငှက်ကလေးများကို အစာကျွေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ညဦးပိုင်းတာဝန်ကျသည့် ငှက်ကလေးများမှာ ပြန်လည်ရောက်ရှိမလာသေးပေ။

ကျန်ငှက်လေးကောင်ကမူ အသိုက်ထဲအိပ်စက်နေကြပြီ။ ငှက်ဆယ်ကောင် လေ့ကျင့်ပေးထားရာ၌ ညဦးပိုင်းနှင့်ညဥ့်နက်ပိုင်းကို သုံးကောင်စီခွဲလွှတ်သည်။

စုစုပေါင်း ခြောက်ကောင်ဖြစ်သည်။

မနက်မှညနေအထိ လေးကောင်ကတာဝန်ကျသည်။ ထိုလေးကောင်မှာ မိုးလင်းပိုင်းတာဝန်ယူရသဖြင့် ညပိုင်းတွင် အိပ်စက်ကြသည်။

လရောင်သည် ငွေပေါက်ဝသို့ထိုးကျနေသည်။

လေကလည်း အတော်ပြင်းပြင်းတိုက်ခတ်နေပါသည်။

ရှာလေခန်သည် ငှက်စာကျွေးရင်း တောင်ခါးပန်းဆီမှ လှမ်းကြည့်လိုက်သည်။

ည ... လသာသာရှုမျှော်ခင်းသည် ကြည်နူးဖွယ်ရာအတိ ဖြစ်ပါသည်။

ရှာလေခန်သည် ကျောက်သန္တာငှက်ကလေးများကို သူတို့နေရာသို့ပြန်ပို့လိုက်သည်။

သူသည် ဟိမဝန္တာကိုသတိရနေသည်။

ယခုအချိန် ဟိမဝန္တာတွင် နှင်းများ ဖွေးဖွေးလှုပ်ကျဆင်းနေပေတော့မည်။



တောင်ပေါ်၌ နှင်းမှုန်တိုင်းများထန်နေပေတော့မည်။

ရှာလေခန်မှာ ဟိမဝန္တာကိုတွေးမိလိုက်သည်နှင့် သတိရအမှတ်ရချက်များက တန်းစီပေါ်လာတော့သည်။

မိမိ၏ကျေးဇူးရှင် ကမ္ဘာဦးလူဟူကွမ်း ...

ဆရာကြီးသင်ပေးလိုက်သည့် ဟိမဝန္တာသိုင်းပညာရပ်များ၊ ယခင်က မိမိနှင့်သိုင်းလေ့ကျင့်ဘက်ဖြစ်သည့် သားရဲတိရစ္ဆာန်များ၊ ဂစ်တာ၊ ဝပုလွေစသောခွေးများနှင့် ကျားသစ်ကြီးများ။

"ကျွိ. . ကျွိ. . ကျွိ"

အတွေးထဲဝယ် ရှာလေခန်နှစ်မျောသွားသည်။

နှစ်မျောသွားစဉ် နားထဲသို့ ကျောက်သန္တာငှက်ကလေးများ၏အော်မြည်သံက တိုးဝင်လာသည်။

သူ့ပခုံးပေါ်သို့ ငှက်ကလေးတစ်ကောင်က လာရောက်နားနေလေသည်။

"ဟင်..."

ရှာလေခန် မျက်လုံးပြူးသွားရပါသည်။

သူ့ကိုယ်ပေါ်သို့ သွေးများစီးကျနေသည်မဟုတ်ပါလော။

ငှက်ကလေးကို ပွေ့ယူလိုက်သည်။

"အို..."

ရှာလေခန် တုန်လှုပ်သွားသည်။

အကြီးအကျယ် စိတ်မကောင်းဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ငှက်ကလေးသည် ညဦးပိုင်းက တာဝန်ကျသော ငှက်သုံးကောင်အနက်မှ တစ်ကောင်ဖြစ်သည်။

ငှက်ကလေး၏ရင်ဝတွင် လက်လေးသစ်ခန့်ရှိသော မြားတစ်စင်းစိုက်ဝင်နေသည်။ အရေးကြီးသည်။

မြားကိုဆွဲနှုတ်ရမည်။

မြားတွင် ဒစ်ပါနေသဖြင့် ငှက်ကလေး မနာကျင်စေရန် ဖြည်းဖြည်းချင်းနုတ်ရမည်။

"ကျွိ..."

"ကျွိ..."

ငှက်ကလေးသည် ခပ်သွဲ့သွဲ့အော်ပြီး သူ့လက်ထဲတွင်ပင် အသက်ပျောက်သွားပါတော့သည်။

အသိဉာဏ်မရှိသော ငှက်ကလေးပင်ဖြစ်သော်လည်း အသက်နှင့်လဲ၍ တာဝန်ထမ်းဆောင်သွားခဲ့ပေသည်။

"တောက်..."

သူ ဒေါသတကြီးတက်ခေါက်မိသည်။ ငှက်ကလေးကို အသေအချာကြည့်ပြီး စိုက်ဝင်နေသည့်မြားတံကို အသာဆွဲနုတ်ယူလိုက်သည်။

ပြောင်လက်တောက်ပသည့် သတ္တုမြားတံကလေးပင်။

နောက်ပြီးတွင် ပန်းပွါးတပ်ထားသည်။ မြားတံပေါ်ရှိမျှော့ကြောင်းထဲတွင် ညိုပုပ်ပုပ်အရောင်ထွက်နေသည်။



အသေအချာပြုလုပ်ထားသည့် မြားတံပေတည်း။

မြားတံကို အထူးသတ္တုချောင်းဖြင့်ပြုလုပ်ပြီး မျှော့ကြောင်းများ အဆိပ်သုတ်ထားကြောင်း သိရှိလိုက်ရသည်။

သူသည် ငှက်ကလေးများကိုအစာကျွေးတိုင်း အဆိပ်ခုခံဆေးကို အမြဲထည့်ကျွေးသည်။

အစာနှင့်လုံးကျွေးခြင်းဖြစ်၍ ငှက်ကလေးများသည် အမြဲတမ်း အဆိပ်ခုခံဆေးကိုစားမိသည်သာဖြစ်သည်။

ထို့ကြောင့် တော်ရုံတန်ရုံ အဆိပ်ဒဏ်ကိုခံနိုင်ပြီး ပြန်လာနိုင်ခြင်းဖြစ်သည်။

မြားတံမှာ ပိုက်လုံးထဲသို့ထည့်ကာ ပါးစပ်ဖြင့်မှုတ်ရသည့် မြားတံမျိုးဖြစ်သဖြင့် အထူးကျွမ်းကျင်သူက ပြုလုပ်ထားခြင်း ဖြစ်ကြောင်းသိနိုင်ပေသည်။

ထိုအချိန်တွင် ဓားရေးလေ့ကျင့်၍ပြီးစီးသွားသော လိစွန်းသည် အပြင်သို့ထွက်လာသည်နှင့် ကြုံကြိုက်တော့သည်။

ထိုအခါ ရှာလေခန်သည် ကင်းလင့်စင်ပေါ်မှချိုယူလန်းကို ခေါ်လိုက်သည်။

"ချိုယူလန်း၊ ခဏဆင်းခဲ့ဦး"

ချိုယူလန်းဆင်းသက်လာသောအခါ ရှာလေခန်က မြားတံကိုပြသလိုက်သည်။

"ဒီမှာကြည့်စမ်း- အထူးပြုလုပ်ထားတဲ့မြားတံ၊ အဲဒါ ငှက်

www.burmeseclassic.com

www.burmeseclassic.com



ကလေးကိုထိလာပြီး အခုသေသွားပြီ"

ရှာလေခန်က ရှင်းပြလိုက်သည်။

လိစ္စန်း အံ့ဩသွားသည်။

"ဟင်... ဒီကိုတစ်ကောင်တည်းပြန်လာနိုင်တယ်ဆိုတော့ နှစ်ကောင် လမ်းမှာတင်သေတယ်နဲ့တူတယ်"

လိစ္စန်းသည် ရှာလေခန်က ငှက်သုံးကောင်ကိုစေလွှတ်ထားကြောင်း သိရှိထားသည်။

"ဖြစ်နိုင်တယ်၊ အဆိပ်ကတော်တော်ပြင်းထန်မယ့်အဆိပ်ပဲ၊ ညိုမည်းနေတာကိုကြည့်"

ငှက်ကလေးသည် တခဏ်အတွင်းညိုမည်းသွားကာ ချက်ချင်းပင် ပုပ်စပြုတော့သည်။

တကယ်ပြင်းသော အဆိပ်ပေတည်း။

"ဒါ- ခန္ဓာကိုယ်ထဲက အစိတ်အပိုင်းတွေကို ခြေချတတ်တဲ့ သစ်ဖေးတစ်မျိုးကထုတ်လုပ်တဲ့ အဆိပ်မျိုးပဲ၊ 'သစ်ဆွေးအဆိပ်ရည်' လို့ခေါ်တယ်"

ရှာလေခန်ကရှင်းပြလိုက်သည်။

"ဒီပတ်ဝန်းကျင်မှာ ရန်သူရောက်နေပြီပေါ့"

လိစ္စန်းက ပတ်ဝန်းကျင်ကို ဟိုဟိုသည်သည်ကြည့်ပြီး ပြောလိုက်လေသည်။

"ရန်သူဟာ ဒီကို ဘယ်လိုလုပ် ရောက်အောင်လာမလဲ၊



လာတာကို ကျွန်မတို့မြင်နိုင်တာပဲ"

ချိုယူလန်းကပြောလိုက်သည်။

"ဒါကို အသေအချာပြောလို့တော့ မရဘူးလေ၊ တို့မျက်နှာမူထားတာက အရှေ့ဘက်ပဲ၊ မြောက်ဘက်ကကွေ့တက်မယ်ဆိုရင် ဘယ်သိနိုင်ပါ့မလဲ၊ ရန်သူဟာအပင်ပန်းခံပြီး မြောက်ဘက်ကကွေ့ပတ်တက်လာပုံရတယ်"

လိစ္စန်းကပြောသည်။

ထိုအခါ ချိုယူလန်းက. .

"ဒါပေမယ့်- တောင်ထိပ်စခန်းကတော့ မြင်နိုင်ရမှာပေါ့ ဝေါ်လေးရဲ့ အပေါ်ကစီးကြည့်နေတာပဲ"

"အင်း.. လူအုပ်ကြီးနဲ့ချီတက်လာတာ မဟုတ်တော့လဲ တောင်ထိပ်ကမမြင်နိုင်ဘူး"

ရှာလေခန်ကဝင်ပြောရင်း မတ်တတ်ထရပ်လိုက်သည်။

"ရန်သူကို တို့ဆင်းရှာရင်ကောင်းမလား၊ ရန်သူအလာ ကို ဒီကစောင့်မလား၊ ရန်သူဟာ ဒီကိုတော့ရောက်လာမှာပဲ၊ ဒီ နေရာက အချက်အချာကျတဲ့နေရာမဟုတ်လား"

ရှာလေခန်က တောင်ခြေသို့လှမ်းကြည့်ရင်း ပြောလိုက်ပြန်သည်။

ထိုအခါလိစ္စန်းက...

"ကျွန်မသဘောကတော့ ကျန်တဲ့စခန်းတွေကို အသိပေး

www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးပြီး ဒီကပဲစောင့်နေချင်တယ်၊ ဒီရောက်လာမှ အပိုင်စောင့်ဖမ်းမယ်၊ ရန်သူဟာ မုချဒီကိုရောက်လာမှာပဲ"

"ဟုတ်တယ်၊ ကျွန်မလဲဒီလိုပဲယူဆတယ်၊ ကျွန်မတို့ စောင့်နေတဲ့ နေရာက မဟာဗျူဟာကျတဲ့နေရာဆိုတော့ ရန်သူဟာ ဒီကိုရောက်လာမှာပဲ၊ ငှက်သေနေတာကိုမြင်ရတော့ ရန်သူရောက်နေတာကို ကျွန်မတို့ကြိုတင်သိနေပြီပဲ၊ နို့မို့ရင် ကျွန်မတို့ကတစ်ဦးကျွံသလိုဖြစ်နေလိမ့်မယ်"

ချိုယူလန်းက ဝင်ထောက်သည်။

ရှာလေခန်မှာ စိတ်မကောင်းဖြစ်နေသည်။ သူမွေးထားသည့်ငှက်ကလေးများ သေရ၍ဖြစ်သည်။ သတ်ဖြတ်သူကိုလည်း ဒေါသထွက်နေသည်။

သူသည် ငှက်ကလေးများကို သံယောဇဉ်ဖြစ်နေသည်။

ဤငှက်ကလေးများ ဤမျှအထိ သိကတ်အောင် နေ့စဉ်ရက်ဆက်သင်ကြားပေးရသည်။

ထို့ကြောင့် ငှက်ကလေးများနှင့်ထိတွေ့မှုမှာ နေ့စဉ်ရက်ဆက်ဖြစ်သည်။

သူ့သံယောဇဉ်ကို ဖော်ပြ၍မရကောင်းပေ။

"တောက်... ဒီကောင့်ကိုတွေ့ရင်တော့လား အစိတ်စိတ်အမွှာမွှာဖြစ်အောင်လုပ်ပစ်လိုက်မယ်"

ရှာလေခန်က ကြိမ်းလိုက်သည်။



"ကျွန်မ တစ်ခုလောက်ပြောပါရစေ"

ချိုယူလန်းကဝင်ပြောလိုက်သည်။

ချိုယူလန်း၏စကားကြောင့် ရှာလေခန်နှင့် လီစွန်းတို့က ချိုယူလန်းကို ဝိုင်းကြည့်မိကြသည်။

"ဘာပြောမလို့လဲ"

လီစွန်းကမေးလိုက်သည်။

ချိုယူလန်းက ...

"ဒီမြားမျိုးနဲ့ဒီအဆိပ်မျိုးကို ကျွန်မဖေဖေ အသုံးပြုတတ်ပါတယ်၊ ရန်သူကိုစဉ်းစားတဲ့အခါ ထည့်စဉ်းစားနိုင်အောင် ကျွန်မက အသိပေးတာပါ၊ အခုလာတာဟာ ဖေဖေ့ရဲ့လူ၊ ဒါမှမဟုတ် ဖေဖေကိုယ်တိုင်ပဲဖြစ်ပါလိမ့်မယ်"

"ဒေါ်လေးသဘောပေါက်ပါတယ်"

"ဦးလဲနားလည်ပါတယ်"

ချိုယူလန်းမှာ စခန်း၌နေရသည်မှာ အလွန်ပင် အနေရခက်နေပေသည်။

တိုက်မည့်သူက သူ့ဖခင်။

ခုခံရမည့်သူက သူမဖြစ်နေသည်။ ရှာလေခန်နှင့် လီစွန်းတို့သဘောပေါက်၍တော်တော့သည်။

"သူ့လက်အောက်ခံ ဂိုဏ်းသားထဲက တစ်ယောက်ယောက်ဖြစ်မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်ပါတယ်၊ သူ့လက်ပါးစေတစ်ယောက်ယောက် သူ့လက်အောက်ခံ ဂိုဏ်းသားတစ်ယောက်ယောက်ဖြစ်နိုင်တယ်၊ သူ့လက်အောက်ခံဆိုရင် ဘယ်သူမှ သူ့အမိန့်ကိုမလွန်ဆန်ရဲဘူး၊ သွားဆိုရင် သွားရတာပဲ"

"ကဲ ... ထားတော့ ကျန်တဲ့စခန်းတွေကိုလဲ တပ်လှန့်ရဦးမယ်၊ ဒါမှ ရန်သူဝင်လာတာကိုသူတို့သိကြမယ်"

ရှာလေခန်သည် ငှက်ကလေးနှစ်ကောင်ကိုယူပြီး စာများရေးသားလျက် ခြေထောက်တွင်ကပ်ချည်လိုက်သည်။

"ဒီနှစ်ကောင်ကို စခန်းတစ်ခုစီ လွှတ်ရမယ်၊ ကဲ- ပျံသွားပေဦးတော့"

ငှက်ကလေးများသည် တောင်ပေါ်သို့တစ်ကောင်၊ တောင်အောက်သို့တစ်ကောင် ပျံသန်းသွားကြလေသည်။

"သူတို့ကို ဝေးဝေးစေလွှတ်ဖို့တောင် ခက်နေပြီ၊ သူတို့ကို ထပ်ပြီး အဆုံးရှုံးမခံနိုင်တော့ဘူး၊ ထပ်ပြီး မြားမှန်ရင် ငါရင်ကျိုးရလိမ့်မယ်"

ရှာလေခန်က လေးကန်စွာပြောလိုက်လေသည်။

❁



## ကိုယ့်လမ်း ကိုယ်သွားရမည်

ကန္တာရတစ်ပိုင်းဖြစ်နေသည့်မြေပြင်ဝယ် ရှည်လျားသောလှတန်းကြီးသည် မြင်းကိုယ်စီဖြင့် တရွေ့ရွေ့ချီတက်လျက်ရှိနေပါသည်။

သူတို့အားလုံး အနက်ရောင်ဆင်တူဝတ်စုံများကို ဝတ်ဆင်ထားကြပါသည်။

လက်နက်မျိုးစုံတို့ကို ကိုင်ဆွဲထားကြသည်။ မျက်နှာအားလုံးပင် မျက်နှာထားတင်းမာနေကြသည်၊

တစ်ဦးတစ်ယောက်မျှ ပျော်ပျော်ပျောင်းပျောင်းမရှိကြပေ။ သူတို့နောက်တွင် ဝန်တင်လားများနှင့်ရိက္ခာသယ်ဆောင်သည့်မြင်းများက တမျှော်တခေါ်ကြီးလိုက်ပါလာကြပေသည်။

တို့ကြောင့် သူတို့သည် ခရီးဝေးဝေးသွားနေကြောင်း သိသာနိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခရီးဝေးသွားနေကြသူများမဟုတ်လျှင် ဝန်တင်လားများ ရိက္ခာသယ်ဆောင်သည့်မြင်းများ မည်သို့မျှပါမလာနိုင်ပေ။

လူတန်းကြီးရှေ့ဆုံးတွင် မြင်းနှစ်ကောင်တပ်ဇီရိုရထားလုံးကြီးပါလာသည်။ ထိုဇီရိုရထားလုံးကြီးတွင်လိုက်ပါလာသူကား မည်သူဖြစ်ပါသနည်း။

ရထားလုံးကြီးသည် အနက်ရောင်ဖြစ်သည်။

ရထားထိပ်တွင်ကား အလံတစ်ခု တလွင့်လွင့်မြူးလျက်ရှိသည်။ ရွှေရောင်အောက်ခံတွင် အနက်ရောင်ဖြင့်ရေးဆွဲထားသော နဂါးတစ်ကောင်ပုံဖြစ်ပါသည်။

နဂါးကြီးသည် လေဝယ်ပျံ့မြူးလျက်ရှိသည်။

ရထားလုံး၏ ဝဲယာတစ်ဖက်တစ်ချက်တွင် အနက်ရောင်ဝတ်ရုံရှည်များဝတ်ဆင်ထားသည့် မြင်းစီးသမားရှစ်ယောက် စောင့်ရှောက်လိုက်ပါလာကြသည်။

ရှစ်ယောက်စလုံး ဓားကိုယ်စီရှိကြသည်။

ရထားအိမ်အတွင်း ပါလာသူတစ်ယောက် ရှိပါသည်။ သူသည် ကြီးထွားကြံ့ခိုင်လှသောလူကြီးဖြစ်သည်။ သူသည် အသက်ကြီးလှပြီဖြစ်သော်လည်း ကြံ့ခိုင်ဆဲဖြစ်သည်။

သူသည် ရွှေချည်ငွေချည်ထိုး အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

သူ့အဝတ်အစားများက တောက်ပနေ့ညားလှသည်။



သူသည် နယ်ငါးနယ်စား နဂါးကိုးကောင်ဂိုဏ်းချုပ်ကြီး ကျွဲတောင်ပင်တည်း။

ကျိုတောင်နှင့်အတူ လိုက်ပါလာသူနှစ်ဦးရှိသည်။ ၎င်းနှစ်ယောက်သည် ကျိုတောင်၏ညာလက်ရုံးနှင့် ဘယ်လက်ရုံးများဖြစ်ကြသည်။

သူတို့သည် ကျိုတောင်၏ မျက်နှာလွှဲ၍ရသောတပည့်များဖြစ်ကြသည်။

ထိုသူများကား ...

အရပ်ရှည်ရှည်နှင့်လူမှာ ကျိုတောင်၏ဘယ်လက်ရုံး နဂါးပေါက် လျှန်ဆွေဝင်းဆိုသူဖြစ်သည်။ လျှန်ဆွေဝင်းမှာ လူငယ်တစ်ယောက်သာဖြစ်သည်

အသက်အစိတ်ခန့်သာရှိသေးသည်။

၎င်းအဆင့်အထိ မြင့်မြင့်မားမားရာထူးရရှိသည်ကိုကြည့် ၍ ၎င်း၏အစွမ်းကိုခန့်မှန်းနိုင်သည်။

နောက်တစ်ယောက်မှာ အရပ်ပုပု တုတ်တုတ်ခိုင်ခိုင်ဖြစ်၏။ ၎င်းမှာ နဂါးသွေးအော်ဟန်စီးဖြစ်၏။

နဂါးသွေးအော်ဟန်စီးမှာ အသက်ငါးဆယ်ခန့်ရှိပြီ။ တိုက်ပွဲအတွေ့အကြုံ၊ သဘာဝအတွေ့အကြုံရင့်ကျက်သူဖြစ်သည်။

ကျိုတောင် စေခိုင်းလိုက်လျှင် အောင်မြင်အောင်လုပ်ဆောင်နိုင်သူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျိုတောင်ကလည်း နေရာတိုင်းမနိုင်၊ နိုင်းသည့်အလုပ်တိုင်းကို အော်ဟန်စီးက အောင်မြင်အောင်လုပ်နိုင်သည်။

ရထားလုံးအပြင်၌စောင့်ရှောက်လိုက်ပါနေကြသော မြင်းသည်တော်ရှစ်ယောက်ရှိသည်။ ထိုလူများမှာလည်း သာမညလူများ မဟုတ်ကြပေ။

ကျိုတောင်၏ လက်ရွေးစင်ကိုယ်ရံတော်ရှစ်ယောက်ဖြစ်ပါသည်။

ဗွားညီနောင်လေးယောက်နှင့် ကျောက်ညီနောင်လေးယောက်တို့ဖြစ်သည်။

ဗွားညီနောင်လေးယောက်မှာ တကယ် ကြမ်းကြမ်းတမ်းတမ်းတိုက်နိုင်သော ညီအစ်ကိုအရင်း လေးယောက်ဖြစ်သည်။ ရက်စက်ကြမ်းကြုတ်ကြသည်။

သူတို့သည် မြင်းစီးရင်းတိုက်ခိုက်ရာ၌ တကယ်တော်၏။ သို့သော် ယခုရောက်ရှိနေသည့်နေရာမှာ မြင်းစီးတိုက်ခိုက်၍မရ၊ လမ်းကတကယ်ကြမ်းသည်။

ဗွားညီနောင် လေးယောက်ဟူသည်မှာ လုံတစ်ချောင်းထင်ဗွား၊ လုံနှစ်ချောင်းမုံဗွား၊ လုံဘီလူးစီးဗွားနှင့်လုံဘုရင်ပါဗွားတို့ဖြစ်ကြသည်။

ကျောက်ညီနောင်လေးယောက်မှာ ညီအစ်ကိုအရင်းများ မဟုတ်ကြပါ။



သွေးသောက်ညီအစ်ကိုများ ဖြစ်ကြပါသည်။

သွေးသောက်ညီအစ်ကိုများသည် ညီအစ်ကိုအရင်းများထက်ချစ်တတ်ကြပါသည်။ အသက်စွန့်တတ်ကြပါသည်။

ထိုလေးယောက်မှာ အဆိပ် စူးကျောက်၊ လက်နက်ပုန်းကန်းကျောက်၊ ရေသရဲ အိုက်ကျောက်နှင့် သံခြေထောက် ကျွမ်းကျောက်တို့ဖြစ်ကြပါသည်။

ရထားလုံးသည် ကြမ်းတမ်းသောမြေအပြင်တွင် သွားလာနေရသဖြင့် ခုန်ဆောင့်နေသည်။

အထဲမှလိုက်ပါသူများမှာ ဆီးဖြူသီးကို ဆန်ကောထဲ ထည့်လှို့သည့်ပမာ ဖြစ်ရမည့်ဖြစ်သော်လည်း ဝါရင့်သိုင်းသမားများဖြစ်၍ ဣန္ဒြေရရနှင့်ထိုင်လိုက်နိုင်ကြသည်။

ညာလက်ရှုံ နဂါးသွေး အော်ဟန်စီးသည် လက်ထဲမှမြေပုံကို စိုက်ကြည့်နေသည်။ ပြီးမှ နဂါးပေါက် လျှန်ဆွေဝင်းကို လက်ညှိုးထိုးပြလိုက်သည်။

ထိုက်ဟူတောင်ပတ်ဝန်းကျင်မြေပုံဖြစ်သည်။ သူတို့သွားနေသည့်ခရီးလမ်းကြောင်းကို နဂါးသွေး အော်ဟန်စီးက ပြသနေခြင်းဖြစ်ပါသည်။

လျှန်ဆွေဝင်းသည် မြေပုံကိုကြည့်ရင်းဦးခေါင်းညိတ်လိုက်သည်။ အော်ထန်စီးသည် မြေပုံကိုသိမ်းဆည်းလိုက်ပြီး ဂိုဏ်းချုပ်ကြီးတောင်တန်းနဂါး ကျိုတောင်အား ရိုသေစွာပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နောက်နှစ်ရက်အတွင်းမှာ ထိုက်ဟူတောင်ကိုရောက်လိမ့်မယ်ဝိုက်းချုပ်ကြီးခင်ဗျား၊ လမ်းကကြမ်းလွန်းတော့ မြင်းရထားကိုမြင်းတွေမဆွဲနိုင်ကြတော့ပါဘူး၊ ဒီအတွက် ခရီးကြန့်ကြာနေရတာပါခင်ဗျား"

ကျိုတောင်သိသည်။ ဤရက်များအတွင်း မြင်းရထားထဲ၌လိုက်ပါလာသည်ရမှာ မည်မျှခလောက်ဆန်နေသည်ကိုသိသည်။

သို့သော် အရင့်အမာသိုင်းဆရာကြီးတစ်ယောက်ဖြစ်၍ ပုံပျက်ပန်းပျက်မဖြစ်ပေ။

ထို့ပြင် ထိုက်ဟူတောင်သို့သွားရသည့် ခရီးရှည်ကြီးဖြစ် ၍ မြင်းရထားလုံးနှင့်ခရီးဆက်မှသာ သက်တောင့်သက်သာဖြစ်နိုင်ပေသည်။

ကျိုတောင်သည် ခေါင်းညိတ်လိုက်သည်။

"တောင်ပေါ်ကိုတက်ဖို့အတွက်ရော စီစဉ်ပြီးပြီလား"

ကျိုတောင်ကအေးစက်စက်လေသံဖြင့် မေးလိုက်သည်။ ကျိုတောင်သည် အေးစက်စက်လေသံဖြင့်မေးတတ်သည်မှာ ကြာခဲ့ချေပြီ။

"ကျွန်တော် ကြိုတင်စီစဉ်ထားတာတွေလဲရှိပါတယ်၊ လိုအပ်တဲ့ပစ္စည်းပစ္စယတွေ ကြိုတင်သယ်ယူလာပါတယ်၊ ဟိုရောက်ရင် တောင်ပေါ်ဘယ်လိုတက်မယ်ဆိုတာလဲ အခြေအနေကိုကြည့်ဖို့လိုပါတယ်"



နဂါးသွေး အော်ဟန်စီးကအဖြေပေးလိုက်သည်။ တောင်တက်ခရီးမှာပြော၍မရပေ။ အခြေအနေကိုမကြည့်ဘဲ တစ်ခါတည်းတန်း၍မစီစဉ်နိုင်ပေ။

ကျိုတောင်သည် အတန်ကြာငြိမ်၍စဉ်းစားနေသည်။ သူစဉ်းစားနေသဖြင့် လက်ရုံးနှစ်ဆူသည် စကားမပြောဝံ့ကြပေ။

အတန်ကြာမှ ...

"တစ္ဆေရှောင်ဥရဲ့သတင်းကိုကော ဘာကြားသေးသလဲ၊ ဘာမှမကြားရတော့ဘူး မဟုတ်လား"

လက်ရုံးနှစ်ဆူသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။ ပြီးမှ လျှန်ဆွေဝင်းက ကျိုတောင်အားရိုသေစွာပြောသည်။

"ဘာသတင်းမှ မကြားရပါဘူး၊ ဒီအခြေအနေကို ထောက်ရင် တစ္ဆေရှောင်ဥဟာ သူတို့လက်ထဲကိုရောက်သွားတဲ့သဘောပဲဖြစ်ပါတယ်၊ သေချင်လဲ သေသွားနိုင်ပါတယ်"

"တောက် ... "

ကျိုတောင်၏ကျယ်လောင်သော တောက်ခေါက်သံကြီးထွက်ပေါ်လာတော့သည်။

လက်ရုံးနှစ်ဆူမှာငြိမ်ကုပ်နေရသည်။

သူတို့သည် ထိုက်ဟူတောင်စခန်းသို့ သူလျှိုတစ်ဦးကိုစေလွှတ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူလျှိုကိုမိသွားပါက မိမိဘက်မှလူမှန်းမသိစေရန် လူတစ်ဦးကိုရှာဖွေခဲ့ရသည်။

ထိုသူကား တစ္ဆေရှောင်ဥပင်တည်း။

တစ္ဆေရှောင်ဥသည် တစ်ကိုယ်တော်ကြေးစားဖြစ်ကြောင်း သိုင်းလောကတွင်လူတိုင်းသိ၏။

သူနှင့်ဆက်သွယ်သောအခါ လုပ်ငန်းမအောင်မြင်လျှင် အသေသတ်မည်ဖြစ်ကြောင်း ကြိုတင်သတိပေးခဲ့၏။

စိတ်ကျေနပ်လောက်သည့်ငွေကြေး၏တစ်ဝက်ကို စရန်အဖြစ်ပေးခဲ့ပြီး ကျန်တစ်ဝက်ကို လုပ်ငန်းအောင်မြင်မှပေးမည်ဟု သတ်မှတ်ခဲ့ကြသည်။

"ဒီကောင် သေရမှာကြောက်ရင်တော့ ခက်တယ်၊ အဆိပ်ဆေးလုံးမစားဘဲ တို့လုပ်ငန်းတွေ အကုန်ဖော်ပြောက်ဖော်နေရင်တော့ အခက်ပဲ၊ အရေးကြီးတာက အဆိပ်ဆေးလုံးစားဖို့ပဲ"

ကျိုတောင်ကပြောလိုက်ခြင်းဖြစ်သည်။

နဂါးသွေး အော်ဟန်စီးက-

"ဒီအတွက်တော့ မစိုးရိမ်ပါနဲ့ဂိုဏ်းချုပ်ကြီး၊ ဂိုဏ်းချုပ်ကြီးရဲ့အမိန့်မှလွန်ဆန်ရဲရင် ဘယ်လိုဖြစ်တတ်တယ်ဆိုတာ သူ ကောင်းကောင်းသိပါတယ်၊ သေတာထက်ဆိုးတဲ့ဝေဒနာကို ဒီကောင် မခံစားရဲပါဘူး၊ ဒီကောင် ကျွန်တော်တို့လက်ထဲကို ပြန်အရောက်မခံရဲပါဘူး"



"အင်း ... "

နဂါးသွေး အော်ဟန်စီး၏စကားကြောင့် ဂိုဏ်းချုပ်ကြီးကျိုတောင် အနည်းငယ်ဘဝင်ကျသွားသည်။

"ငါက ဟိုကောင်ကိုကြောက်လို့ ပြောတာမဟုတ်ပါဘူး၊ ငါ့ကအစီအစဉ်တွေကို သူသိသွားရင် လုပ်ရကိုင်ရခက်နေမှာစိုးလို့ ပြောတာပါ"

"ကျွန်တော်တို့ နားလည်ပါတယ်ခင်ဗျာ"

နဂါးသွေးအော်ဟန်စီးနှင့် နဂါးပေါက်လျှန်ဆွေဝင်းတို့က ပြောလိုက်ကြ၏။

"အင်းလေ... တို့ကြိုလွှတ်ထားတဲ့ မြားကဝေ ယီစုလဲရှိသေးတာပဲ၊ သူကတော့ ချိန်းထားတဲ့နေရာက တို့ကိုစောင့်နေမှာပဲ၊ သူနဲ့တွေ့တဲ့အခါမှ ညှိနှိုင်းကြတာပေါ့"

မြားကဝေ ယီစုဆိုသည်မှာ မြားကို ပါးစပ်ဖြင့်မှုတ်ထုတ်ပစ်တတ်သူဖြစ်သည်။ သူသည် ထိုသို့မှုတ်၍ပစ်ခတ်ရာတွင် အလွန်ထူးချွန်သည့်ပုဂ္ဂိုလ်ဖြစ်သည်။

ကျိုတောင်သည် ထိုက်ဟူတောင်၏အခြေအနေကို စုံစမ်းရန်နှင့် ပတ်ဝန်းကျင်၏အနေအထားကိုလေ့လာရန် တစ္ဆေရှောင်ဥနှင့် မြားကဝေယီစုတို့ကို လွှတ်ထားသည်။

ထိုသူများသည် ထိုက်ဟူတောင်၏သတင်းအရပ်ရပ်အလက်များကိုစုဆောင်းပြီး အော်ဟန်စီးနှင့် လျှန်ဆွေဝင်းတို့အား သတင်း

www.burmeseclassic.com

www.burmeseclassic.com



ပြန်ပေးရန် တာဝန်ပေးခဲ့ပေသည်။

"စန်ချီယာဟာ ထိုက်ဟူတောင်မှာရှိနေတယ်ဆိုတာတော့ သေချာပါတယ်ဂိုဏ်းချုပ်ကြီး။ သူရှိရင် သူ့အနားမှာအရိပ်လိုလို ရှိနေမယ့်လူကတော့ ရေခုနစ်လွှာဓားသမားကျန်းစီးမုံပါ။ စန်ချီယာ အသက်နှစ်ဆယ်ရောက်တဲ့အရွယ်အထိ သူဟာ အရိပ်လိုအမြဲရှိနေ တဲ့လူပါ"

လျှန်ဆွေဝင်းသည်ပြောရင်း ကျိုတောင်ကိုမော့ကြည့်လိုက် သည်။

"ကျွန်တော်တို့က သူတို့စခန်းကို အရတိုက်ယူရမှာပဲ၊ သူတို့ ဆီမှာ အလွန်ဆုံးရှိရင် အယောက်နှစ်ဆယ်ပေါ့၊ ကျွန်တော်တို့က စစ်တပ်တစ်တပ်စာလောက်ရှိတာ၊ လူအင်အား အဆမတန်များ ပါတယ်၊ ဒါပေမယ့် ... "

လျှန်ဆွေဝင်းမှာ ပြောလက်စ စကားကိုရပ်လိုက်သည်။ အော်ဟန်စီးသည် လျှန်ဆွေဝင်းကိုလှမ်းကြည့်လိုက်သည်။

လျှန်ဆွေဝင်း မည်သည့်စကားပြောချင်သည်ကို ရိပ်မိနေ သည်။ အဘယ့်ကြောင့်ဆိုသော်-

သူသည်ပင် ဂိုဏ်းချုပ်ကြီးကျိုတောင်အား အကြိမ်ကြိမ် ပြောရန် ကြိုးစားခဲ့သည်မဟုတ်ပါလား။

သို့သော် ပြောမထွက်ခဲ့ချေ။

လျှန်ဆွေဝင်း အပြောရခက်သဖြင့် စကားရပ်ဆိုင်းသွား



ခြင်းဖြစ်ပါသည်။

သူတို့ကိုကြည့်၍ ကျိုတောင်ပြုံးလိုက်သည်။

"ပြောပါကွ၊ မင်းပြောချင်တာကို"

လျှန်ဆွေဝင်းမှာ နှုတ်ပိတ်ရေငုံနေပါသည်။ အော်ဟန်စီး ကလည်း ဘာမျှမပြောပါ။

ငြိမ်နေပါသည်။

ကျိုတောင်က တဟားဟားရယ်လေတော့သည်။

"မင်းတို့က ငါ့သမီးအကြောင်းကိုပြောချင်နေတာ မဟုတ် လား၊ အပြောရခက်နေတယ်ဆိုပါတော့"

မတတ်သာတော့သဖြင့် လျှန်ဆွေဝင်းက ခေါင်းညိတ်ဝန်ခံ လိုက်ရလေသည်

"ဟုတ်ပါတယ်သခင်ကြီးခင်ဗျာ"

"ဒီမှာငါပြောမယ်"

"ဟုတ်ကဲ့ အမိန့်ရှိပါခင်ဗျာ"

လျှန်ဆွေဝင်းကော အော်ဟန်စီးပါပြောလိုက်ကြသည်။

ကျိုတောင်ရယ်နေသော်လည်း မျက်နှာပေါ်၌နာကြည်း မှုတို့က အထင်းသားပေါ်လွင်နေသည်။

"မင်းတို့ ငါ့အကြောင်းကိုသိတယ်"

"ဗျာ..."

"ခင်ဗျာ.."

www.burmeseclassic.com

www.burmeseclassic.com



"ငါဟာ ငါ့ရဲ့ရည်ရွယ်ချက်အတွက် ဘယ်သူ့မျက်နှာကိုမှ မထောက်တတ်ဘူးဆိုတာ မင်းတို့သိတယ်"

"ဟုတ်ပါတယ်"

"ငါ့လမ်းမှာရှုပ်နေသူမှန်သမျှကို ရှင်းပစ်မယ်၊ ဘယ်သူပဲဖြစ်ဖြစ် ရှင်းလင်းပစ်မှာပဲ"

"ယုံကြည်ပါတယ်ဂိုဏ်းချုပ်ကြီးခင်ဗျား"

"ငါသမီးချိုယူလန်းကို တောင်ပင်လယ်မှာကတည်းက သံယောဇဉ်ပြတ်ပြီးသား၊ ဒါပေမယ့် သူကံကောင်းသွားခဲ့တာပါ၊ ဒါကို မင်းတို့သိဖို့ကောင်းပါတယ်"

ပြောရင်း မဲ့ပြုံးပြုံးလိုက်လေသည်။

"ဒီမှာ ငါရှင်းရှင်းပဲပြောမယ်၊ ချိုယူလန်းဟာ ငါ့သမီးတော့ သမီးပါပဲ၊ ဒါပေမယ့် သမီးဆိုတာအစားပြန်ရနိုင်တယ်၊ ငါ့ရည်ရွယ်ချက်ကတော့ အစားပြန်မရနိုင်ဘူး၊ ငါ့ရည်ရွယ်ချက်ကို အပျက်မခံနိုင်ဘူး"

လျှန်ဆွေဝင်းနှင့်အော်ဟန်စီးတို့မှာ သူတို့ဂိုဏ်းချုပ်ကြီး၏ အသည်းမာကျောပုံကို အံ့သြနေကြသည်။

သမီးအရင်းကိုပင် ပစ်ပယ်နိုင်သည့်အတွက် အံ့သြနေကြပါသည်။

"အေး... စန်ချီယာလိုလူမျိုးကတော့ ငါ့ဘဝတစ်သက်တာမပြောနဲ့၊ နှစ်တွေ ထောင်နဲ့သောင်းနဲ့ချီရှာတောင် ရှာလို့မရနိုင်တဲ့လူမျိုးဖြစ်တယ်"



ကျိုတောင်သည် သူ့ခံယူချက်နှင့်သူတော့ မှန်ကန်နေပေသည်။

"ဒီတော့ စန်ချီယာကို ငါလက်လွှတ်မခံနိုင်ဘူး၊ သူ့ကို ဆုံးရှုံးရခြင်းဟာ ငါ့ဘဝပျက်စီးရခြင်းပဲ၊ ချိုယူလန်းကို ဆုံးရှုံးသွားလို့ ငါ့ဘဝပျက်စီးမသွားဘူး၊ ဒါကြောင့် ငါဟာ စန်ချီယာနောက်ကို ဒီလောက် သဲသဲမဲမဲလိုက်နေတာဟေ့"

လျှန်ဆွေဝင်းသည် ကျိုတောင်၏သို့ပြောလိုက်လျှင် ပြတ်ပြတ်သားသားလုပ်နိုင်ပြီဖြစ်၍ စိတ်ချမ်းသာသွားရမည်ဖြစ်သည်။ သို့သော် သူစိတ်မချမ်းသာပါ။

အဘယ့်ကြောင့်ဆိုသော် ချိုယူလန်းကို တိတ်တခိုး စုံမက်မြတ်နိုးနေမိ၍ဖြစ်ပေသည်။

ချိုယူလန်းအား မတိုက်ခိုက် မသတ်ဖြတ်ချင်ပါ။ တိုက်ခိုက်ရသည့်အတွက်ပင် ရင်နာလှပါပြီ။ သတ်ဖြတ်ရမည့်အတွက်တော့ မပြောချင်ပါ။

ငြိမ်သက်တွေဝေနေသော လျှန်ဆွေဝင်းအား တောင်တန်းနဂါးကျိုတောင်က စေ့စေ့စပ်စပ်ကြည့်နေသည်။ လျှန်ဆွေဝင်းကတော့ တောင်တန်းနဂါးကျိုတောင် ကြည့်နေမှန်းမသိပေ။

ချိုယူလန်းအား တိုက်ခိုက်သတ်ဖြတ်ရမည့်အရေး[illegible] ရင်လေးနေဟန်ဖြင့် တွေဝေငေးမောနေသည်။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမှ ကျိုတောင်ရယ်မောလိုက်သည်။ လျှန်ဆွေဝင်း၏အတွင်းစိတ်ခေတ်ကို ကျိုတောင်နားလည်မိသည်။

"ဒီမှာလျှန်ဆွေဝင်း ... "

ဂိုဏ်းချုပ်ကြီးသည် သူ့အစေအပါးများအား နာမည်တပ်ခေါ်ခဲ့သည်။ ယခု နာမည်တပ်ခေါ်လိုက်သဖြင့် လျှန်ဆွေဝင်း တုန်လှုပ်သွားသည်။

"အမိန့်ရှိပါဂိုဏ်းချုပ်ကြီးခင်ဗျာ"

"မင်းကိုငါပြောမယ်၊ သေသေချာချာနားထောင်ပါ"

"ဟုတ်... ဟုတ်ကဲ့"

"တို့အခုတိုက်ရမယ့်တိုက်ပွဲမှာ မင်း အစွမ်းကုန်ကြိုးစားပါ၊ ရွှတ်ရွှတ်ချွံချွံတိုက်ပါ"

"စိတ်ချပါဂိုဏ်းချုပ်ကြီး၊ အသေခံပြီးတိုက်ပါ့မယ်"

ဂိုဏ်းချုပ်ကြီးကျိုတောင်၏အသံမှာ ပြတ်သားလှသည်။

"မင်းတာဝန် မင်းကျေပါစေ၊ မင်းကိုယ်တိုင် စခန်းသိမ်းတိုက်ပွဲဆင်နွှဲရမယ်"

"ကတိပေးပါတယ်ဂိုဏ်းချုပ်ကြီး"

ကျိုတောင်သည် လျှို့ဝှက်သောအပြုံးတစ်ခုကို ပြုံးလိုက်လေသည်။ ပြီးမှ ...

"မင်းအစွမ်းအစကိုကြည့်ပြီး ငါ မင်းကိုအခွင့်အရေးတစ်ခုပေးမယ်"



"ဟုတ်... ဟုတ်ကဲ့"

လျှန်ဆွေဝင်းမှာ အထစ်ထစ်အငေါ့ငေါ့ဖြစ်နေသည်။

"ထိုက်ဟူတောင်တိုက်ပွဲမှာ ချီယူလန်းကို မင်းရင်ဆိုင်ရလိမ့်မယ်"

"ခင်ဗျာ"

"ချီယူလန်းနဲ့ပတ်သက်လို့ မင်းသဘောအတိုင်းပဲ၊ မင်းကိုတာဝန်လုံးဝလွှဲပေးလိုက်တယ်"

"ခင်ဗျာ"

လျှန်ဆွေဝင်းမှာ သဘောပေါက်ဟန်မတူပေ။ ဂိုဏ်းချုပ်ကြီး ဘာကိုဆိုလိုမှန်းမသိပေ။

ဂိုဏ်းချုပ်ကြီးကျိုတောင်က ထပ်ရှင်းပြလိုက်သည်။

"ငါပြောလိုတာက သူ့ကိုမင်းသတ်ချင်သတ်၊ မင်းလက်ရဖမ်းချင်ဖမ်း၊ မင်းသဘောနဲ့မင်း စီရင်ပိုင်ခွင့်ပေးလိုက်မယ်။ ငါပြောတာ မင်းသဘောပေါက်ရဲ့လား"

ပြောပြီးသည်နှင့် ကျိုတောင်သည် ပြတင်းတံခါးအပြင်သို့ကြည့်နေလိုက်သည်။

လျှန်ဆွေဝင်းသည် တဖြည်းဖြည်းစဉ်းစားနေမိသည်။

'မင်းသဘောနဲ့မင်း စီရင်ပိုင်ခွင့်ပေးလိုက်တယ်၊ မင်းသဘောပေါက်ရဲ့လား"ဟူသောစကားကို စဉ်းစားနေသည်။

ထို့နောက် သူသဘောပေါက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ တဖြည်းဖြည်းပြုံးလာသည်။

လျှန်ဆွေဝင်း ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

အော်ဟန်စီးက သူ့ကိုလှမ်းကြည့်ပြီး ပြုံးလိုက်ပါသည်။

ထိုအခိုက် တရွေ့ရွေ့သွားနေသောမြင်းရထားကြီးသည် ရပ်သွားလေတော့သည်။

မြင်းရထားရှေ့တွင် လူတစ်ယောက်ရပ်လျက်ရှိသည်။ သူ့ကိုယ်ပေါ်မှအဝတ်အစားများမှာ စုတ်ပြဲနေသည်။ ဖုန်အလိမ်းလိမ်းတက်နေသည်။

သူ့အဆင်အပြင်မှာ သူတောင်းစားတစ်ယောက်လောက်ပင် မပေါ်လွင်ဘဲရှိနေသည်။

သူ့လက်ထဲတွင် အရှည်နှစ်တောင်ခန့်ရှိသောကြေးပိုက်လုံးတစ်ခုကိုကိုင်ထားသည်။ သူ့ခါးတွင် တောက်ပြောင်သောမြားတံကလေးများ စိုက်ထားပါသည်။

သူသည် နွမ်းနယ်ပင်ပန်းနေပုံရသည်။ သူ့ခန္ဓာကိုယ်မှာ တုန်လှုပ်နေသည်။

ကျိုတောင်သည် ရထားအိမ်အပြင်ဘက်သို့ခေါင်းပြူကြည့်လိုက်သည်။

"မြားကဝေပါလား"

ကျိုတောင်သည် သူ၏ကိုယ်ရံတော်များကို ခေါင်းညိတ်ပြလိုက်သည်။



ကိုယ်ရံတော်များက လမ်းဖယ်ပေးလိုက်သောအခါ မြားကဝေ ရှေ့သို့ဒယီးဒယိုင်ဖြင့်လျှောက်လာသည်။

ထို့နောက် ဂိုဏ်းချုပ်ကြီးကျိုတောင်အား ဂါရဝပြုလိုက်လေသည်။

"မင်းကို ဟိုနေရာကပဲ စောင့်ဖို့ တာဝန်ပေးထားတယ်မဟုတ်လား၊ မင်း ဒီနေရာကစောင့်နေမှတော့ မင်းကိုစေလွှတ်ဖို့ဘာလိုတော့မှာလဲ"

ကျိုတောင်၏လေသံက အေးစက်မာကျောနေသည်။ ထိုလေသံမျိုးဆိုလျှင် သူ့အနီးအပါးရှိသူများမှာ ဒူးတုန်မတတ် ကြောက်နေလေပြီ။

ပြီးမှဆက်မေးလိုက်၏။

"ကဲ- ဘာအကြောင်းထူးရှိလို့လဲ"

မြားကဝေမှာ တော်တော်နှင့်စကားမပြောနိုင်ပေ။

သူ့အမူအရာကို သတိထားမိသည့်အော်ဟန်စီးက-

"သူ့ကြည့်ရတာဖျားနေပုံရတယ် ဂိုဏ်းချုပ်ကြီး"

ကျိုတောင်က ဘာစကားမျှပြန်မပြောပေ။

မြားကဝေယီစုကိုကြည့်လျက် ပြောလိုက်သည်။

"မင်းစုံစမ်းရသမျှ ပြောစမ်း"

မြားကဝေမှာ တဆတ်ဆတ်တုန်နေပြီးမြေပြင်ပေါ်သို့ဒူးထောက်ထိုင်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ပထမတစ်ရက်မှာ ထိုက်ဟူတောင်ခြေနားကို ရောက်ခဲ့ပါတယ်၊ အစောင့်တွေ ဘာတွေမတွေ့ရပါဘူး၊ ဒါပေမယ့် ထူးထူးခြားခြား ပျံသန်းနေတဲ့ငှက်တွေကိုတွေ့လို့ မြွားနဲ့မှတ်လိုက်ပါတယ်"

ကျိုတောင်သည် မျက်မှောင်ကုတ်လျက်နားထောင်နေ၏။ ဘေးမှကိုယ်ရံတော်များ၏မျက်နှာထားများ တင်းမာလျက်-

"ငှက်နှစ်ကောင်ကိုအသေမိပါတယ်၊ ငှက်တစ်ကောင်ကတော့ မြွားတန်းလန်းနဲ့ထွက်ပြေးသွားပါတယ်"

ကျိုတောင် မျက်နှာထားတင်းသွားသည်။

"နောက်တစ်နေ့ကစပြီး ကျွန်တော်ဖျားတော့တာပါပဲ၊ တောင်ခြေက ခြင်တစ်မျိုးအကိုက်ခံရပြီး ဖျားတာပါ၊ အဲဒီမှာ ပြုစုကုသမယ့်လူကလဲမရှိ၊ ကျွန်တော် ဖျားပြီး သေမလိုဖြစ်နေတာပါ၊ ဒီနေ့မှလမ်းလျှောက်နိုင်တာပါ"

"တော်စမ်း"

ကျိုတောင်ကငေါက်လိုက်သည်။ ထိုအခါ မြွားကဝေယီစု မှာ တဆတ်ဆတ်တုန်သွားသည်။

သူ့ခမျာ အဖျားဒဏ်ခံနေရသည်ကတစ်ဖက်၊ ကျိုတောင်ကိုကြောက်ရသည်က တစ်ဖက်ဖြင့် အကြောက်တရားနှစ်ခု အကြားချောက်ချားနေရသည်။

"မင်းဖျားနေတာကို ငါနားထောင်ဖို့လာတာ မဟုတ်ဘူး၊



ထိုက်ဟူတောင်ရဲ့ သတင်းအချက်အလက်တွေကို လိုချင်လို့လာတာ၊ မင်းစုံစမ်းလို့ရတဲ့သတင်းပဲ ငါကြားချင်တယ်"

မြွားကဝေယီစု မျက်နှာပျက်သွားသည်။

သူက အားနည်းလှသောလေသံဖြင့်ပြောလိုက်သည်။

"ဘာ- ဘာသတင်းမှမရသေးပါဘူး ဂိုဏ်းချုပ်ကြီးခင်ဗျာ၊ ကျွန်တော်ဖျားနေလို့ ခွင့်လွှတ်တော်မူပါ"

"ဟေ့- တော်စမ်း"

ကျိုတောင်ကငေါက်လိုက်သည်။

"နေစမ်းပါဦး၊ မင်းပဲ စောစောကပြောတယ်မဟုတ်လား၊ ငှက်တစ်ကောင် မြွားတန်းလန်းနဲ့ထွက်ပြေးသွားတယ်ဆို"

"မှန်ပါတယ်ခင်ဗျာ"

"ယေဘူယျအားဖြင့်တော့ မင်းမြွားတံထိတဲ့ငှက်ဟာ သေရမှာပဲမဟုတ်လား"

"သေရမှာပါ၊ အဆိပ်ကသိပ်အစွမ်းထက်ပါတယ်၊ ဒီအဆိပ်မိတာနဲ့သေရတာပါပဲ၊ ကျွန်တော့်မြွားတွေက လက်ရွေးစင်မြွားတွေပါ၊ ကျွန်တော်မြွားမှာ ချွတ်ယွင်းချက်မရှိတာသေချာပါတယ်"

"ငှက်မသေတာကထူးခြားချက်ပေါ့၊ မင်းမြွားတွေမှာ ချွတ်ယွင်းချက်မရှိဘူးဆိုတာ မဟုတ်နိုင်ဘူး၊ ပြစမ်းပါဦး မင်းမြွားတွေ"

မြွားကဝေယီစုသည် တုန်တုန်ယင်ယင်ထရပ်ကာ မြွားများကို လက်ကမ်းပေးလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျိုတောင်သည် မြားတစ်စင်းစီကို အပြန်အလှန်ကြည့်နေသည်။ စစ်ဆေးနေသည်။

မြားကဝေယီစုသည် ရင်တထိတ်ထိတ်ဖြင့်စောင့်ကြည့်နေရသည်။

"မင်းအပြစ်ကိုတော့ မင်းသိမှာပေါ့"

ကျိုတောင်ကပြောလိုက်သည်။

မြားကဝေယီစုက ထစ်ထစ်ငေါ့ငေါ့ဖြင့်-

"ကျွန်တော်... ကျွန်တော်... "

မြားကဝေယီစုမှာ အထိတ်တလန့်ဖြင့်နောက်ဆုတ်သွားပါသည်။

ကျိုတောင်က ပြုံးလိုက်သည်။

ထို့နောက် လက်ထဲမှမြားတစ်ချောင်းကို လက်ဖြင့်ဆကာတောက်ထုတ်လိုက်သည်။

"ဝှစ်. ."

"ဖောက်. ."

"အား. ."

မြားကဝေယီစုမှာ ထိတ်လန့်နာကျင်စွာအော်ပြီး တုံးခနဲလဲကျသွားပါသည်။

သူ့နဖူးတွင် မြားတစ်စင်းက စိုက်ဝင်လျက်ရှိသည်။

ကျိုတောင်သည် မျက်နှာပျက်နေသောလျှန်ဆွေဝင်းဘက်သို့ကြည့်လိုက်ပြီး...

"တာဝန်မကျေပွန်သူတိုင်းဟာ ဒီလမ်းကိုပဲသွားကြရမှာ"

အေးစက်စွာပြောလိုက်လေသည်။

လျှန်ဆွေဝင်းမှာ အလိုလိုနေရင်း ဇောချွေးများပြန်လာမိလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## သိုင်းလောက၏ကေရာင်လောင်း

လပြည့်ရက်ကုန်ဆုံးသောအခါ လဆုတ်ရက်များ အစပြုပါတော့သည်။ ထို့နောက် တဖြည်းဖြည်း လကွယ်နေ့များသို့ ဆိုက်ရောက်လာပေတော့မည်။

လကွယ်ညရောက်ရန် ခုနစ်ရက်မျှ လိုပေသေးသည်။

ထိုညက တောင်ထိပ်စခန်းလိုဏ်ဂူထဲတွင် လူလေးယောက်သည် ဝိုင်းဖွဲ့၍ညစာစားသောက်ခဲ့ကြသည်။

အစားအသောက်များမှာ မဆိုးလှပါ။ သစ်ဥသစ်ဖုများကိုကြော်ချက်စားခြင်းဖြစ်သည်။

စားသောက်ပြီးသောအခါ လိုဏ်ဂူထဲတွင်အနားယူနေကြပါသည်။

လင်းယုန်ချူးပြောင်တစ်ယောက်သာ အနားမယူဘဲရှိနေပါသည်။ သူသည် ဓားကိုသွေးနေသည်။



အတန်ကြာမှ ကျင်အိမေသည် စုတ်ပြနေသောအဝတ်အစားများကို ချုပ်လုပ်နေပါသည်။

စန်ချီယာကား ကျောက်တုံးတစ်တုံးပေါ်တွင်ထိုင်လျက် အလေးအနက်စဉ်းစားနေသည်။

ကျန်းစီးမုံကား ကျောက်သင်ပုန်းတစ်ခုပေါ်တွင် ကျောက်တံတစ်ချောင်းဖြင့် ကိန်းဂဏန်းများကိုတွက်ချက်နေသည်။

သူတွက်ချက်နေသည့်ကိန်းဂဏန်းများမှာ နက္ခတ္တဗေဒကိုအခြေခံသည့်ကိန်းဂဏန်းများဖြစ်ပါသည်။

သူသည် ကျောက်သင်ပုန်းပေါ်တွင် ကိန်းဂဏန်းများ စာရင်းဇယားများ၊ စက်ဝိုင်းပုံများ၊ မျဉ်းဖြောင့်ပုံ၊ မျဉ်းကွေးပုံ စ သည်ဖြင့် အမျိုးမျိုးရေး၍တွက်ချက်နေသည်။

"ဟင်း . ."

သူသည် သက်ပြင်းချလိုက်သည်။ သက်ပြင်းချလိုက်သည်မှာ စိတ်ကျေနပ်သွား၍ဖြစ်ပါသည်။ ထို့နောက် စန်ချီယာရှိရာသို့ လှမ်းကြည့်လိုက်သည်။

ထိုအခါ စန်ချီယာသည် ထိုင်နေရာမှဆတ်ခနဲထလိုက်၏။ စကားမပြောညာမပြောနှင့် သူ့ရှေ့ရှိကျောက်ပြားတစ်ချပ်ကို လက်ဝါးစောင်းဖြင့်ခုတ်ချလိုက်သည်။

"ဝုန်း . ."

"ခွမ်း"

www.burmeseclassic.com

www.burmeseclassic.com



"ဖြောင်း. ."

ကျောက်ပြားသည် အစိတ်စိတ်အမွှာအမွှာ ကွဲကြေလွင့်စဉ်သွားသည်။

ကျန်းစီးမုံ တစ်ချက်ပြုံးလိုက်သည်။ အချိန်ကျလာပေပြီ။ စန်ချီယာ၏ကိုယ်တွင်းမှ သိုင်းဝိဉာဉ်နိုးထတော့သည်။

ထိုအချိန်ကျရောက်တော့မည်ကို ကျန်းစီးမုံ တွက်ချက်၍ရသည်။

ကျင်အီမေနှင့်လင်းယုန်ချူးပြောင်တို့သည် စန်ချီယာ အနီးသို့ပြေးကပ်သွားကြသည်။

"သား- သား- သား ဘာဖြစ်သွားသလဲ"

စန်ချီယာခွဲချလိုက်သည့်ကျောက်ပြားကြီးမှာ အလျားအနံတစ်တောင်ပတ်လည်ခန့်နှင့် ထုလက်သုံးသစ်ခန့်ရှိသည်။

စန်ချီယာသည် ကျောက်ပြားကိုရိုက်ခွဲပြီးသည်နှင့် တစ်ကိုယ်လုံးတုန်တုန်ယင်ယင်ဖြစ်လာကာ ကျန်းစီးမုံအား လှမ်းကြည့်တော့သည်။

သူသည် မွေးစားဖခင်ကိုအလွန်အားကိုးသည်။

ကျန်းစီးမုံသည် သူ့အနားသို့လျှောက်လာသည်။ ထို့နောက် စန်ချီယာ၏ပခုံးပေါ်သို့လက်တစ်ဖက်တင်၍ ပြောလိုက်သည်။

"သား- လူကလေး၊ တို့စောင့်စားနေတဲ့အချိန်ကို ဆိုက်ရောက်တော့မယ်၊ သား ဘာမှမစိုးရိမ်နဲ့"



ကျန်းစီးမုံက ဝမ်းသာအားရပြောလိုက်လေသည်။

ပြီးမှ စန်ချီယာကိုစေ့စေ့ကြည့်ပြီး-

"သား ဘယ်လိုခံစားလိုက်ရသလဲ"

စန်ချီယာမှာ နဖူးမှချွေးသီးချွေးပေါက်များကျနေသည်။

"သားထိုင်နေရင်း စိတ်ထဲမှာတင်းကျပ်လာတယ်ဖေဖေ၊ အဲဒါနဲ့ စိတ်ပေါ့သွားအောင် လုပ်မိလုပ်ရာလုပ်လိုက်တာပဲဖေဖေ၊ တခြား ဘာမှတော့မဖြစ်ပါဘူး"

"ဒီလိုဖြစ်တာ ဘယ်လောက်ကြာပြီလဲ"

"ဒီညမှစဖြစ်တာ"

"ခန္ဓာကိုယ်ထဲမှာရော"

"အရင်ကဖြစ်တဲ့အတိုင်း ဖြစ်လာတာပဲဖေဖေ၊ တစစ်စစ်နဲ့ကိုက်ခဲလာတယ်၊ သိပ်ပြီးပူလောင်လာတယ်၊ ပါးစပ်ထဲမှာ ရေငတ်သလိုဖြစ်လာတယ်ဖေဖေ"

"ဟုတ်ပြီ. ."

ကျန်းစီးမုံက ဝမ်းသာအားရပြောပြီး လင်းယုန်ချူးပြောင်နှင့်ကျင်အီမေတို့ကို လှည့်ကြည့်လိုက်သည်။

"ကျွန်တော် ခုနကတွက်နေတာ တခြားမဟုတ်ဘူး၊ စန်ချီယာရဲ့မွေးနေ့၊ မွေးရက်၊ မွေးလ၊ မွေးနှစ်ကိုတည်ပြီး တွက်ချက်နေတာ၊ အဲဒီမှာအဖြေတစ်ခုရခဲ့တယ်"

လင်းယုန်ချူးပြောင်က ...

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ- သူ့နက္ခတ်ကြံ့ကြိုက်နေပြီလား"

ကျင်အိမေကလည်း သိချင်ဇောဖြင့်မေးလိုက်သည်။

"ဟုတ်လားအစ်ကို၊ သားရဲ့နက္ခတ်တာရာတွေဟာ ကြံ့ကြိုက်နေပြီလားဟင်"

ကျန်းစီးမုံက ပြန်စဉ်းစားပြီးပြောသည်။

"လာမယ့် လကွယ်ညမှာ စန်ချီယာဟာ သူ မွေးဖွားစဉ်တုန်းက ကောင်းကင်မှာကြံ့ခဲ့တဲ့နက္ခတ်တာရာတွေအတိုင်း အတိအကျပြန်ကြံ့ရမယ်"

"ဟင်- ဒါဆို ခုနစ်ရက်ပဲလိုတော့တာပေါ့"

ကျင်အိမေကပြောလိုက်သည်။

"ဟုတ်တယ်၊ ဒါမှ တို့အတွက်ပြင်ဆင်ချိန်ရမယ်"

ကျန်းစီးမုံက ကျေနပ်အားရစွာပြောလိုက်သည်။

လင်းယုန်ချူးပြောင်က-

"ကျွန်တော် ဘာလုပ်ထားရမလဲဟင်"

ကျန်းစီးမုံကပြောလိုက်သည်။

"အခုအချိန်ဟာ ခင်ဗျားတို့ ကျွန်တော်တို့ ဘဝတစ်သက်တာမှာ ဒါမှမဟုတ် သိုင်းလောကရဲ့သမိုင်းတစ်လျှောက်လုံးမှာ အရေးအကြီးဆုံး အကြီးကျယ်ဆုံးဖြစ်ရပ် ဖြစ်တော့မယ့်အချိန်ပဲ"

စန်ချီယာ၊ ကျင်အိမေနှင့်လင်းယုန်ချူးပြောင်တို့ စိတ်ဝင်စားစွာ နားထောင်နေကြသည်။



"စန်ချီယာဟာ မွေးရာပါအတိတ်တဘောင်တွေအရ သိုင်းကောရာင် မလွဲတမ်းဖြစ်တော့မယ်၊ ဘေးက အခြေအနေတွေကို ထိန်းသိမ်းပေးလာခဲ့ရာမှာ အခုဆိုရင် အတော်အောင်မြင်တယ်လို့ ဆိုရမယ်၊ အောင်မြင်ဖို့လဲ လက်တစ်ကမ်းပဲလိုတော့တယ်၊ သူ့လို လူမျိုးဟာ နှစ်ထောင်ပေါင်းများစွာမှာ တစ်ယောက်သာပေါ်ခဲ့ဖူးတယ်"

"အခု သူ့ကိုဘယ်လိုကူညီကြမလဲ"

လင်းယုန်ချူးပြောင်က မေးလိုက်သည်။

"အခု- သူဟာ ဒုတိယမြောက်ပေါ်လာတဲ့လူပဲ၊ နှစ်ပေါင်းထောင်ချီကြာပြီးတဲ့အခါမှာ တတိယမြောက်ပုဂ္ဂိုလ်ပေါ်လာဦး မယ်"

ကျန်းစီးမုံကရှင်းပြရင်း-

"အဲ- သူ့ကို ဘယ်လိုကူညီကြမလဲဆိုတာတော့ အတော့်ကို ပြောရခက်မယ့်ကိစ္စပဲ၊ ဒီလိုရှိတယ်ဗျ"

ကျန်းစီးမုံသည် ရှေ့ရေးကူညီရမယ့်ကိစ္စများကို ရှင်းလင်းပြောပြလေတော့သည်။

"ပထမဦးဆုံး ဒီထိုက်ဟူတောင်ရဲ့လုံခြုံရေးကို တင်းတင်းကျပ်ကျပ် စီစဉ်ဆောင်ရွက်ဖို့လိုတယ်၊ စန်ချီယာကို သိုင်းဝိဉာဉ် သွင်းနေစဉ်ကာလမှာ ဘယ်အနှောင့်အယှက်မှ အဝင်ခံလို့ မဖြစ်ဘူး"

"ထိုက်ဟူတောင်စခန်း လုံခြုံရေးကိုတော့ တောင်ထိပ်

www.burmeseclassic.com

www.burmeseclassic.com



စခန်းတစ်ခုထဲ လုပ်လို့မရဘူး၊ စခန်းသုံးခုစလုံး ပူးပေါင်းညှိနှိုင်းမှရမယ်၊ စခန်းသုံးခုကခေါင်းဆောင်တွေကိုစုစည်းပြီး ညှိနှိုင်းကြတာပေါ့"

လင်းယုန်ချူးပြောင်က တက်ကြွစွာပြောလိုက်သည်။

ကျွန်းစီးမုံက ခေါင်းညိတ်လိုက်သည်။

"ဒုတိယအဆင့်ကတော့ စန်ချီယာရဲ့ကိုယ်ပေါ်မှာရှိနေတဲ့ စက်လက္ခဏာတွေကို ဖော်ထုတ်ရေးပဲ"

ကျွန်းစီးမုံသည် စန်ချီယာဘက်သို့လှည့်လိုက်၏။

"အခု သူ့ကိုယ်ပေါ်ကစက်လက္ခဏာတွေကို လျှို့ဝှက်ပုံဖျက်ဆေးနဲ့ဖုံးကွယ်ထားတာ နောင်ကြီးချူးပြောင် မသိဘူး၊ အခု သူ့ကိုယ်ပေါ်မှာ စက်လက္ခဏာတွေကြည့်ချင်တယ်ဆိုပြီး နောင်ကြီးချူးပြောင်ကြည့်၊ မတွေ့ရဘူး၊ ဘယ်တွေ့မလဲ၊ ကျွန်တော်တို့က ပုံဖျောက်ဆေးနဲ့ဖျက်ထားတာကိုး၊ ဒါတွေကို ပြန်ပေါ်လာအောင်လုပ်ရမယ်"

"ဘယ်လို ပေါ်လာအောင်လုပ်ရမလဲ"

လင်းယုန်ချူးပြောင်က မေးလိုက်သည်။

သူသည် အကြောင်းစုံကို သိသူမဟုတ်၍ ယင်းသို့ မေးလိုက်ခြင်းဖြစ်သည်။

"သူ့ကို ဆေးတိုက်ရမယ်လေ၊ ဒါမှ သူဖျားမယ်၊ အကြီးအကျယ် အဖျားတက်လိမ့်မယ်၊ ကိစ္စမရှိဘူး၊ ဒါက ဆေးရဲ့သဘောပဲ၊ တက်လေကောင်းလေပဲ၊ သူ အဖျားကျတာနဲ့ ကိုယ်ပေါ်က စက်လက္ခဏာတွေအားလုံး ပြန်ပေါ်လာလိမ့်မယ်"



ထိုအဆင့်သည် အတိမ်းအစောင်းမခံသောအဆင့်ဖြစ်သည်။ ဤနေရာတွင် အမှားအယွင်းရှိပါက အဖျားပြန်မကျဘဲ အဖျားဒဏ်ဖြင့် သေဆုံးသွားနိုင်သည်။

သို့မဟုတ်ပါက အဖျားကျသွားသည့်တိုင် ကိုယ်ပေါ်မှ စက်လက္ခဏာများသည် ပြန်ပေါ်မလာတော့ဘဲ ငုပ်လျှိုးပျောက်ကွယ်သွားပေလိမ့်မည်။

"တတိယအဆင့် ပေါ်လာတဲ့လက္ခဏာတွေကို ကြည့်ပြီး ကမ္ဘာပေါ်မှာ အမြင့်ဆုံးသိုင်းပညာဖြစ်တဲ့ ကမ္ဘာဦးလောင်မီးသိုင်းကွက်တွေကို ဖော်ထုတ်ရေးပဲဖြစ်တယ်"

"ကျုပ်တို့ ဝိုင်းဖော်ထုတ်ရမှာလား"

"ဒီနေရာမှာ အပိုင်းနှစ်ပိုင်းရှိတယ်ဗျ"

တစ်ပိုင်းမှာ ထိုစက်လက္ခဏာများကိုကြည့်ပြီး စန်ချီယာ အပါအဝင် လူဆယ်ယောက်စလုံးက သိုင်းကွက်များကို ဖော်ထုတ်ရန်ဖြစ်သည်။

ဒုတိယအပိုင်းမှာ စန်ချီယာ၏စိတ်အစဉ်၌ ထင်မြင်လာနိုင်မည့်သိုင်းကွက်များဖြစ်သည်။

တောင်ပင်လယ်အသွားခရီးစဉ်တွင် စမ်းချောင်းထဲတွင် အလိုအလျောက်သိမြင်လာပုံမျိုး။

www.burmeseclassic.com

www.burmeseclassic.com



နဂါးလိမ်ဥမင်ထဲ၌ စန်းချိုယာ အလိုအလျောက်သိမြင်လာပုံမျိုး။

"တကယ်တော့ ဒီသိုင်းကွက်တွေကို ကျုပ်တို့ ကုန်စင်အောင် မဖော်ထုတ်နိုင်ပါဘူးလေ၊ ကျုပ်တို့ဟာ သာမန်လူတွေ မဟုတ်လား၊ ဖော်ထုတ်ချင်းဖော်ထုတ်နိုင်ရင် စန်းချိုယာဟာ သူ့ဘာသာ အလိုအလျောက်သိမြင်ဖော်ထုတ်နိုင်မှာပါ"

ကျန်းစီးမုံက အမှန်အတိုင်းပြောလိုက်သည်။

"စန်းချိုယာမှာ မွေးရာပါအသိဉာဏ်ရှိပါတယ်၊ သူဟာ နက္ခတ်တာရာတွေကြုံကြိုက်ချိန်မှာ ဉာဏ်စဉ်တွေမြင့်မားလာပြီး သူ့ပညာနဲ့ ပေါင်းစပ်မိတဲ့အခါမှာ ဒီသိုင်းကွက်တွေကို အလိုအလျောက် ရှာဖွေတွေ့ရှိနိုင်လိမ့်မယ်"

အားလုံးငြိမ်သက်သွားကြသည်။

ကျန်းစီးမုံက ငြိမ်သက်ခြင်းကိုဖြိုခွဲလိုက်သည်။

"စတုတ္ထအဆင့်ကတော့ ဖော်ထုတ်တွေ့ရှိရတဲ့သိုင်းကွက်တွေကို စန်းချိုယာလေ့ကျင့်ယူဖို့ပဲ၊ ဒီလိုလေ့ကျင့်ယူတဲ့အခါမှာ ဒီထိုက်ဟူတောင်ဟာ အင်မတန်သင့်လျော်တဲ့နေရာပဲ"

"ဒီသိုင်းကွက်တွေကို ကျွန်မတို့ပါ လေ့ကျင့်လို့ရမလား"

ကျင်အိမေကဝင်ပြောလိုက်၏။

ထိုအခါ ကျန်းစီးမုံက-

"ရတော့ရနိုင်မှာပါ၊ ဒါပေမယ့် အစွန်အဖျားသိုင်းကွက်



လောက်ပဲရကြမှာ၊ အစ်ကိုတို့တတွေဟာ ပါရမီရှင်တွေမှမဟုတ်ကြတာပဲ၊ ဒီတော့ ကမ္ဘာဦးလောင်မီးသိုင်းကွက်တွေကို ခြေခြေမြစ်မြစ် ဘယ်တတ်မြောက်နိုင်ကြမလဲ"

စန်းချိုယာကတော့ ကျန်းစီးမုံရှင်းပြသမျှ တိတ်ဆိတ်စွာ နားထောင်နေသည်။

သူ့အဖို့ကတော့ နားထောင်ရုံမှအပ ဘာမျှမရှိပေ။

"ရသင့်သလောက်ရရင် ကျေနပ်ပါပြီ၊ သားတတ်ထားတဲ့ ကမ္ဘာဦးလောင်မီးသိုင်းကွက်ကို အမေလဲ တချို့တစ်ဝက်လောက် ရရင် ကျေနပ်လောက်ပြီမဟုတ်လား"

ကျင်အိမေကပြောလိုက်၏။

"တချို့ရမယ်လို့ပြောတာနော် မအေကြီး၊ သိုင်းကွက်အားလုံးတော့မရနိုင်ဘူး၊ အချို့သိုင်းကွက်တွေကို မအေကြီးသဘောပေါက်နိုင်မှာမဟုတ်ဘူး၊ မွေးရာပါစွမ်းရည်ဖြစ်တဲ့ အတွင်းအားတို့ ပင်ကိုယ်အားတို့ ကိုယ်ဖော့ပညာတို့နဲ့လဲ သက်ဆိုင်လိမ့်မယ်၊ အဲဒီအားတွေကို မအေကြီးဟာ သားကိုမမီနိုင်ဘူး၊ ဒါကြောင့် သိုင်းကွက်တွေကို သိမြင်သဘောပေါက်ရာမှာလဲ ကွာခြားလိမ့်မယ်"

ကျန်းစီးမုံက ကျင်အိမေသဘောပေါက်စေရန် ထပ်မံရှင်းပြလိုက်သည်။

ကျင်အိမေရော ချူးပြောင်ပါ ခေါင်းတညိတ်ညိတ်နှင့် ကျေနပ်ဝမ်းမြောက်စွာ နားထောင်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း- နောက်ဆုံးအဆင့်က စန်းချိုယာကို သိုင်းဧကရာဇ်အဖြစ်တင်မြှောက်ဖို့ပဲ"

"ဘယ်လိုတင်မြှောက်မှာလဲဟင်"

"သိုင်းလောကရဲ့ ထုံးစံအတိုင်းပဲပေါ့"

သိုင်းလောကထုံးစံဆိုသည်မှာ ကျယ်ဝန်းပေသည်။

မိမိသည် သိုင်းဧကရာဇ်လောင်းအဖြစ် သိုင်းလောကတစ်ဝှမ်းလုံးသို့ ကြေညာရမည်ဖြစ်သည်။

ထိုအခါ လက်ခံသူများရှိသလို လက်မခံသူများမှာလည်း အများအပြားရှိမည်။

စိန်ခေါ်ယှဉ်ပြိုင်သူများဖေါ်ပေါက်လာမည်။

ထိုအခါ စန်းချိုယာသည် စိန်ခေါ်သူများကို တစ်ယောက်ပြီးတစ်ယောက် အနိုင်ယူပြရမည်။

ပြိုင်ပွဲပြီးဆုံးသောအခါမှ သိုင်းဧကရာဇ်ဖြစ်ကြောင်းကြေငြာလိုက်ရမည်ဖြစ်သည်။

ဤသည်မှာ သိုင်းလောကထုံးစံအရပဲဖြစ်သည်။

"နောက်ပြီး လျှို့ဝှက်အဆင့်ကိုလှမ်းတက်ရမယ်"

ကျန်းစီးမုံက ရှင်းပြလိုက်သည်။

ထိုအခါ ကျင်အိမေက-

"လျှို့ဝှက်အဆင့်ဆိုတာ ဘာကိုပြောတာလဲအစ်ကို"

"ဒါကတော့ ဆန်းကြယ်တဲ့ကိစ္စပဲ၊ ဟောဒီကမ္ဘာမြေတစ်နေ



ရာရာမှာရှိတဲ့သရဖူကို သူ့ဘာသာသလိုက်ရှာပြီး သူ့ခေါင်းမှာဆောင်းဖို့ပဲ"

"သရဖူ ဟုတ်လား"

"ဟုတ်တယ် သရဖူပဲ၊ ဒါက ရှေးဟောင်းကျမ်းဂန်တွေထဲမှာပါတယ်၊ ဒါပေမယ့် သရဖူဟာ ဘယ်နေရာမှာရှိတယ် ဆိုတာတော့ ကျမ်းဂန်တွေထဲမှာဖေါ်ပြမထားဘူး၊ သိတောင်မှတွေ့အောင်ရှာနိုင်မှာမဟုတ်ဘူး၊ စန်းချိုယာကတော့ ခြွင်းချက်ပေါ့၊ သူကတော့ ဒီကိစ္စကိုတတ်နိုင်လိမ့်မယ်"

ကျန်းစီးမုံက သရဖူကိစ္စကိုဆက်လက်ရှင်းပြလိုက်သည်။

"သရဖူရှိမယ့်နေရာဟာ သူ့ခေါင်းထဲမှာအလိုအလျောက်ပေါ်လာမယ်၊ ဒါဆို သူကလဲ ဘယ်သူ့မှပြောမပြနိုင်ဘူး၊ သူတစ်ယောက်တည်းသွားယူရမှာ၊ အဲဒီအခါမှာတော့ သားဟာ တစ်ကိုယ်တည်း ခရီးဆက်ရတော့မယ်၊ လူမပြောနဲ့ တိရိစ္ဆာန်တောင်ခေါ်သွားလို့မဖြစ်တဲ့ခရီးကို ဆက်ရမှာဖြစ်တယ်"

"သရဖူက ဘယ်လိုလုပ်ထားတာတဲ့လဲ"

"ရှေးဟောင်းကျမ်းဂန်တွေရဲ့အဆိုအရပဲ ပြောပြတော့မယ်၊ လောကမှာ ရှိရှိသမျှသတ္တုတွေအားလုံး အချိုးကျထည့်ဝင်သွန်းလောင်းထားတာလို့ ဆိုတာပဲ၊ လူ့လက်နဲ့ သွန်းလုပ်ထားတာပဲမဟုတ်ဘူးတဲ့၊ ကဲ- ဘယ်လောက်ထူးခြားသလဲ ကမ္ဘာဦးကတည်းကတည်ရှိနေတာတဲ့"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းစီးမှုံက ဆက်ရှင်းပြသည်။

"ဟယ်- တကယ်ဆန်းကြယ်တာပဲနော်"

ကျင်အိမေက ပြောလိုက်ခြင်းဖြစ်သည်။

လင်ယုန်ချူပြောင်က-

"အဲဒီသရဖူကိုဆောင်းမိရင် ဘာဖြစ်မလဲ"

"သရဖူကိုဆောင်းပြီးရင် သိုင်းဧကရာဇ်စစ်စစ်ဖြစ်သွား ပြီ၊ သိုင်းပညာရပ်ကို အစမှအဆုံးတိုင် တတ်မြောက်မယ်၊ သူ့ကို ဘယ်သူမှ အနိုင်မယူနိုင်ဘူး၊ လူသာမန်တွေ မရနိုင်တဲ့စွမ်းရည်ထူး တွေပါ ရရှိလိမ့်မယ်"

"အသက်မသေတော့ဘူးလားဟင်"

"ဩော်- ညီမရယ်၊ သူဟာ လူသားပါ၊ အချိန်တန်ရင် သေကြရမှာပေါ့၊ ဒါပေမယ့် သူတကာထက် အသက်ပိုရှည်မယ်၊ ရောဂါကြောင့် ဘေးအန္တရာယ်ကြောင့် မသေနိုင်တော့ဘူး၊ သေ ချိန်ကျရင် အေးအေးဆေးဆေးသေရလိမ့်မယ်"

"ဩော်- ဒါကြောင့်လဲ သိုင်းဧကရာဇ်ဖြစ်ချင်ကြတာကိုး"

"ဟ- သိုင်းလောကသားတွေ သိုင်းဧကရာဇ်ဖြစ်ချင်တာ က သာမန်သိုင်းဧကရာဇ်ဖြစ်ချင်တာပါ၊ ဒီလို လျှို့ဝှက်ဆန်းကြယ်တဲ့ သိုင်းဧကရာဇ်မျိုးဖြစ်ချင်ကြတဲ့လူက တစ်သောင်းမှာတစ်ယောက် လောက်ပဲရှိတာ၊ နယ်စားကြီးကျိုတောင်လို လူစားမျိုးဆိုပါတော့၊ နယ်စားကြီးကျိုတောင်က ကျမ်းဂန်တွေဖတ်ထားရတော့ သူသိနေ



တယ်လေ"

လင်းယုန်ချူပြောင်က-

"သရဖူဆောင်းပြီးတဲ့အခါ သိုင်းလောကထဲကို ပြန်လာဦး မှာလား"

ကျွန်းစီးမှုံက ဆက်လက်ရှင်းပြသည်။

"ဒါတော့ အတပ်မပြောနိုင်ဘူး၊ ပြန်လာချင်လဲလာမယ်၊ မလာချင်တော့ဘဲ လူသူအရောက်အပေါက်နည်းတဲ့နေရာမှာ ရ သက်ပန် တစ်ယောက်တည်းလဲ နေချင်နေမယ်၊ သူ့သဘောပဲ"

ကျွန်းစီးမှုံက စန်ချီယာကိုလှမ်းကြည့်လိုက်ပြီး . .

"သူ့သဘောဆိုတာက အဲဒီအချိန်မှာ သူ့အသိဉာဏ်ထဲ ကို ဝင်လာမယ့်အာရုံရဲ့ညွှန်ကြားချက်အရ လုပ်ဆောင်မှာကိုပြော တာပါ"

ကျွန်းစီးမှုံသည် အကျယ်တဝင့်ရှင်းလင်းပြနေရာမှ ကမ္ဘာ ဦးဆရာကြီးဟူကွမ်းကို သွားသတိရလိုက်မိတော့သည်။

ဆရာကြီးဟူကွမ်းသည် တရုတ်ပြည်မှဟိမဝန္တာသို့ သွား ရောက်နေထိုင်သူဖြစ်သည်။

ဆရာကြီးသည် မည်ကဲ့သို့သောပုဂ္ဂိုလ်မျိုးဖြစ်မည်နည်း။

"ကဲ- အချိန်မရှိဘူး၊ အိပ်ကြတော့၊ မိုးလင်းတာနဲ့ စခန်း နှစ်ခုစလုံးကို အကြောင်းကြားရမယ်၊ အားလုံး ဒီညကစပြီး နိုး ကြားကြားရှိပါစေ၊ ကျွန်တော့်ကင်းအလှည့်မို့ ကျွန်တော်ကတော့

www.burmeseclassic.com

www.burmeseclassic.com



ကင်းစောင့်လိုက်ဦးမယ်"

လင်းယုန်ချူးပြောင်သည် သူ့အပေါ်ထပ်လိုက်ဂူသို့ တက်သွားသည်။

စန်ချိယာနှင့်ကျင်အိမေတို့သာ ကျန်ရစ်သည်။
သည်သားအမိ အိပ်စက်ရပေဦးတော့မည်။
ကျန်းစီးမုံကတော့ ကင်းစောင့်။

❁



## အကြီးအကျယ်ဖျားခြင်း

စခန်းသုံးခုမှ ခေါင်းဆောင်ငယ်သားများအားလုံးကို ခေါ်၍ စုဝေးတိုင်ပင်ကြပါသည်။

တောင်ထိပ်စခန်းလုံခြုံရေးကို အဓိကထား၍ အစီအစဉ်ရေးဆွဲကြပါသည်။

အခြေအနေကိုသိရသောအခါ မျှော်လင့်ထားသည့်ရက်သို့ရောက်နေပြီဖြစ်၍ အားလုံးပင် တက်ကြွပျော်ရွှင်နေကြသည်။

ရှာလေခန်က-

"ကျုပ်တို့ရဲ့တောင်ခြေစခန်းကို ရုပ်သိမ်းလိုက်ချင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ တောင်ခြေစခန်းဟာ မြေပြန့်ဖြစ်နေတဲ့ အတွက် ထိုးနှက်တိုက်ခိုက်ဖို့လွယ်တယ်၊ အလယ်စခန်းနဲ့တောင်ပေါ်စခန်းနှစ်ခုပဲထားချင်တယ်"

သူကဆက်လက်၍. . .

"တောင်ခြေစခန်းဆိုတာ ရန်သူတွေအဖို့ အသမဆုံးတိုက်

www.burmeseclassic.com

www.burmeseclassic.com



ရမယ့်စခန်းဖြစ်တယ်၊ လူအင်အား အလုံးအရင်းနဲ့ တိုက်နိုင်တယ်၊ နောက်ပြီး ကျုပ်တို့မှာ လူအင်အားမရှိဘူး၊ ကျုပ်တို့သုံးယောက်အနေနဲ့ တကယ့်လူအင်အားနဲ့တိုက်တဲ့အခါ ခံနိုင်မှာမဟုတ်ဘူး"

ချူးပြောင်က ခေါင်းညိတ်ထောက်ခံလိုက်သည်။

ကျန်းစီးမုံက စဉ်းစားနေသည်။

ရှာလေခန်က ဆက်လက်ရှင်းပြသည်။

"စခန်းတစ်ခုနဲ့တစ်ခုဆက်သွယ်ရာမှာ တောင်ခြေစခန်း က အလှမ်းဝေးနေတယ်၊ တောင်ခြေစခန်းမှာ ထောင်ချောက်တွေ ပဲဆင်ထားသင့်တယ်၊ တောင်ပေါ်နဲ့တောင်လယ်စခန်းက တက်ရမြူရတာ နေရာကကျဉ်းကျပ်တော့ ရန်သူဟာ အလုံးအရင်းနဲ့ မတက်နိုင်ဘူး. . .

ခုခံကာကွယ်တဲ့နေရာမှာ မဟာဗျူဟာကျတယ်၊ ဒါကြောင့် တောင်လယ်စခန်းနဲ့ တောင်ထိပ်စခန်းကို အားဖြည့်ထားရင် ကောင်းမယ်လို့ထင်တယ်"

ရှာလေခန်၏တင်ပြချက်များမှာ ဆီလျော်သည်။

ကျန်းစီးမုံခေါင်းညိတ်လိုက်သည်။

အားလုံးကလည်း တောင်ခြေစခန်းကို ရုပ်သိမ်းချင်သည်။

အင်အား အကွဲကွဲအပြားပြားဖြစ်နေခြင်းကြောင့် ဖြစ်သည်။ နောက်ဆုံး တောင်ခြေစခန်းကိုရုပ်သိမ်းလိုက်သည်။

သို့ရာတွင် ထိုစခန်းပတ်ဝန်းကျင်တွင် ထောင်ချောက်



မျိုးစုံကို ခြေချစရာမရှိလောက်အောင် ဆင်ထားကြပါသည်။

တောင်ထိပ်စခန်းနှင့် တောင်လယ်စခန်းတွင်လည်း အပေါ်စီးမှ ဖြုတ်ချတိုက်ခိုက်နိုင်သည့် မောင်းတက်အများအပြား ကို အပင်ပန်းခံ၍တပ်ဆင်ထားကြသည်။

ဤသို့တပ်ဆင်ခြင်းမှာ အကြောင်းရှိသည်။

ပထမ ရန်သူကိုဖမ်းမိခြင်းနှင့်-

ဒုတိယ ရန်သူရောက်ရှိလာခြင်း အထောက်အထားများ ရရှိထား၍ဖြစ်လေသည်။

ဒုတိယအကြောင်းမှာ စန်ချီယာ သိုင်းဝိညာဉ်နိုးကြားလာမည့်အချိန်သို့ ရောက်ရှိနေခြင်းကြောင့် ပြင်ပမှရန်သူများရုတ်တ ရက် ဝင်မလာနိုင်ရန်ဖြစ်သည်။

အလယ်စခန်းသို့ စူအီနှင့်စုမုကျန်းကို အင်အားဖြည့်ပြီး တောင်ထိပ်စခန်းသို့ ယင်ချွေးရှာအား ဖြည့်သည်။

စခန်းတစ်ခုလျှင် လူအင်အားငါးယောက်စီ ဖြစ်သွားပေပြီ။

သို့သော် စခန်းတွင် ပုံသေလူဟူ၍မထားရှိတော့ပါ။ လူများကို လဲလှယ်နေပါသည်။ စခန်းနှစ်ခုချထားသော်လည်း လူများမှာ ငါးယောက်စီ ပုံသေမရှိတော့ပါ။

စန်ချီယာတစ်ယောက်သာ တောင်ထိပ်၌နေရပြီး ကျန်လူများမှာ လဲလှယ်နေကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လိုအပ်လျှင် လိုအပ်သလို စခန်းတစ်ခုနှင့်တစ်ခု ကူးချည်သန်းချည်လုပ်နေကြပါသည်။

ရှာလေခန်၏အစီအစဉ်ကလည်း ကောင်းသည်။

တောင်တက် တောင်ဆင်းပြုလုပ်ရာတွင် ကြိုးလှေကားများ၊ စက်သီးများ၊ သယ်ပို့ရန်မောင်းတက်များ တပ်ဆင်ထားသဖြင့် ကူးသန်းရာတွင်လွယ်ကူပါသည်။

ရှာလေခန်က အားသောအချိန်တွင် အလကားမနေပါ။

ကျောက်သန္တာငှက်ကလေးငါးကောင်ကို လေ့ကျင့်လျက်ရှိပါသည်။

ကျောက်သန္တာငှက်ကလေးငါးကောင် အင်အားဖြည့်တင်းပေးပြီး ကင်းတာဝန်ကိုထမ်းဆောင်စေပါသည်။

တောင်ထိပ်စခန်းရှိလူများမှာလည်း စန်ဒီယာ**အနားမှမခွါနိုင်ကြ**တော့ပါ။ စန်ဒီယာကို အရိပ်တကြည့်ကြည့် **လုပ်နေကြပါသည်။**

စန်ဒီယာသည် အားလုံး၏အသက်ဖြစ်နေပြီ **မဟုတ်ပါတော့။**

စန်ဒီယာအတွက် ကူညီပံ့ပိုးရမည့်အစီအစဉ်များကို **ကျုန်းစီး**မုံကပင် ဆောင်ရွက်ပါသည်။ သို့ရာတွင် တစ်ခုခုပြုလုပ်တော့မည်ဆိုလျှင် အာလုံးနှင့်တိုင်ပင်သည်။

လူအင်အားအများစုက ထောက်ခံမှုပြုလုပ်ပေးပါသည်။



ပထမအဆင့်အနေဖြင့် စန်ဒီယာအား အဖျားတက်စေမည့်ဆေးလုံးကို တိုက်ကျွေးရမည်ဖြစ်သည်။

ဆေးလုံးတိုက်ရမည့်အချိန်ကို-

နေ့တစ်နေ့၏အကူးအပြောင်းကာလဖြစ်သည့် သန်းခေါင်ယံအချိန်၌ တိုက်ကျွေးရန် ရွေးချယ်သတ်မှတ်လိုက်သည်။

စန်ဒီယာနေရမည့်နေရာကိုလည်း မြေအောက်လိုဏ်ဂူ ကို ရွေးချယ်လိုက်သည်။

မြေအောက်လိုဏ်ဂူထဲရှိ ကျောက်ဖျာပေါ်ဝယ် **စန်ဒီယာ**သည် ပက်လက်ကလေးဖြစ်နေပါသည်။ ကျုန်းစီးမုံက ထို**အတိုင်း**ကိုင်စက်နေစေခြင်းဖြစ်ပါသည်။

သူ့ခန္ဓာကိုယ်အထက်ပိုင်း ဗလာကျင်းနေသည်။

အောက်ပိုင်းတွင်းလည်း ဘောင်းဘီတိုတစ်ထည်သာ ဝတ်ဆင်ထားပါသည်။

ကျောက်ဖျာခေါင်းရင်းဘက်၌ ကျုန်းစီးမုံရပ်နေပါသည်။

ကျောက်ဖျာ၏ လက်ဝဲဘက်တွင် စူဘီ၊ ယင်ဆွေးရှာနှင့်

www.burmeseclassic.com

www.burmeseclassic.com



လိစ္ဆန်းတို့ တန်းစီရပ်နေပါသည်။

လက်ယာဘက်တွင် ကျင်အိမေ၊ စုမုကျွန်း၊ ချိယူလန်းနှင့် လင်းယုန်ချူပြောင်တို့ ပါဝင်ကြပါသည်။

လောလောဆယ် အလယ်စခန်းလူများကို တောင်ထိပ်စခန်းသို့ ခေါ်ယူလိုက်ခြင်းဖြစ်ပါသည်။ တောင်ထိပ်စခန်းတွင် လူများစုပေးမိကြပါသည်။

တောင်လယ်စခန်းတွင် ငှက်ကလေးများနှင့် ထောင်ချောက်များသာ ကျန်ရစ်ခဲ့ပါသည်။ ထောင်ချောက်ကတော့ ခြေချစရာနေရာပင် မရှိပါ။

ရှာလေခန်သည် အားသည်နှင့် ထောင်ချောက်တစ်ခု မဟုတ်တစ်ခု ဆင်တော့သည်။

စန်ချီယာအား ဆေးလုံးတိုက်ကျွေးသည့်အချိန်သည် အရေးကြီးဆုံး စိတ်ဝင်စားဖွယ်အကောင်းဆုံးအချိန် ဖြစ်သဖြင့် လူတိုင်းက ထိုအချိန်တွင် စန်ချီယာအနားတွင်ရှိနေချင်ကြသည်။

ကျန်းစီးမုံသည် ဆေးလုံးကလေးကိုကိုင်ထားရင်း စန်ချီယာကိုပြောလိုက်သည်။

"လူကလေး စိတ်ကိုတည်ငြိမ်အောင်ထား၊ ဆေးလုံး ပါးစပ်ထဲရောက်တာနဲ့ မျိုချလိုက်ရမယ်၊ ရေမသောက်ရဘူး၊ ဆေးလုံးဝင်သွားတဲ့အချိန်မှာ ဘာစကားမှလဲမပြောရဘူး၊ ကိုယ်ထဲမှာ ဘယ်လိုခံစားနေ ခံစားနေ ထုတ်မပြောရဘူး၊ နားလည်လားလူလေး"



စန်ချီယာက ခေါင်းညိတ်ပြလိုက်ပါသည်။

လူအားလုံးမှာ အသက်ပြင်းပြင်းမရှူနိုင်ကြပေ။

သူတို့အကြည့်များက စန်ချီယာထံသို့သာ စုပြုံရောက်ရှိနေကြပါသည်။

ချိယူလန်းကား နှုတ်ခမ်းကိုဖိကိုက်ကာ တုန်တုန်ယင်ယင်ဖြင့် ဖြစ်နေရှာသည်။

သူမ အလွန်စိတ်လှုပ်ရှားနေသည်။ စန်ချီယာမည်သို့ဖြစ်လာမည်ကို သူမ သိနေသော်လည်း စိတ်လှုပ်ရှားမှုကို မထိန်းနိုင်ဘဲဖြစ်နေသည်။

"ကဲ- လူကလေး၊ ပါးစပ်ဟ ဆေးတိုက်မယ်"

စန်ချီယာသည် ချိယူလန်းအား တစ်ချက်ကြည့်လိုက်ပြီးနောက် ပါးစပ်ဟလိုက်သည်။

ကျန်းစီးမုံသည် ဆေးလုံးကို ပါးစပ်ထဲသို့အသာကလေးထည့်လိုက်သည်။

စန်ချီယာသည် လျှာဖြင့်လိပ်ကာမျိုချလိုက်သည်။

အားလုံးကပင် စန်ချီယာ၏မျက်နှာကို စူးစိုက်ကြည့်နေမိကြသည်။

စန်ချီယာ မည်သို့ထူးခြားလာမည်လဲဟု။

စန်ချီယာ၏မျက်နှာအမူအရာမှာ ချက်ချင်းပြောင်းသွားသည်။ သူ့မျက်နှာ ရှုံ့မဲ့သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးအစုံမှာ ဝိုင်းစက်ပြူးကျယ်လာသည်။

နှုတ်ခမ်းများ တဆတ်ဆတ်တုန်လာသည်။

နဖူး၌ ချွေးများထွက်လာသည်။

လည်ချောင်းကြောကြီးများ ထောင်ထလာသည်။

သူကြည့်နေပုံမှာ ကြည့်နေသူများကို တစ်စုံတစ်ခု ပြောကြားလိုဟန်ရှိသည်။

သို့ရာတွင် ကျန်းစီးမုံက မှာကြားထားသဖြင့် သူ့ကိုယ်သူ ထိန်းချုပ်ထားပုံရသည်။

ဘာမျှမပြောပေ။

ဝိုင်းကြည့်နေသူများမှာလည်း မေးမြန်းလိုစိတ်ကို မျိုသိပ်ထားရသည်။

အရေးကြီးသည့်အချိန် မဟုတ်ပါလား။

ထို့နောက် မေးမြန်းလိုသူများက ကျန်းစီးမုံကိုကြည့်လိုက်ကြသည်။

ကျန်းစီးမုံက အေးဆေးစွာပြောသည်။

"ဘာမှမစိုးရိမ်နဲ့၊ ဒါရှေးဟောင်းကျမ်းတွေရဲ့ ကမ္ဘာဦးလူ့ဟူကွမ်းညွှန်ကြားချက်အတိုင်း တစ်သဝေမတိမ်း လုပ်ဆောင်တာပဲ၊ ဘာမှဖြစ်ပေါ်လာစရာမရှိဘူး၊ အတိမ်းအစောင်းလဲမရှိဘူး၊ စောင့်သာကြည့်နေကြ၊ မကြာခင် သူထူးခြားတော့မယ်"

ထိုအချိန်တွင် စန်ချီယာမှာ ဆေးတန်ခိုးပြစပြုတော့၏။



အသားများ ပြာနှမ်းလာကာ တစ်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြစ်လာတော့သည်။

စန်ချီယာ စတင်ဖျားလေပြီ။

စန်ချီယာသည် အံကိုတင်းတင်းကြိတ်ထားပြီး အသက်ရှူသံ မြန်ဆန်ကျယ်လောင်လာတော့သည်။

အတန်ကြာတော့မှ ဟင်းခနဲသက်ပြင်းချကာ မျက်လုံးစုံမှိတ် အိပ်ပျော်သွားပါတော့သည်။

ကျန်းစီးမုံသည် သူ့နဖူးကိုစမ်းကြည့်လိုက်သည်။ ခေါင်းကိုဆတ်ခနဲညိတ်ပြီး ပြောလိုက်သည်။

"သူအိပ်ပျော်သွားပြီ၊ ဒီအတိုင်း ဆက်အိပ်ပျော်နေလိမ့်မယ်၊ သူအိပ်ပျော်ပါစေ"

ကျန်းစီးမုံသည် လူအားလုံးကို မြေအောက်လိုဏ်ဂူထဲမှ အားလုံးတက်စေသည်။

"သူ့ကို ဒီအတိုင်းထားခဲ့မှာလားဟင်"

ချီယွလန်းက စိုးရိမ်တကြီးမေးလိုက်သည်။

ချီယွလန်း မေးမည်ဆိုက မေးစရာပင်။

စန်ချီယာမှာ အထက်ပိုင်း ဗလာကျင်းလျက် ဘောင်းဘီတိုကလေးနှင့် စောင်မရှိဘဲ အိပ်စက်နေခဲ့ရ၍ဖြစ်သည်။

"ဒီအတိုင်းပဲထားခဲ့ရမယ် သမီး၊ နည်းနည်းလေး ပြုပြင်လိုက်တာနဲ့ အစီအစဉ်အားလုံးပျက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျန်လူများမှာ မမေးသာတော့ပေ။

မြေညီထပ်ရောက်တော့မှ ကျန်းစီးမုံက မှာကြားစရာရှိသည်ကို အလေးအနက်မှာကြားတော့သည်။

"ဒီနေ့ကစပြီး သူအဖျားတက်တော့မယ်၊ ဖျားမှာက နည်းနည်းလေးဖျားမှာမဟုတ်ဘူး၊ အပြင်းဖျားမှာ၊ စိုးရိမ်ပြီး သူ့အတွက်ဘာမှလုပ်မပေးကြနဲ့၊ အားလုံးဒုက္ခရောက်သွားမယ်"

လူတစ်ယောက်စီ၏မျက်နှာကို ကြည့်လိုက်ပြီး-

"တို့အနေနဲ့ သူ့ဘေးမှာ တစ်ယောက်တစ်လှည့်စီ စောင့်ကြပ်ပေးရမယ်၊ တစ်နေ့ကို လူလေးယောက်အလှည့်ကျစောင့်ကြရလိမ့်မယ်"

"စောင့်တဲ့လူက ဘာလုပ်ပေးရမလဲ"

စူအီက ဝင်မေးလိုက်သည်။

"ဒီနေရာမှာ အရေးကြီးတယ်၊ လုပ်သင့်တဲ့အလုပ်ရှိတယ်၊ လုပ်မပေးသင့်တဲ့အလုပ်ရှိတယ်၊ အဲဒါကိုတော့ ခွဲခွဲခြားခြားသိထားမှဖြစ်မယ်"

စူအီက-

"ဟုတ်ကဲ့- အဲဒါတို့ရှင်းပြပါဦး၊ ဒီလူတွေ အကုန်လုံး စောင့်ရမှာမို့ အားလုံးသိထားဖို့လိုပါတယ်"

လင်းယုန်ချူပြောင်ကလည်း-

"ဟုတ်တယ်--နောင်ကြီး ကျန်းစီးမုံ၊ အဲဒါတွေကို သိထားမှဖြစ်မယ်၊ တော်ကြာ လုပ်သင့်တာ မလုပ်၊ မလုပ်သင့်တာ လုပ်မိသွားမယ်"



ကျန်းစီးမုံက ခေါင်းညိတ်လိုက်သည်။

"သူ့ကို စောင့်နေသူဟာ သူ့အရိပ်အကဲကို ကြည့်နေမယ်၊ ဥပမာ--လူးရင့်လွန့်ရင်း ကျောက်ဖျာပေါ်က လိမ့်ကျတော့မယ်ဆိုပါတော့၊ အဲဒါမကျအောင် ထိန်းသိမ်းဖို့လိုတယ်၊ ပိုးကောင်မွှားကောင်တွေ သူ့ကိုယ်ပေါ် တက်လာမယ်၊ ဝင်နားမယ်ဆိုရင်တော့ လှန့်ပေးဖို့၊ မောင်းပေးဖို့ လိုပါတယ်"

"လုပ်မပေးသင့်တာကိုလဲ ပြောပါဦး"

"ဒါက ပိုအရေးကြီးပါတယ်၊ သူ အဖျားကြီးပြီး ယောင်ယမ်းညည်းညူမယ်၊ ဒါကို ဆန္ဒစောပြီး နှိပ်ပေးတာတို့ ဆေးတိုက်တာတို့ ဘာတို့ မလုပ်ရဘူး၊ သူ့အသားကို တတ်နိုင်ရင် လက်ဖျားနဲ့ မထိတာ ကောင်းတယ်"

"ဒီလောက်တောင်ပဲလား"

"ဒါ့ထက်တောင် ပိုချင်ပိုမယ်၊ အဓိကကျတာကတော့ သူအဖျားတက်နေချိန်မှာ သူ့ခန္ဓာကိုယ်အတွင်းအပြင်နှစ်ရပ်စလုံးပြင်ပက အရာဝတ္ထုတွေနဲ့ မထိမိစေဖို့ပါပဲ၊ အဲဒါကိုတော့ ကြပ်ကြပ်ဂရုစိုက်ရမယ်"

"အလယ်စခန်းကလူတွေအနေနဲ့ သူ့ကို ဘယ်လိုစောင့်ပေးရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



စုမုကျန်းက မေးလိုက်သည်။

"ဒီအတွက်တော့ အလယ်စခန်းက လူတွေ စောင့်ဖြစ်အောင် စခန်းမှာလဲ လူရှိအောင် တစ်နေ့ နှစ်ယောက်လာကြ၊ အလှည့်နဲ့ လာပေါ့။ သူတို့ နှစ်ယောက်လာရင် တောင်ထိပ်စခန်းက လူနှစ်ယောက် အောက်ဆင်းပေးရမယ်၊ တောင်လယ်စခန်းမှာ အားမပျက်သွားဘူးပေါ့"

ကျန်းစီးမုံက ဤသို့ စီစဉ်ဆောင်ရွက်ပေးလိုက်တော့သည်။

❀



## အသားချင်းထိတွေ့ခြင်း

စန်ချိုယာသည် အကြီးအကျယ်ဖျားနေလေပြီ။ သူ့အား အလှည့်ကျစောင့်နေရသူမှာ ရှာလေခန်ဖြစ်သည်။

သူ၏ကျောက်သန္တာငှက်ကလေးများကို ကင်းစေလွှတ်ပြီး ပြီဖြစ်၍ တာဝန်ငြိမ်းနေလေပြီ။

မြေအောက်ဂူသည် အေးစိမ့်နေသည်။

သာမန်အားဖြင့် အေးစိမ့်နေသောဂူထဲ နေသူသည် ချမ်းနေရမည်ဖြစ်သော်လည်း စန်ချိုယာကား ချစ်ချစ်တောက် ပူလောင်လျက်ရှိနေ၏။

အသားချင်းထိခွင့်မရသည့်အတွက် ပူလောင်နေသည်ကို မသိရှိရသော်လည်း ကြည့်ရုံနှင့်သိနိုင်ပေသည်။

အပူရှိန် မည်မျှတက်နေသည်ကို ခန့်မှန်းနိုင်သည်။ အသားများနီမြန်းနေသည်ကိုကြည့်၍လည်း သိသာသည်။

www.burmeseclassic.com

www.burmeseclassic.com



အပူကြီးလွန်းသဖြင့် နှာခေါင်းမှသွေးများပင် ယိုစီးစိမ့်ကျလာသည်။

လူသည်လည်း ကျောက်ဖျာပေါ်တွင် လူးလှိမ့်နေသည်။ ရှာလေခန်သည် ကျောက်ဖျာအောက်သို့လှိမ့်မကျအောင် အထူးစီမံပြုလုပ်ထားသည့်ပိုက်ကွန်ဖြင့် ထိန်းပေးနေရသည်။

လက်ဖြင့် ထိန်းမပေးပေ။ စန္ဒီယာ၏ခန္ဓာကိုယ်ကို လက်ဖြင့်ထိကိုင်ခွင့်မရှိဟု ဆိုထားသည်မဟုတ်ပါလား။

စန္ဒီယာ၏အဖျားသည် အလွန်ပြင်းထန်၏။

လူတစ်ယောက်သာ ထိုနည်းထိုပုံဖျားနေလျှင် မုချသေပေလိမ့်မည်။

သွားချင်းတကျိကျိကြိတ်နေခြင်းမှာ သွားများပဲ့ကြွေသွားမလောက်ပင်။ ပါးစပ်ကလည်း ကယောင်ကတမ်းများပြောဆိုလျက်ရှိနေသည်။

အလှည့်ကျကင်းစောင့်ရသူတိုင်းမှာ မြင်ရကြားရသည်များအတွက် လွန်စွာစိတ်ထိခိုက်ကြရသည်။ မိန်းမသားများဆိုပါက မျက်ရည်ကျကြရသည်။

သူတို့ပြုစုချင်ပါသော်လည်း ကျန်းစီးမုံ၏အမှာစကားအရ မည်သူမျှ မပြုစုနိုင်ကြပေ။

ဤသို့လူးလှိမ့်နေရာမှ နှစ်ရက်သောညတွင် စန္ဒီယာသည် ကျောက်ဖျာပေါ်၌ထရပ်ကာ သိုင်းကွက်များခင်းနေတော့၏။



ထိုသိုင်းကွက်များသည် ထူးဆန်းထွေပြား၏။

ကြည့်ရှုနေသူများအနေဖြင့် မည်သို့မျှ မသိသော သိုင်းကွက်များပင်တည်း။

ထိုစဉ် အလှည့်ကျသူမှာ ကျန်းစီးမုံပင်။

ကျန်းစီးမုံသည် စန္ဒီယာခင်းကျင်းသည့် သိုင်းကွက်များကိုလိုက်လံမှတ်သားနေသည်။

သူ့ခေါင်းထဲတွင် ရှိရှိသမျှသောသိုင်းကွက်များနှင့် ချိန်ထိုးကြည့်နေသည်။

တစ်ခုမျှနှင့်မတူပေ။

တစ်ခါတစ်ရံတွင် စန္ဒီယာသည် လေထဲသို့ကျွမ်းထိုးတက်သွားသည်။ သို့သော် ကျောက်ဖျာထက်သို့ပင်ပြန်ကျလာသည်။

ထို့နောက်-

ပြန်လှဲချကာ အဖျားတက်နေပြန်တော့သည်။

လိစွန်းစောင့်အလှည့်ကျချိန်တွင်ကား စန္ဒီယာသည် စန့်စန့်ကြီးအိပ်ပျော်နေသည်။

အဖျားလည်း လုံးဝတက်မနေပေ။ အိပ်မောကျနေသည်။ အသက်မှရှိသေးရဲ့လားဟု ထင်မှတ်စရာပင်။

ထိုအချိန်တွင် လိုဏ်ဂူထဲရှိ ထွန်းထားသည့်မီးရောင်သို့ ပရွက်ပျံများ အုပ်လိုက်ကျရောက်သည်။

ပုရွက်ပျံများသည် စန္ဒီယာ၏ကိုယ်ပေါ်သို့ကျရောက်နေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ လိစ္စန်းကြည့်လိုက်သောအခါ စန်ဒီယာကိုယ်ပေါ်၌ ပုရွက်ပုံ များ ဖွေးဖွေးလှုပ်နေသဖြင့် လိစ္စန်းသည် အတွင်းအားထုတ်ကာမှတ် ထုတ်ရတော့သည်။

ပြင်းထန်စူးရှသောလေရှိန်ကြောင့် ပုရွက်ပုံများ လွင့်စဉ် သွားကုန်သည်။

စန်ဒီယာကား တုတ်တုတ်မျှမလှုပ်ပါ။

အသေကောင်ကဲ့ သို့ အိပ်မောကျလျက်ရှိနေပါသည်။

ယင်ဇွေးရှာကင်းကျသောအလှည့်တွင် စန်ဒီယာသည်ရှိုက် ကြီးတငင်ငိုကွေးနေသဖြင့် ယင်ဇွေးရှာမှာ အတော်ပင် အံ့အားသင့် သွားရပါသည်။

နောက်မှ ကျန်းစီးမုံတို့ သတိပေးထားသည့်အချက်ကို သတိရပြီး ဤအတိုင်းကြည့်နေရပါသည်။

စန်ဒီယာသည် ရှိုက်ကြီးတငင်ငိုကွေးပြီး ပြန်လည်၍ အငို တိတ်သွားပါသည်။

သိုင်းကွက်များ ထကစားပြီးနောက် ပြန်လည်အိပ်ပျော် သွားပြန်လေသည်။

စုမုကျန်းအလှည့်တွင် စန်ဒီယာသည် ငုတ်တုတ်ကြောင် တောင်ကြီးထထိုင်နေပါသည်။ သူသည် ထိုင်ရုံတင် ထိုင်နေသည် မဟုတ်ပါ။

စုမုကျန်းကိုလည်း စိန်းစိန်းကြီးကြည့်နေပါသည်။



စုမုကျန်းကလည်း သူ့ကိုပြန်စိုက်ကြည့်ပါသည်။

အချိန်ကြာမြင့်စွာ အကြည့်ချင်းပြိုင်နေကြပါသည်။

အချိန်ကြာလာသည်နှင့်အမျှ စန်ဒီယာ၏ မျက်လုံးများ သည် မီးကျီးမီးခဲပမာ ရဲရဲတောက်လာပါသည်။

စုမုကျန်း မျက်နှာလွှဲလိုက်ရသည်။

ထိုမျက်လုံးများကို စုမုကျန်း ရင်မဆိုင်ရဲပါ။

စန်ဒီယာသည် စုမုကျန်းမျက်နှာလွှဲသွားသောအခါမှ တ ဟားဟားရယ်ပြီး ကျောက်ဖျားပေါ် လှဲချလိုက်သည်။

ထို့နောက် အိပ်ပျော်သွားတော့သည်။

သုံးရက်မြောက်သောနေ့တွင် လင်းယုန်ချူးပြောင်က ကင်း စောင့်ရ၏။ လင်းယုန်ချူးပြောင်မှာ စိတ်အေးချမ်းသာစွာ စောင့် ကြည့်နေရသည်။

အဘယ့်ကြောင့်ဆိုသော် လင်းယုန်ချူးပြောင်စောင့်နေရ သည့်နာရီပိုင်းအချိန်အတွင်း စန်ဒီယာမှာ လုံးဝအိပ်ပျော်နေသော ကြောင့်ဖြစ်သည်။

အဖျားတက်သည့်လက္ခဏာ လုံးဝမရှိသဖြင့် ချူးပြောင် စိတ်အေးနေရသည်။

နိုးနိုးလူတစ်ယောက် စိတ်အေးလက်အေး အိပ်ပျော်နေ သည့်ပုံစံမျိုး အိပ်ပျော်နေသဖြင့် လင်းယုန်ချူးပြောင်မှာ ငြိမ်စွာ စိတ်အေးနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကျင်အိမေ တာဝန်ကျသည်။ ကျင်အိမေမှာ သားကလေးအပေါ် ကြင်နာသည့်စိတ်ဖြင့် မျက်ရည်ဖြိုင်ဖြိုင်ကျနေရှာသည်။

သူမ၏နှလုံးသားတွင် မိခင်မေတ္တာသာ လွှမ်းခြုံနေပေသည်။ သူမအနေဖြင့် စန်နီယာ ယခုကဲ့သို့ခံစားနေရခြင်းမှာ ကောင်းကျိုးချမ်းသာများရရှိလိမ့်မည်ဟု မျှော်လင့်ထားနေ၍ ဤမျှသည်းခံနေခြင်းသာဖြစ်ပါသည်။

စန်နီယာ အဖျားတက်ချင်တိုင်းတက်နေသည်ကို ထိုင်ကြည့်နေရခြင်းအားလည်း သူမ စိတ်တိုင်းမကျပါ။

သို့ရာတွင် ကျန်းစီးမုံစကားအရ အောင့်အည်းသည်းခံနေရတော့သည်။

စန်နီယာမှာ ကျောက်ဖျာထက်၌ လူးလိမ့်ရင်း တဟီးဟီး အဖျားတက်နေသည်။

ဖြစ်သင့်သည်မှာ လင်းယုန်ချူပြောင်၏အလှည့်တွင် ဤသို့ တဟီးဟီးအဖျားတက်သင့်ပြီး ကျင်အိမေအလှည့်တွင် ငြိမ်သက်နေသင့်ပါသည်။

သို့မှသာ ကျင်အိမေ စိတ်အေးချမ်းသာမှု ရရှိနိုင်မည်ဖြစ်ပါသည်။ ယခုတော့ ပြောင်းပြန်ဖြစ်နေသည်။

စန်နီယာမှာ လူးလိမ့်ရင်း နှာခေါင်းမှသွေးများ လျှံလာပါတော့သည်။



နှုတ်ခမ်းမှသွေးများကလည်း ခြောက်သွေ့အက်ကွဲလာပါသည်။

ကိုယ်ခန္ဓာပေါ်မှ ချွေးများ အဆက်မပြတ်ထွက်နေသဖြင့် ကျောက်ဖျာထက်တွင် စွဲနစ်နေသည်။

ကျင်အိမေမှာ တဒင်္ဂခံစားချက်များသာဖြစ်ကြောင်းသတိပေးနေရသည်။ သူမ၏တာဝန်ကျမှုပြီးဆုံးသည့်တိုင် သူမသည် နောက်ဆံတငင်ငင်ဖြစ်နေရတော့သည်။

သို့သော် သူမဘာမျှမတတ်နိုင်။ သုံးရက်အဖျားတက်ပြီးလျှင် အဆင့်သစ်တစ်ခုသို့ရောက်ရှိတော့မည်မဟုတ်ပါလော။

သုံးရက်မြောက်သောနေ့ နံနက်ပိုင်းတွင် အလှည့်ကျသူကချိုယူလန်းဖြစ်ပါသည်။

ချိုယူလန်းသည် သူမ၏ချစ်သူစန်နီယာကို စောင့်ကြပ်ရမည်ဖြစ်၍ နိုးနိုးကြားကြားတက်တက်ကြွကြွဖြစ်နေလေသည်။

သို့ရာတွင် တကယ်တမ်းမြင်ရသောအခါ သူမ ရင်ထုမနာဖြစ်ရသည်။ စန်နီယာ၏အဖြစ်ကိုတွေ့ရသည့်အခါ မမြင်ဝံ့အောင်ဖြစ်နေရတော့သည်။

စန်နီယာကလည်း သူမအား လုံးဝမမှတ်မိချေ။

စန်နီယာအနီးသို့ သူမ ရောက်သည့်အချိန်တွင် စန်နီယာသည် တဟင်းဟင်းညည်းညူလျက်ရှိပြီး ကျောက်ဖျာထက်၌ ထိုင်လျက်ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



စန်းချိုယာအဖျားတက်နေသည်ကို ကြေကွဲဝမ်းနည်းလျက် ကြည့်ရှုနေသည်။ ကြည့်ရင်းကြည့်ရင်း ချိုယူလန်း၏ရင်ထဲ၌ ဆို့တက်လာလေတော့သည်။

စန်းချိုယာမှာ ကြည့်မကောင်း ရှုမကောင်းဖြစ်နေသည် မဟုတ်ပါလော။

ထိုအခိုက်မှာပင် စန်းချိုယာ၏ နှာခေါင်းသွေးများ လျှံကျလာသည်။ စန်းချိုယာ၏ရင်ဘတ်တစ်ခုလုံး နှာခေါင်းသွေးများ စိုရွှဲကုန်သည်။

ချိုယူလန်းသည် သွေးများကိုသုတ်သင်ပေးရန် လက်လှမ်းလိုက်သည်။

ထိုခဏတွင် ကျန်းစီးမုံ၏သတိပေးချက်ကို ဒိုင်းခနဲသတိရလိုက်ပြီး လက်ပြန်ရုပ်လိုက်ရလေသည်။

သွေးများက မြင်မကောင်းအောင်ကျဆင်းနေသည်။

ချိုယူလန်းခမျာ နှုတ်ခမ်းကိုသာတင်းတင်းဖိကိုက်ထားရတော့သည်။

ခဏမျှကြာသောအခါ သွေးကျရပ်သွားသည်။ စန်းချိုယာ အနည်းငယ် လူးလိမ့်နေသည်။

ကျောက်ဖျာအောက် လိမ့်ကျအောင်တော့ မလိမ့်ပေ။

ချိုယူလန်းခမျာ စိုးရိမ်စိတ်ဖြင့်ကြည့်နေရသည်။ နံနက်ချိန်ခါဖြစ်၍ လိုဏ်ဂူထဲတွင်အေးဆေးလင်းချင်းနေပါသည်။



လိုဏ်ဂူမှာလည်း အခါတိုင်းကဲ့သို့ မအေးဘဲ အနွေးဓာတ်ရှိနေသည်ဟုထင်မိသည်။ အနွေးဓာတ်ရသလိုဖြစ်နေ၍ ချိုယူလန်းပင် အံ့ဩမိလေသည်။

"ဟင်း. . ဟင်း. . ဟင်း"

စန်းချိုယာထံမှ ညည်းညူသံထွက်ပေါ်လာသည်။

ချိုယူလန်း ငုံ့ကြည့်မိသည်။ စန်းချိုယာ၏နှုတ်ခမ်းများ တလှုပ်လှုပ်ဖြစ်နေသည်ကိုတွေ့ရသည်။

တစ်စုံတစ်ခုပြောလိုခြင်းဖြစ်လိမ့်မည်ဟုထင်သဖြင့် ကိုယ်ကိုကိုင်းကာ နားကိုစွင့်ထားလိုက်သည်။

စန်းချိုယာ တိုးတိုးခေါ်လေပြီ။

"ညီမ… ညီမ"

"ဟင် …"

ချိုယူလန်း တုန်လှုပ်သွားသည်။ စန်းချိုယာ သတိရနေပြီမဟုတ်ပါလား။

"နေကြာပန်းကလေးရေ…"

"ရှင်- အစ်ကို"

သူမသည် ယောင်ယမ်း၍ထူးလိုက်မိသည်။

စန်းချိုယာသည် ထိုသို့ခေါ်ပြီးသည်နှင့် လူးလိမ့်နေပြန်၏။ မကြာမီ အဖျားတက်လာပြန်သည်။

"ဟီး… ဟီး.. ဟီး"

www.burmeseclassic.com

www.burmeseclassic.com



စန်းချိုယာ အဖျားတက်လာသဖြင့် ချိုယူလန်းခမျာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ရပြန်သည်။

သို့သော် မကြာမီ စန်းချိုယာအဖျားကျသွားသည်။

ထို့နောက် ငြိမ်သက်ကာအိပ်မောကျသွားတော့သည်။

ချိုယူလန်းမှာ ထိုအခါမှပင်သက်ပြင်းချမိလေသည်။

စန်းချိုယာသည် အသက်ကိုမှန်မှန်ရှူပြီး အိပ်စက်နေလေသည်။ အတန်ကြာအိပ်စက်ပြီးမှ မျက်လုံးများပွင့်လာလေသည်။

ချိုယူလန်းကို စန်းချိုယာမြင်သွားလေပြီ။

အကြည့်ချင်း ဆုံမိကြလေပြီ။

ချိုယူလန်း ပြုံးပြလိုက်ပါသည်။

စန်းချိုယာ၏နှုတ်ခမ်းထောင့်၌ အပြုံးရိပ်ပေါ်လာလေ၏။

ချိုယူလန်း ဝမ်းသာသွားသည်။ သူမ ဝမ်းသာပုံမှာ နှိုင်းပြစရာမရှိချေ။

ချိုယူလန်းက စကားပြောရန်အားယူလိုက်သည်။

စန်းချိုယာ၏နှုတ်ခမ်းများကလည်း တလှုပ်လှုပ်တရွရွဖြစ်လာသည်။

"ညီမ"

စန်းချိုယာထံမှ အသံသဲ့သဲ့ထွက်ပေါ်လာသည်။

"ရှင် အစ်ကို"

ချိုယူလန်းအသံတွေ တုန်နေပါသည်။



စန်းချိုယာပုံမှန်အသံဖြင့် ခေါ်လိုက်သည်မဟုတ်ပါလော။

"အစ်- အစ်ကို နေကောင်းနေပြီလားဟင်"

သူမက ဝမ်းသာအားရမေးလိုက်မိသည်။

စန်းချိုယာခေါင်းညိတ်ပြလိုက်သည်။

"အစ်ကို- ညီမဘာလုပ်ပေးရမလဲဟင်"

ချိုယူလန်းက မေးလိုက်သည်။ သူမ အလွန်အားတက်သွားသည်။ စန်းချိုယာသတိရလာပြီမဟုတ်ပါလား။

စန်းချိုယာက ပြုံးလိုက်သည်။

ထို့နောက် စန်းချိုယာ မျက်လုံးများပြန်မှိတ်ကာ အိပ်ပျော်သွားပြန်တော့သည်။

ချိုယူလန်း ပျော်နေလေပြီ။ စန်းချိုယာ သတိကောင်းစွာပြန်ရနေပြီမဟုတ်ပါလား။

ယနေ့ သုံးရက်မြောက်နေ့ဖြစ်သည်။

ယနေ့ စန်းချိုယာ ပြန်လည်၍ နလန်ထလာခြင်းဖြစ်မည်ဟု သူမ ယုံကြည်မိသည်။

ထိုစဉ် ...

"ညီမ- ညီမ"

ချိုယူလန်း လန့်သွားသည်။ အဖျားကျပြီး အိပ်ပျော်၍နေသည့်စန်းချိုယာ ပြန်နိုးလာသောကြောင့်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

ချိုယူလန်း အလန့်တကြားအသံပြုမိသည်။

"ညီမ- ညီမ"

စန်ချိုယာကခေါ်ပြန်သည်။

သူတစ်ကိုယ်လုံး တုန်ယင်နေသည်။

"ဘာဖြစ်လို့လဲအစ်ကိုရယ်"

ချိုယူလန်းက အားငယ်စွာမေးလိုက်သည်။

"ချမ်းတယ်"

စန်ချိုယာ၏အသံက ခပ်ယဲ့ယဲ့ဖြစ်သည်။

"ဟင်..."

"ချမ်းတယ်၊ အစ်ကိုချမ်းတယ်"

မှန်ပါသည်။ သူ့ခန္ဓာကိုယ်တွင် အဝတ်မှမရှိဘဲကိုး။

ဘောင်းဘီတိုတစ်ထည်တည်းသာ သူ့ခါးတွင်ရှိသည်။ သူချမ်းမည်ဆိုက ချမ်းလောက်စရာရှိသည်။

"အစ်ကို့ကို ဖက်ထားစမ်းပါညီမရယ်"

"ရှင်"

ချိုယူလန်း ချိတုံချတုံဖြစ်နေသည်။

ကျွန်းစီးမှုံက စန်ချိုယာအား မထိရ မကိုင်ရ တားမြစ်ထားသည်မဟုတ်ပါလား။

ဖက်ခြင်းမှာ ထိကိုင်သည်ထက်ဆိုးပါသည်။



"အစ်ကို အဖျားကျပြီလားဟင်"

ချိုယူလန်းက သေချာအောင်ထပ်မေးလိုက်သည်။

"ချမ်းလွန်းလို့ပါညီမရယ်၊ ဖက်ထားစမ်းပါ"

"ဦးလေးကျွန်းက ပြောထားလို့ပါ အစ်ကိုရယ်၊ ဘာပဲဖြစ်ဖြစ် အစ်ကို့ကို မထိရ မကိုင်ရဘူးတဲ့"

"အို- သူတို့ပြောချင်တာတွေပြောတာပါ၊ အစ်ကိုသိပ်ချမ်းနေတယ်၊ ဖက်ထားစမ်းပါ"

ပြောရင်း စန်ချိုယာလက်ကမ်းလာသည်။

ချိုယူလန်းခမျာ ချိတုံချတုံဖြစ်နေရှာတော့သည်။

တစ်ဖက်က ကျွန်းစီးမှုံ၏စကား၊

တစ်ဖက်က ချစ်သူ၏ကမ်းလှမ်းမှုမှ

မည်သည့်ဘက်သို့ လိုက်ရပါမည်နည်း။

ချိုယူလန်း စဉ်းစားရကျပ်နေသည်။ သို့ရာတွင် သုံးရက်ပြည့်မြောက်ခြင်း၊ စန်ချိုယာ အဖျားကျခြင်းတို့မှာမူ စန်ချိုယာ၏ ကောင်းကွက်များဖြစ်ပေသည်။

ချိုယူလန်းသည် ထိုသို့စဉ်းစားပြီးသည်နှင့် စန်ချိုယာအား ရင်ခွင်ထဲပွေ့ပိုက်လိုက်တော့သည်။

✧

www.burmeseclassic.com

www.burmeseclassic.com



## အပြုံးချင်းလှယ် အသက်ချင်းလှယ်

သူမသည် ဖက်ပြီးသည်နှင့် မှားမှန်းသိလိုက်သည်။

ထိုအခါ ချက်ချင်းပင် လူချင်းခွါလိုက်ရန် ဟန်ပြင်လိုက်သည်။ မရတော့။ စန်ဒီယာ၏လက်နှစ်ဖက်က ပြုတ်တူပမာ တင်းကျပ်စွာပွေ့ဖက်ထားလေပြီ။

ရုန်းထွက်မရတော့ပေ။

စန်ဒီယာ၏တစ်ကိုယ်လုံးမှာလည်း မီးပုံတစ်ပုံအလား ချစ်ချစ်တောက်ပူလျက်ရှိနေသည်။

ရင်လည်း အလွန်ခုန်လျက်ရှိသည်။ သူ အဖျားမကျသေးသည်တကား။

ချိုယူလန်းတစ်ကိုယ်လုံး တဆတ်ဆတ်တုန်သွားပါသည်။

ခဏအကြာတွင် စန်ဒီယာ သူမအားလွှတ်လိုက်ပါသည်။

"ဟား... ဟား... ဟား"



စန်ဒီယာ အားပါးတရအော်ရယ်လေတော့သည်။

ချိုယူလန်း ကြောက်ကြောက်လန့်လန့်ဖြင့် ကြည့်နေသည်။ သူမ မှားယွင်းခဲ့ပြီမဟုတ်ပါလား။

"ပေ့... နေကြာပန်းကလေးရေ"

စန်ဒီယာသည် ချိုယူလန်းကို မကြည့်၊ မျက်နှာကြက်ကို မော်ကြည့်လျက် အော်လိုက်သည်။

"ရန်သူတွေလာပြီ၊ ရန်သူတွေလာပြီ၊ တိုက်ကြ- တိုက်ကြ ဘယ်သူမှမပြေးနဲ့"

"လုပ်ကြပါဦး၊ ကျွန်တော့်ကိုချုပ်ထားကြပြီ၊ ကျွန်တော့်ကို ချုပ်မထားကြပါနဲ့"

"ကမ္ဘာဦးလောင်မီးသိုင်းကွက်၊ ကမ္ဘာဦးလောင်မီးသိုင်းကွက်၊ တွေ့ပြီ- တွေ့ပြီ၊ ငါ့သိုင်းကွက်ကွ၊ ဟား...ဟား...ဟား"

စန်ဒီယာသည် ကယောင်ကတန်း တွေ့ကရာ အော်ဟစ်နေတော့သည်။

နှာခေါင်းထဲမှသွေးများလည်း စီးယိုကျလာသည်။

သွေးများ အဆက်မပြတ်ကျလာသဖြင့် သူ့ရင်ဘတ်တွင် မြင်မကောင်းတော့ချေ။

"ဟာ- ရေတံခွန်. . ရေတံခွန်. . ရေတံခွန်ကို ခုမှတွေ့ရတော့တယ်၊ ရေချိုးရမယ်"

စန်ဒီယာသည် နှာခေါင်းမှသွေးများကို လက်ခုပ်ဖြင့်ခံယူ

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ကိုယ်ကိုသုတ်လိမ်းလိုက်သည်။

"ဝှစ်..."

သူသည် ကျောက်ဖျာပေါ်၌ထရပ်ကာ တစ်ပတ်ကျွမ်းထိုးလိုက်လေသည်။

"ဝှစ်. ."

"ဝှစ်. ."

"ဝှစ်. ."

သို့သော် သူ့သိုင်းကွက်များမှာ စနစ်မကျချေ။

ပရမ်းပတာသိုင်းကွက်များဖြစ်သည်။ သိုင်းကွက်ဟုပင်မခေါ်နိုင်ပါ။

အရွှးတစ်ယောက် လှုပ်ရှားပုံမျိုးနှင့်တူနေပါသည်။

ထိုအခိုက် အပြေးအလွှားဝင်လာသော ခြေသံများကြားလိုက်ရတော့သည်။ ဆူဆူညံညံဖြင့် ပြေးဝင်လာခြင်းဖြစ်သည်။

ရှေ့ဆုံးမှပြေးဝင်လာသူကား ကျင်အိမေပင်ဖြစ်သည်။

ကျင်အိမေ၏နောက်မှ ပြေးဝင်လာသူကား ကျန်းစီးမုံနှင့်စုမုကျန်းတို့ဖြစ်သည်။

နောက်မှ ရှာလေခန်နှင့်ယင်စွေးရှာ၊ နောက်ဆုံးဝင်လာသူကား ချူးပြောင်နှင့်လီစွန်းတို့ဖြစ်ကြပါသည်။

"ဘာဖြစ်ကြတာလဲ"

ကျင်အိမေက အမောတကောမေးသည်။



သူမသည် ဘာမှန်းမသိ၊ ညာမှန်းမသိ ဆူညံဆူညံ ကြားရသဖြင့် ဓားဆွဲ၍ဝင်လာခြင်းဖြစ်သည်။

စန်ချိယာသည် သူတို့အား လက်ညှိုးထိုး၍ရယ်မောနေလေတော့သည်။

"ဟား. . ဟား. . ဟား၊ အရူးတွေ. . အရူးတွေ၊ မင်းတို့အားလုံးထွက်သွားကြ၊ အရူးတွေ"

ကျန်းစီးမုံ မျက်မှောင်ကြုတ်လိုက်သည်။

စန်ချိယာသည် ကျောက်ဖျာပေါ်၌ ခုန်ပေါက် ကခုန်နေလေသည်။

သူတို့သည် အခြေအနေကိုရိပ်မိသွားဟန်ဖြင့် ချိယူလန်းဘက်သို့လှည့်ကာ ကြည့်ကြသည်။

ချိယူလန်းသည် အားလုံး၏အကြည့်ဒဏ်ကို မခံနိုင်သဖြင့် မျက်လွှာချလိုက်လေသည်။

ကျန်းစီးမုံက. . .

"ကလေးမ- မင်းသူ့ကို ဘာသွားလုပ်လိုက်သလဲ"

ကျန်းစီးမုံ၏အမေးက တည်ငြိမ်လှသည်။

ချိယူလန်း ရုတ်တရက်မဖြေနိုင်ပါ။ စန်ချိယာ ကယောင်ချောက်ချားဖြစ်နေသည်မှာ သူမအပြစ်ပင်မဟုတ်ပါလား။

သူမသည် ဒူးများတဆတ်ဆတ်တုန်နေပါသည်။

"မှန်မှန်ပြောစမ်း၊ ညည်း ငါ့သားကိုဘာလုပ်လိုက်သလဲ"

www.burmeseclassic.com

www.burmeseclassic.com



သူမကား သားဇောဖြင့်မှုန်နေပါသည်။

သားပျောက်သောဝံပုလွေမကဲ့သို့ မာန်တဖီဖီဖြစ်နေလေသည်။ အားလုံးကလည်း ချိုယူလန်းကို ကြည့်နေကြသည်။

"ကျွန်မ. . ကျွန်မ. . "

ချိုယူလန်းကား ထစ်ထစ်ငေါ့ငေါ့ဖြစ်နေလေသည်။

အတန်ကြာမှ အားယူရင်း. . .

"ကျွန်မ. . ကျွန်မ သူ့ကိုဖက်မိပါတယ်"

"ဘာ. . ဘာပြောတယ်"

ကျန်းစီးမုံက အော်မေးလိုက်သည်။

ချိုယူလန်း ထစ်ထစ်ငေါ့ငေါ့ဖြင့်. . .

"သူ. . သူကဖက်ထားပါဆိုလို့၊ ချမ်းတယ်ပြောလို့ပါ"

"တောက်. . . "

ကျန်းစီးမုံ ဒေါသထွက်သွားသည်။ သူ့အတန်တန်မှာထားသည်မဟုတ်ပါလား။

ထိမိကိုင်မိမည်စိုး၍ လိမ့်ကျလျှင်ထိန်းနိုင်အောင် ပိုက်ကွန်ပင် ထားပေးသည်မဟုတ်ပါလော။

"ငါအတန်တန်မှာထားရက်နဲ့ ဖြစ်ရလေခြင်းဟယ်၊ သူ့ ကိုလုံးဝမထိဖို့ မကိုင်ဖို့ မှာထားတယ်မဟုတ်လား"

ကျန်းစီးမုံ၏အသံက ကြောက်စရာကောင်းအောင်ဟိန်းထွက်လာသည်။ ကျန်းစီးမုံ လွန်စွာဒေါသဖြစ်နေသည်။



ဆင်ပြောင်ကြီး အမြီးကျမှတစ်ရလေပြီတကား။

ချိုယူလန်းမှာ အမှားကျူးလွန်မိပြီဖြစ်၍ အလွန်ချောက်ချားနေလေတော့သည်။

သူ့အမှားကလည်း စေတနာအမှားဖြစ်သွားသည်။

ကျင်အိမေသည် သည်းမခံနိုင်တော့။

"ဒါ နင့်အကြံမဟုတ်လား၊ နင် တမင်ဖျက်ဆီးလိုက်တာမဟုတ်လား၊ နင့်အဖေက ဒီလိုဖျက်ဆီးဖို့ နင့်ကိုစေလွှတ်လိုက်တာမဟုတ်လား"

"မဟုတ်ဘူး. . မဟုတ်ဘူး"

ချိုယူလန်း ပြန်အော်သည်။ သူမက တုန်လှုပ်ချောက်ချားစွာဖြင့် ပြန်အော်ခြင်းဖြစ်သည်။

ကျင်အိမေအဖို့ကား သံသယများခိုင်မာသွားလေပြီ။

သူမသည် ချိုယူလန်းပါလာသည့်အတွက် သို့လောသို့လောဖြင့် ဘဝင်မကျခဲ့ချေ။

သို့ရာတွင် သားဖြစ်သူက ဘဝလုံးပုံ၍ချစ်နေသဖြင့် သူမ၏သံသယကိုထုတ်ပြောရန် အခွင့်မသာပါ။ ယခုတော့ သံသယသည် အမှန်တကယ်ဖြစ်လာချေပြီ။

"တို့ဘဝကိုဖျက်ဆီးတဲ့မိန်းမယုတ်၊ သေပေတော့"

"ဗိုး.."

ကျင်အိမေသည် ဒေါသကိုမထိန်းနိုင်တော့ဘဲ ချိုယူလန်း

www.burmeseclassic.com

www.burmeseclassic.com



အားဓားဖြင့်ပိုင်းချလိုက်သည်။ မည်သူမျှလည်း မတားလိုက်နိုင်ပါ။

"ဟော့. . . ဟော့၊ မလုပ်နဲ့"

ရှာလေခန်ကဝင်တားပါသေးသည်။ သို့သော် နောက်ကျသွားလေပြီ။

"ဝှစ်"

ဓားသွားက ချီယူလန်း၏ကိုယ်ခန္ဓာပေါ်သို့ ပြေးဝင်သွားလေသည်။

သို့သော် ချီယူလန်းက တုတ်တုတ်မျှမလှုပ်ပါ။ သေချင်သေပါစေဆိုပြီး ထိုအတိုင်းအသေခံခြင်းဖြစ်ပါသည်။

ရှောင်တိမ်းခြင်းလည်း မပြုပါ။

ခုခံရန်လည်း မပြင်ဆင်ပါ။

"ဝှစ် ..."

ဓားသွားသည် ချီယူလန်း၏အင်္ကျီစနှင့် ထိမိရုံသာထိမိပြီး တန့်ခနဲဖြစ်သွားပါသည်။ ကျင်အိမေသည် ဓားရေးကျွမ်းကျင်သူဖြစ်သည်။

သူမ၏ဓားရှိန်ကို သူမထိန်းချုပ်နိုင်စွမ်းရှိသည်။

သူမသည် ချီယူလန်းကိုကြည့်ပြီး အတွေးတစ်မျိုးပြောင်းသွားသည်။ အကောင်းဘက်က တွေးမြင်လိုက်ခြင်းဖြစ်သည်။

ထိုအတွေးကပင် ချီယူလန်း၏အသက်ကို ကယ်တင်လိုက်ခြင်းဖြစ်ပါသည်။



ချီယူလန်းသည် စန်ချီယာကို စေတနာနှင့် ဖက်လိုက်ခြင်းဖြစ်သည်။ စန်ချီယာကလည်း ဖက်ခိုင်းခြင်းဖြစ်နိုင်သည်ဟု တွေးမိသောကြောင့်ဖြစ်သည်။

ရှာလေခန်ကရှေ့သို့တိုးလာပြီး...

"ကဲပါလေ- ကလေးမအနေနဲ့ စေတနာနဲ့မှားယွင်းတယ်ဆိုတာလဲဖြစ်နိုင်တာပဲ၊ ဒီတော့ သံသယအကျိုးကို ခံစားရမှာပေါ့။ ဒီကိစ္စကို ဘယ်လိုလုပ်ပြီးကုစားရမလဲဆိုတာကိုပဲစဉ်းစားပါ၊ နောက်ထပ် အမှားတွေ တစ်ခုပြီးတစ်ခု ဆက်မမှားအောင်သာ ဂရုစိုက်ပါ"

သူကပြောရင်း ကျန်းစီးမုံအားကြည့်လိုက်သည်။

"ကဲ- သူငယ်ချင်း၊ စန်ချီယာကိုပြန်ကုလို့ဖြစ်နိုင်သေးတယ်မဟုတ်လား၊ နည်းလမ်းတော့ရှိမှာပေါ့၊ တန်ဖိုးအနေနဲ့ ကြီးရင်တော့ကြီးမှာပေါ့"

"အင်း- ရှိပါသေးတယ်၊ ငါ့အနေနဲ့ ပိုပိုသာသာပြောထားခဲ့တာပဲ၊ လွန်သွားရင် ပေးရမယ့်တန်ဖိုးကကြီးတယ်၊ ကုစားရင်တော့ရနိုင်သေးတာပေါ့ကွာ၊ ဒါပေမယ့်. . ."

ကျန်းစီးမုံမှာ အပြောရပ်သွားသည်။ စကားဆက်ရခက်နေသောကြောင့် အပြောရပ်သွားခြင်းဖြစ်သည်။

"ပြောမှာသာပြောစမ်းပါကွာ"

"ပြန်ကုစားရမယ့်အခြေအနေတွေရှိပါတယ်၊ ဒါပေမယ့် တန်ဖိုးကသိပ်ကြီးနေတယ်၊ တန်ဖိုးကြီးလွန်းတော့ အပြောရခက်

www.burmeseclassic.com

www.burmeseclassic.com



နေတာပေါ့ကွာ"

"ဘယ်လောက်တောင်ကြီးသလဲရှင်၊ ပြောပါ"

ချိုယူလန်းက ဝင်မေးလိုက်သည်။

ကျန်းစီးမုံက ခေါင်းတောင်ထလာသည်။

"လူ့အသက် လူ့ဘဝနဲ့လဲလှယ်ပြီးကုစားရမှာ၊ လူ့အသက် လူ့ဘဝဆိုတာ ဖြစ်ခဲဘိခြင်းကွာ"

ကြားရသောသတင်းစကားကြောင့် အားလုံးငြိမ်သွားကြရသည်။ ငိုင်သွားကြရသည်။ ကြားရသော သတင်းစကားကလည်း ဆိုးရွားလှသည်မဟုတ်ပါလား။

ချိုယူလန်းကမေးလိုက်သည်။

"ဘယ်လို အသက်နဲ့လဲပြီးကုစားရမှာလဲ၊ အနည်းအကျဉ်း လောက်ပြောပြပါလား ဦး"

"နားလည်လွယ်အောင် တိုရှင်း၊ လိုရင်းကိုပြောရရင် စန်ချိုယာဟာ ပထမဆင့်ဖြစ်တဲ့ဖျားနာခြင်းအဆင့်ဟာ ပျက်ပြယ်သွားပြီ၊ ပျက်ပြယ်သွားတယ်ဆိုတာ မအောင်မြင်တဲ့အတွက် ပျက်ပြယ်သွားတယ်လို့ပြောတာ၊ ဒီအတိုင်း သူ့ကိုဆက်ထားမယ်ဆိုရင် သူဟာရှူးချင်ရူး၊ မရူးရင်သေသွားမှာပဲ"

"ဒို..."

"ဟာ..."

"ကျွတ်...ကျွတ်. . "



အာမေဋိတ်သံများထွက်ပေါ်လာသည်။ ကျင်အိမေက ချိုယူလန်းအား အံကြိတ်လျက်ကြည့်လိုက်သည်။ ချိုယူလန်းမှာ ခေါင်းငုံ့လျက် ရှိနေရှာသည်။

"ဒါကိုကုစားဖို့က အတွင်းအားမြင့်မားတဲ့ သိုင်းပညာရှင်တစ်ယောက်က သူ့ကိုယ်ထဲမှာရှိသမျှအတွင်းအားတွေကို စန်ချိုယာရဲ့ကိုယ်ထဲကို လွှတ်ပေးနိုင်ရမယ်"

"ဒါဆို ပထမအဆင့်အောင်မြင်ပြီလား"

လင်းယုန်ချူးပြောင်က မေးလိုက်သည်။

ကျန်းစီးမုံက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်၊ သူ့ကိုကုစားပေးတဲ့လူဟာလဲ ကြံရည်ညှစ်သလို ကြံဖတ်ဖြစ်သွားမှာပဲ၊ အတွင်းအားတွေကုန်သွားလိမ့်မယ်၊ ဒါမှမဟုတ်ရင် နေရာမှာတင် သေသွားနိုင်တယ်၊ ရူးသလိုဖြစ်နေတဲ့ စန်ချိုယာဟာ အတွင်းအားကို အကုန်လုံးလက်ခံမှာပဲ"

"ဒါဆိုရင် ကျွန်မရဲ့အတွင်းအားတွေကို ပို့လွှတ်ပါရစေ၊ ဒါဆိုရင် ကျွန်မအပြစ်အတွက် ကျေပါပြီ၊ ဒါဟာ တရားမျှတတဲ့ ဆုံးဖြတ်ချက်ပါ"

ချိုယူလန်းက ချက်ချင်းပြောသည်။ သူမလုပ်ရသည့်စေတနာအမှားသာဖြစ်ကြောင်း ဤနေရာတွင် သက်သေပြနိုင်ပေပြီ။

သူမအနေဖြင့် သက်သေပြသည့်အလုပ်ကို လုပ်မည်ဖြစ်ကြောင်း ပြောဆိုခြင်းဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းစီးမုံက ခေါင်းခါယမ်းလိုက်သည်။

"မင်းနဲ့မဖြစ်ပါဘူးမိန်းကလေးရယ်၊ မင်းရဲ့အတွင်းအား နဲ့ မလုံလောက်ပါဘူး၊ မင်းဟာ သိုင်းပညာမှာ တကယ်ကောင်းပါ တယ်၊ ဒီအတွက် မင်းတို့ဘာမှမပူကြပါနဲ့၊ ဦး ဆုံးဖြတ်ပြီးသားပါ"

သူသည် ကျင်အိမေအား ဆွေးမြည့်စွာ လှမ်းကြည့်လိုက် သည်။ ထို့နောက်...

"သားကလေးစန်ချီယာနဲ့ပတ်သက်သမျှ ဦးအကုန်တာဝန် ယူထားပါတယ်၊ သားကလေးရဲ့တာဝန်တွေအားလုံးဟာ ဦးရဲ့ပခုံး ပေါ်မှာပဲ ကျရောက်နေပါတယ်၊ ဒီအတွက် ဦးရဲ့အတွင်းအားကို ပို့လွှတ်..."

ကျင်အိမေက သူ့စကားမဆုံးမီ ဝင်ပြောလိုက်သည်။

"ဒီမှာအစ်ကို စန်ချီယာဟာ အစ်ကိုနဲ့ညီမတို့ရဲ့နှစ်ဦးဆိုင် သားပါ။ ဒီတော့... ညီမကလဲ အစ်ကိုနဲ့အတူ အတွင်းအားကို ပို့ လွှတ်ပါ့မယ်..."

ရှာလေခန်နှင့် စူအီတို့ကလည်း သူတို့၏အတွင်းအားကို ပို့လွှတ်မည့်အကြောင်းပြောလေသည်။

ကျန်းစီးမုံက ခေါင်းကိုသာတွင်တွင်ခါသည်။ မုစုကျန်း ကလေးကလည်း သူကူညီမည့်အကြောင်း ဝင်ပြောသည်။

ကျန်းစီးမုံက...

"သားရဲ့အတွင်းအားဟာ နည်းနည်းလေးပဲရှိပါသေးတယ်၊



အတွင်းအားပညာ အဆင့်အတန်းမြင့်မားတဲ့ပုဂ္ဂိုလ်မှ ဖြစ်မှာမို့လို့ ဦးကပဲပို့လွှတ်ပါ့မယ်၊ ဦးကို ကျင်အိမေကကူညီလိမ့်မယ်"

"နေပါဦးဗျာ၊ ကျုပ်တစ်ခုပြောပါရစေ"

ရုတ်တရက်ဝင်ပြောလိုက်သူမှာ လင်းယုန်ချူးပြောင်ဖြစ် ပါသည်။ အားလုံးသည် လင်းယုန်ချူးပြောင်ကိုကြည့်မိကြသည်။

"ဒီကိစ္စဟာ ဆုံးဖြတ်ချက်မှန်ကန်ဖို့လိုပါတယ်၊ ဘာဖြစ်လို့ လဲဆိုတော့ ဒီကိစ္စဟာ သေရေးရှင်ရေးကိစ္စဖြစ်နေလို့ပါပဲ၊ ဒီတော့ အလိုဆန္ဒတွေကို ရှေ့တန်းတင်ပြောနေလို့မဖြစ်ပါဘူး၊ ဖြစ်သင့် ဖြစ်ထိုက်တာတွေကို အခြေတည်စဉ်းစားရပါလိမ့်မယ်"

အားလုံးသည် လင်းယုန်ချူးပြောင်၏ရှေ့ဆက်ပြောမည့် စကားကို နားစွင့်နေကြသည်။

လင်းယုန်ချူးပြောင်က...

"ပထမဆုံးစဉ်းစားဖို့က ကျန်းစီးမုံပဲ၊ စန်ချီယာရဲ့နောက် ပိုင်းအဆင့်တွေကို အကောင်အထည်ဖော်ပေးရာမှာ သူကလွဲလို့ ဘယ်သူမှမတတ်နိုင်ပါဘူး၊ ခေါင်းအေးအေးနဲ့စဉ်းစားကြပါ။ သူ့ကို အသေခံဖို့ ဘယ်နည်းနဲ့မှမဖြစ်နိုင်ပါဘူး"

ချူးပြောင်သည် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ လေသည်။ အလေးအနက်စဉ်းစားနေဟန်ရှိ၏။

ထို့နောက် အလျှောက်ရပ်လျက် စကားဆက်ပြောလိုက် လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"တိုတိုပဲပြောကြပါစို့၊ ရှိရှိသမျှလူတွေထဲမှာ အားလုံးဟာ ကိုယ့်သံယောဇဉ်နဲ့ကိုယ်၊ ကိုယ့်အနာဂတ်တွေကို မျှော်တွေးထားကြတဲ့လူချည်း ဖြစ်နေပါတယ်၊ ဒီဘဝတွေကို ဖျက်ဆီးပစ်ဖို့ လုံးဝမသင့်လျော်ပါဘူး၊ ဒီဘဝတွေကို ဖျက်ဆီးမပစ်သင့်ပါဘူး"

သူက အားနှင့်မာန်နှင့်ဆက်ပြောလိုက်သည်။

"ကျုပ်မှာ ဘာအနာဂတ်မှမရှိပါဘူး၊ သံယောဇဉ်လဲ မရှိသေးဘူးလို့ ဆိုရင်ရပါတယ်၊ အားလုံးသိကြတဲ့အတိုင်း ကျုပ်ဟာ တစ်ကောင်ကြွက်ပါ၊ ဒီအလုပ်နဲ့ကျုပ်ဟာ သင့်တော်သလား မသင့်တော်ဘူးလားဆိုတာ နောင်ကြီးကျန်းစီးမုံ ကောင်းကောင်းသိပါတယ်၊ ကျုပ်ရဲ့အတွင်းကိုလဲ ကျုပ်ယုံတယ်"

အားလုံးပင် ငေးငိုင်သွားကြတော့သည်။

မည်သူမျှ စကားမပြောနိုင်ကြတော့ပေ။ သူပြောသည်မှာ အကွက်ကျလှပေသကိုး။

"ဒီတော့ စန်ချိုယာကိုကုသဖို့ကိစ္စမှာ ကျုပ်ပဲ တာဝန်ယူပါရစေ၊ ခင်ဗျားတို့ဘာမှမကန့်ကွက်ကြပါနဲ့တော့၊ ငြင်းခုန်နေလို့လဲ အလကားပါပဲ၊ အချိန်ကုန်ရုံသာရှိပါ့မယ်"

ချူပြောင်သည် တည်ငြိမ်စွာပြုံးလိုက်သည်။

"ကျုပ်သေသွားရင် ကျုပ်ရဲ့အလောင်းကို ပေါ်ဒီထိုက်ဟူတောင်မှာပဲမြှုပ်နှံပါ၊ ဒါပါပဲ"

ချူပြောင်၏စကားမှာ သဘာဝကျပါသည်၊



ထို့ကြောင့် အသီးသီးသက်ပြင်းချလိုက်ကြပါသည်။

ချူပြောင်၏စကားကို မည်သူမျှမကန့်ကွက်နိုင်ပါချေ။

စန်ချိုယာအတွက် အသက်စွန့်လိုသူအသီးသီး နှုတ်ဆိတ်သွားကြလေတော့သည်။

ခဏအကြာတွင် လီစွန်း၏အသံပေါ်လာသည်။

"ကျွန်မကလဲ အစ်ကိုချူပြောင်ကို အကူအညီပေးပါ့မယ်၊ ကျွန်မရဲ့အတွင်းအားတွေပို့လွှတ်ဖို့ ဆုံးဖြတ်လိုက်ပါပြီ"

ချူပြောင်သည် လီစွန်းကိုကြည့်လိုက်သည်။

လီစွန်း၏မျက်လုံးများမှာ ချစ်ရည်ရွှန်းလဲ့သော အရိပ်အရောင်များကိုမြင်ရသည်။

လီစွန်းကပြုံးလိုက်သည်။

"အထူးရှင်းပြနေဖို့ မလိုတော့ပါဘူးအစ်ကို၊ ကျွန်မအဖို့ ဘာထူးမှာလဲ၊ တစ်ကောင်ကြွက်ပဲ၊ ပြီးတော့ အစ်ကိုပဲပြောခဲ့တယ် မဟုတ်လား၊ ဘယ်ဘဝ ရောက်ရောက် အတူတူလက်တွဲသွားမယ်ဆိုတာလေ"

ပြောရင်း လီစွန်းမျက်ရည်ကျလာသည်။

ချိုယူလန်းမှာ ဝမ်းနည်းကြေကွဲ၍မဆုံးတော့ပေ။

သူမ ပြုမူလိုက်သည့် အမူမဲ့အမှတ်မဲ့ အပြုအမူကြောင့် ဤမျှအထိဖြစ်ရသည်မဟုတ်ပါလော။

သူမသာ စိတ်ကို နိုင်နိုင်ကျည်ကျည်ထားနိုင်ခဲ့လျှင် ယခု

www.burmeseclassic.com

www.burmeseclassic.com



ကဲ့သို့ ကြေကွဲဖွယ်ရာအဖြစ်မျိုးကို ကြုံတွေ့ရတော့မည်မဟုတ်ချေ။ ချိုယုလန်းသည် မျက်ရည်တွေတွေကျဆင်းလာတော့သည်။

"ဝမ်းနည်းမနေပါနဲ့သမီးရယ်၊ သမီးဟာ စန်ချိုယာကို ဘယ်လောက်ချစ်တယ်ဆိုတာ ဒေါ်ဒေါ်သိတယ်၊ ကိုယ့်ချစ်သူကို ချစ်လွန်းလို့ အမှားအမှန်ကိုမခွဲခြားနိုင်ဘဲ ဒီအပြုအမူကိုပြုလုပ်မိခဲ့တာမဟုတ်လား...

သမီးက ဒီအပြုအမူအတွက် ရင်းစားကျေအောင် အသက်ကိုစွန့်လွှတ်ပြချင်တယ်၊ သမီးရဲ့အတွင်းအားက အစ်ကိုချူပြောင်နဲ့ဒေါ်ဒေါ်တို့လောက် မကောင်းပါဘူးကွယ်၊ အခု သမီးချစ်သူ မသေစေရဘူး။ သမီးဆန္ဒပြည့်ဝမှာပါကွယ်"

လီစွန်းက ချိုယုလန်းအား ပြောပြနှစ်သိမ့်လိုက်သည်။

ထိုအခါ ချိုယုလန်းမှာ ချုံးပွဲချငိုကြွေးလေတော့သည်။

"သမီးရဲ့မိုက်ပြစ်ကြောင့် ဦးနဲ့ဒေါ်ဒေါ်တို့ သက်သက်မဲ့ အသက်ဆုံးရှုံးရတော့မယ်၊ သမီးပဲသေပါရစေ၊ တတ်နိုင်သမျှ အတွင်းအားပို့လွှတ်ရင်း သေပါရစေ"

လီစွန်း ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်နိုင်ဘူးသမီးရယ်၊ နှစ်ယောက်သေမယ့်အစား သုံးယောက်အသေမခံနိုင်ဘူး၊ နဂါးကိုးကောင်ဂိုဏ်းချုပ်ကြီးရဲ့အင်အား ကလဲရှိသေးတယ်၊ အစစအရာရာ ချင့်ချိန်ပြီးလုပ်ရတာ၊ ကဲ ... သမီးတိတ်တော့"



ချိုယုလန်းမှာ တရှုတ်ရှုတ်ငိုနေဆဲပင်။

ကျန်းစီးမုံကပြောလိုက်သည်။

"ကိုယ့်အတွင်းအားကို ချိန်ဆပြီးပို့လွှတ်ကြည့်ကြ၊ အတွင်းအားနဲ့သိုင်းပညာ ဆုံးရှုံးချင်ဆုံးရှုံးသွားမယ်၊ အသက်တော့ မသေဘဲ ရှိချင်ရှိပါလိမ့်မယ်"

ကျန်းစီးမုံက တွေးတွေးဆဆဖြင့်ဆက်ပြောသည်။

"ဒါပြောလို့မရပါဘူး၊ အသက်မသေအောင်တော့ဝိုင်းဝန်းကြံဆနိုင်မှာပါ၊ ဘာပဲဖြစ်ဖြစ်လေ ခင်ဗျားတို့နှစ်ယောက်ရဲ့လုပ်ရပ်ကတော့ သိုင်းလောကမှာ မော်ကွန်းထိုးလောက်မယ့်အဖြစ်ပါ"

ကျန်းစီးမုံပြောသကဲ့သို့ မဖြစ်နိုင်ပါ။

အတွင်းအား အကုန်ဆုံးရှုံးသွားသော သိုင်းသမားသည် အတောင်ကျိုးသောငှက်ကဲ့သို့ဖြစ်ကာ သိုင်းလောက၌အလွန်ပင် မျက်နှာငယ်ရပေတော့မည်။

ထိုအခါ အသက်ရှင်လျက် နေချင်စိတ်မရှိတော့ပါ။

လင်းယုန်ချူပြောင်နှင့်လီစွန်းတို့သည် တစ်ဦးကိုတစ်ဦး ပြုံး၍ကြည့်လိုက်ပါသည်။

သူတို့အပြုံးသည် တမလွန်ဘဝ၌ပေါင်းစပ်ကြမည်ဟူသော အပြုံးပင်ဖြစ်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အသက်ဆက်ခြင်း

---

ကျောက်ဖျာထက်တွင် စန်ဒီယာအိပ်ပျော်နေပါသည်။ သူ့ဘယ်ဘက်တွင် ချူးပြောင်က တင်ပျဉ်ခွေထိုင်နေသည်။

သူ့လက်ဝဲလက်သည် စန်ဒီယာ၏နှလုံးသားပေါ်သို့ လက်တင်ထားသည်။ လက်ယာလက်က စန်ဒီယာ၏လက်မောင်းသို့ တင်းကျပ်စွာဆုပ်ကိုင်ထားသည်။

ချူးပြောင် မျက်လုံးအစုံမှိတ်၍ အတွင်းအားကို ပို့လွှတ်နေသည်။ အတွင်းအားများသည် ခန္ဓာကိုယ်အတွင်း လှည့်ပတ်လျက် စန်ဒီယာ၏ခန္ဓာကိုယ်တွင်းသို့ ဝင်လျက်ရှိသည်။

ချူးပြောင်၏နောက်တွင် လီစွန်းကအသင့်ရပ်လျက်ရှိ၏။ လိုအပ်ပါက အတွင်းအားဖြည့်ပေးရန်ဖြစ်သည်။

စန်ဒီယာအား ချူးပြောင် အတွင်းအားဖြည့်ပေးနေခြင်းကို ဘေးမှ အသင့်ရပ်ကြည့်နေရန်လိုအပ်သည်။

•



အတွင်းအားပြတ်သွားသည်နှင့် ချက်ချင်းကူညီနိုင်သည်။

ကျောက်ဖျာခြေရင်းတွင် ကျန်းစီးမုံနှင့်ကျင်အိမေတို့သည် တောင့်တောင့်ကြီးရပ်လျက် မျက်တောင်မခတ်တမ်း မမှိတ်မသုန် စောင့်ကြည့်နေကြသည်။

လီစွန်းသည် လင်းယုန်ချူးပြောင်လောက် အတွင်းအား မကောင်းလှသော်လည်း လင်းယုန်ချူးပြောင်ကို ဝိုင်းဝန်းကူညီနိုင်လောက်သည့်အဆင့်ရှိလေသည်။

ကျန်းစီးမုံတို့နောက်မှရပ်ကြည့်နေသူမှာ စူအီနှင့်စုမုကျန်းတို့ဖြစ်ကြသည်။

စန်ဒီယာ၏လက်ယာဘက်တွင်ရှိသူမှာ ဒီယူလန်းဖြစ်သည်။ သူမသည် စိုးရိမ်ထိတ်လန့်စွာစောင့်ကြည့်နေရှာပါသည်။ သူမ၏စေတနာအမှားကို လူတိုင်းကသိပါသည်။

သို့သော် ထိုစေတနာအမှားမျိုးထပ်မမှားအောင် ရှာလေခန်က ရပ်စောင့်နေရပါသည်။

အချိန်ကား ညနေစောင်းနေလေပြီ။

စောင့်နေသူများမှာကား မညောင်းမညာ စောင့်ကြည့်လျက်ရှိနေကြသည်။

အတွင်းအားပို့လွှတ်ပေးနေသော လင်းယုန်ချူးပြောင်မှာ တဖြည်းဖြည်းနှင့် အသားများတဆတ်ဆတ်တုန်လာသည်။

မကြာမီ ချူးပြောင်တစ်ကိုယ်လုံး တုန်လာပေ[illegible]

www.burmeseclassic.com

www.burmeseclassic.com



အတွင်းအား ကုန်ခမ်းလျှော့နည်းလာသည့် လက္ခဏာပင် ဖြစ်ပါသည်။

သို့သော် ချူးပြောင်သည် တင်ပျဉ်ခွေထိုင်လျက်ပင်ရှိနေသေးသည်။ သူသည် အထိုင်မပျက်သေးပေ။ မျက်လုံးများမှိတ်ထားသည်မှာ ယခုထက်တိုင်ပင်ဖြစ်ပေသည်။

စန်ချီယာကတော့ တစ်စတစ်စ ပြောင်းလဲလာနေသည်။ သူ၏ဖြူရော်နေသည့်မျက်နှာသည် တဖြည်းဖြည်းနှင့် အနီရောင်သန်းလာသည်။

ကြည့်နေသူများမှာ တစ်ဖက်က စန်ချီယာအတွက် ဝမ်းသာမိသလို တစ်ဖက်က ချူးပြောင်အတွက်ဝမ်းနည်းကြေကွဲနေမိကြသည်။

ရင်ထုမနာဖြစ်နေရသည်။

ဤအဖြစ်မှာ ချီယူလန်း၏စေတနာအများကြောင့်ပင် ဖြစ်ပါသည်။ မိန်းမအားလုံးပင် မျက်ရည်သုတ်ကြရပါသည်။

မိန်းမသားများထဲတွင် မျက်ရည်မကျသူတစ်ယောက်တော့ ရှိပါသည်။ ထိုသူမှာ လီစွန်းပင်ဖြစ်ပါသည်။ လီစွန်း၏မျက်နှာမှာ အထူးပင်တည်ငြိမ်နေပါသည်။

သူမ မျက်ရည်မကျခြင်းမှာ အဆုံးစွန်ဘဝသို့ တွေးတောပြီး၍ဖြစ်ပါသည်။

သူမ အသေခံမည်။



အသေခံပြီး အတွင်းအားများ ပို့လွှတ်မည်ဟု ဆုံးဖြတ်ထားပြီးဖြစ်ပါသည်။

ထိုအခိုက်...

"ကျွီ. . . ကျွီ. . . ကျွီ. ."

"ကျွီ. . . ကျွီ. . . ကျလီ"

လိုက်ဂူထဲ၌ ငှက်အော်သံများပေါ်လာပါသည်။

ရှာလေခန် ဆတ်ခနဲလှည့်ကြည့်လိုက်သည်။ ကျောက်သန္တာငှက်ကလေးတစ်ကောင်က ရှာလေခန်၏ပခုံးပေါ်သို့လာနားလေသည်။

ကျောက်သန္တာငှက်ကလေးသည် တစ်စုံတစ်ခုကို ချီလာသည်။ မြင်းမြီးတစ်ချောင်းဖြစ်လေသည်။

ရှာလေခန် တစ်ချက်မျက်နှာပျက်သွားသည်။ ဤအချိန်သည် အရေးကြီးပြီဖြစ်ကြောင်းသိလိုက်တော့သည်။

သူက ဝိုင်းကြည့်နေသူများအား လက်ဟန်ခြေဟန်ပြ၍ ခေါ်ထုတ်သွား၏။

မြေအောက်ဂူထဲဝယ်...

စန်ချီယာနှင့်အတူ လင်းယုန်ချူးပြောင်နှင့်လီစွန်းတို့သာ ကျန်ရစ်ခဲ့တော့သည်။

ကျန်လူအားလုံး ထွက်ခွါသွားကြသည်။

မြေပြင်ညီသို့ရောက်သောအခါ..

www.burmeseclassic.com

www.burmeseclassic.com



ရှာလေခန်သည် ကျောက်သန္တာငှက်ကလေး ချီလာသည့် မြင်းမြီးကို အားလုံးကိုပြသသည်။

"ကဲ- ဒီမှာကြည့်ကြ၊ ကျုပ်တို့စခန်းကို ရန်သူတွေချီတက်လာနေကြပြီ"

❖

ရန်သူအင်အားမှာ အလွန်တရာများပြားလှသည်။

တောင်ထိပ်မှကြည့်လျှင် တောင်ခြေဆီ၌ ရန်သူများမည်းမည်းလှုပ်လှုပ်ရှိနေကြသည်။

ပုရွက်ဆိတ်များမည်းတက်နေသကဲ့သို့ တက်လာနေ၏။

ရန်သူသည် အင်အားမြောက်မြားစွာဖြင့်ထိုးစစ်ဆင်တော့မည်ဖြစ်ပေသည်။

မိမိတို့ဘက်မှ ခုခံကာကွယ်နိုင်သည့်လူ ဘယ်နှစ်ယောက်ရှိပါသနည်း။

စုစုပေါင်းအင်အား ခုနစ်ယောက်သာရှိပါသည်။

ဤစစ်ပွဲသည် မမျှတသောစစ်ပွဲဖြစ်သည်။

ဤကဲ့သို့ ရန်သူများ မြောက်မြားစွာ တက်လာကြသည်ကို ချားပြောင်နှင့်လိစွန်းတို့အား အသိပေး၍မဖြစ်ချေ။

သူတို့သည် အသက်စွန့်၍ စန်ချီယာအား ကယ်တင်နေရသည်မဟုတ်ပါလော။



သူတို့သည် လူအင်အားများစွာနည်းသဖြင့် ကျစ်ကျစ်လျစ်လျစ်စုစည်းကာကွယ်ဖို့လိုသည်။

ကျွန်းစီးမုံသည် လှုပ်လှုပ် လှုပ်လှုပ်ဖြင့် တက်လာနေကြသော ကျီတောင်၏လူများကိုကြည့်လိုက်သည်။

သူ့မျက်နှာထားမှာ တင်းမာနေသည်။

"ဒီအတိုင်းဆိုရင် သူတို့ ဒီကိုချက်ချင်းရောက်လာနိုင်မှာမဟုတ်သေးဘူး"

ကျွန်းစီးမုံကပြောလိုက်သည်။

ရှာလေခန်က-

"ဘာဖြစ်လို့မရောက်မှာလဲ"

"တောင်ခြေမှာ ထောင်ချောက်တွေရှိတယ်လေ၊ ဒီတော့ ချက်ချင်းမရောက်နိုင်ဘူးပေါ့၊ မိုးလင်းမှပဲတိုက်ကြရမယ်"

"အေး- ဟုတ်တယ်၊ တောင်ခြေရောက်တာနဲ့ ကျောက်မောင်းတွေ ထောင်ချောက်တွေ ဆင်ထားတာ မှန်နေတာပဲ၊ ငါကိုယ်တိုင်ဆင်ထားတာ၊ သူတို့ တောင်ခြေမှာအတော်သေကုန်မယ်"

ဤတွင် ကျင်အိမေကဝင်ပြောသည်။

"ကျွန်မတို့အားလုံး စုပြီးတိုက်ကြရမယ်၊ အလယ်စခန်းမှာ ယင်စွေးရှာတစ်ယောက်တည်းရှိနေတော့ သူအားငယ်နေလိမ့်မယ်၊ သူ့ကိုလဲ ဒီစခန်းမှာခေါ်ထားရမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကိုတော့ မပူနဲ့၊ ကျုပ်တာဝန်ထားလိုက်ပါ။ ကျုပ်သွားခေါ်လိုက်ပါ့မယ်"

ကျွန်းစီးမုံ မျက်မှောင်ကုပ်နေသည်။

ရန်သူများသည် အရေးအကြောင်းကြုံကြိုက်နေချိန်ကျမှ ရောက်လာကြပေသည်။

ကျွန်းစီးမုံများ စွာစိတ်ပူနေသည်။

"တကယ့်အရေးကြီးဆုံးအချိန်ကျမှ ရောက်လာကြတာကိုး အင်း... ဘာပဲဖြစ်ဖြစ်၊ စန်ဒီးယာ ပထမဆင့်အောင်မြင်ရင် တော်လောက်ပါပြီ၊ ကျန်တဲ့အဆင့်ကို နောက်မှဆက်လုပ်ကြတာပေါ့"

ထိုအခါ ကျင်အီမေက...

"တောက်... သုံးရက်ပဲ၊ သုံးရက်ကြာရင် သူအဖျားကျပြီး စက်လက္ခဏာတွေပေါ်လာတော့မယ်၊ သူဟာသူ ဆက်ကသွားရုံပဲ ခုတော့..."

ကျွန်းစီးမုံကဝင်ဟန့်လိုက်သည်။

"ညီမ ပြီးပြီးသားတွေ ပြန်မပြောနဲ့တော့၊ ရှေ့ကို ဘယ်လိုစခန်းသွားမယ်ဆိုတာသာ စဉ်းစား၊ နောက်ကြောင်းပြန် မစဉ်းစားနဲ့တော့"

"သူ အခု ရှင်သန်ထမြောက်လာရင် စက်လက္ခဏာပေါ်လာမှာပေါ့နော်၊ တစ်ခါတည်း သိုင်းကွက်တွေကို ဖေါ်ထုတ်နိုင်ရင် သိပ်ကောင်းမှာပဲ"



စုမှုကျွန်းက ဝင်ပြောခြင်းဖြစ်ပါသည်။

ထိုအခါ ကျွန်းစီးမုံက...

"ကျွန်းစာထဲမှာ ဒါမျိုးလဲ ဖြစ်နိုင်တယ်လို့ပြောထားတာပဲ၊ အဆင့်အားလုံး တစ်ပြိုင်နက်အောင်မြင်သွားတာလဲ မှတ်တတ်တာ ပဲ၊ ဒါမျိုးကဖြစ်ခဲ့တယ်၊ မဖြစ်နိုင်ဘူးလို့လဲ ကျမ်းစာကမဆိုဘူး"

ရှာလေခန်က ပြောလိုက်သည်။

"ကဲ...ကဲ... ထိုင်ကြဦး"

သူတို့အားလုံး ထိုင်လိုက်ကြသည်။

"ကျုပ်တို့ တိုက်ခိုက်ရေးကိစ္စကို အစီအစဉ်တကျ ရေးဆွဲကြရမယ်၊ ဒီလောက်လူအင်အားများများနဲ့လာတိုက်တာကို ကျုပ်တို့ဖြစ်သလို တန်ပြန်တိုက်ခိုက်လို့မရဘူး၊ ပန်းနဲ့ပေါက်သလိုဖြစ်သွားလိမ့်မယ်၊ ဟိုသုံးယောက်ကတော့ စိတ်ချလက်ချလွှတ်ထားလို့ရပါတယ်၊ ချူးပြောင်ဟာ ပြောသလိုလုပ်မှာပါ"

ရှာလေခန်ကပြောလိုက်သဖြင့် ကျွန်းစီးမုံမှာ အတော်ပင်စိတ်မကောင်းဖြစ်သွားသောလေသံဖြင့်-

"အင်း... နောင်ကြီးချူးပြောင်... နောင်ကြီးချူးပြောင် သူဟာ ပြောသလိုလုပ်မယ်ဆိုတာကို ငါသိပါတယ်ကွာ"

အားလုံးပင် ငြိမ်သက်သွားကြသည်။

ခဏကြာသော် တိုက်ခိုက်ရေးကိစ္စကို စဉ်းစားနေကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့အနေနဲ့ တောင်ရဲ့လေးဘက်လေးတန်ကို ခံစစ်ပြင်ဆင်ထားရမယ်၊ တက်လာသမျှရန်သူကို အပြတ်တိုက်ခိုက်ပစ်ရမယ်၊ သူတို့အနေနဲ့ကလဲ တောင်တက်လမ်းကျဉ်းမြောင်းလေတော့ တစ်ချိန်တည်းမှာ အများကြီးတက်လာနိုင်မှာ မဟုတ်ဘူး၊ တစ်ကြိမ်တက်ရင် လေးငါးယောက်ပဲရှိမယ်"

ကျွန်းစီးမုံက ပြောလိုက်ခြင်းဖြစ်သည်။

"သူတို့က ရေရှည်စစ်ပွဲဆင်နွဲတဲ့အနေနဲ့ တောင်ခြေကို ပတ်ဝိုင်းထားပြီး နှစ်ရှည်လများနေရင်ကော..."

ထိုမေးခွန်းကို စူအီကမေးလိုက်ခြင်းဖြစ်ပါသည်။

ကျွန်းစီးမုံက အားတက်သရောအဖြေပေးလိုက်သည်။

"အဲဒါဆိုရင် ကျုပ်တို့အတွက် ပိုကောင်းတာပေ့ါ၊ ကျုပ်တို့ကပိုကြိုက်တာပေ့ါ၊ ကျုပ်တို့မှာ အစာရေစာရှိတယ်၊ စန်ချီယာ အတွက်လဲ အချိန်ရတယ်၊ အဲဒါဆိုရင်ပိုတောင်းတာပေ့ါ"

"အင်း- ဟုတ်တာပဲ၊ နောက်ပြီး ကျွန်မတို့အပေါ်စီးကရနေတာ တစ်ပန်းသာတာပဲ၊ သူတို့က ကျွန်မတို့ကို လုံးဝမတွေ့ရဘူး၊ ကျွန်မတို့က သူတို့ကိုတွေ့နေရတယ်၊ အဲဒါ တစ်ပန်းသာတာပဲပေ့ါနော်"

ထို့နောက် သူတို့သည် တိုက်ရေးခိုက်ရေးကိစ္စများကို အသေးစိတ် တိုင်ပင်ဆွေးနွေးကြပါတော့သည်။

❋



စခန်းသို့ ရန်သူများ ချဉ်းကပ်လာ၍ ကျန်လူများ အပြင်သို့ထွက်သွားကြောင်း လိစွန်းရိပ်မိပါသည်။ လင်းယုန်ချူပြောင်ကတော့ မရိပ်မိပါ။

မျက်လုံးစုံမှိတ်ပြီး အတွင်းအားများပို့လွှတ်နေသည်။

ယခုဆိုလျှင် လင်းယုန်ချူပြောင်၏အတွင်းအား အများစုသည် စန်ချီယာ၏ကိုယ်ထဲသို့ စီးဝင်သွားပြီဖြစ်၍ စန်ချီယာအခြေအနေကောင်းလာသလောက် လင်းယုန်ချူပြောင်မှာ အခြေအနေဆိုးစပြုလာပါတော့သည်။

သူ့ခန္ဓာကိုယ်သည် တဖြည်းဖြည်းအေးစက်လာသည်။ အသက်ရှူလည်း တဖြည်းဖြည်းနှေးကွေးလာပါသည်။

လိစွန်းထိုင်ချလိုက်သည်။ ချူပြောင်၏ကျောပြင်သို့ လက်ဝါးဖြင့်ဖိကပ်လိုက်သည်။

သူမ၏အတွင်းအားများကို ချူပြောင်ကိုယ်ထဲ ပြောင်းပို့လိုက်သည်။

ထိုအခါကျမှ ချူပြောင်မှာ ပိုနေမြဲ ကျားနေမြဲ အခြေအနေသို့ ပြန်လည်ရောက်ရှိသွားသည်။

သို့သော် အခြေအနေမည်မျှကြာမည်နည်း။ သူ့ခန္ဓာကိုယ်မှာ ကြားခံအဆက်အသွယ်သာဖြစ်သည်။

လိစွန်း၏အတွင်းအားများသည် စန်ချီယာကိုယ်ထဲသို့ စီးဝင်နေသည်သာဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ စန်းချိုယာမှာ ချူးပြောင်နှင့်လိစွန်းတို့အကူအညီကိုရသဖြင့် အားသစ်များထွန်းပေါ်လာပါသည်။

အခြေအနေကောင်းလာပါသည်။

တစ်ဖက်တွင်တိုးတက်မှုရှိလျှင် အခြားတစ်ဖက်တွင် ဆုတ်ယုတ်မှုရှိရမည်မှာ ဓမ္မတာပါတည်း။

"ညီမ..."

လိစွန်း အတွင်းအား ကူညီအားသွင်းပေးနေသည်မှာ အတော်ပင် ကြာချေပြီ။

ထို့ကြောင့် ပင်ပန်းနွမ်းလျလာသည်။

ချူးပြောင်သည်လည်း သိပ်အားမရှိတော့၊ သူက နွမ်းလျစွာခေါ်လိုက်သည်။

ချူးပြောင်အသံမှာ သဲ့သဲ့သာရှိတော့သည်။

"ညီမ..."

ချူးပြောင်က နွမ်းယဲ့စွာ ထပ်မံခေါ်လိုက်သည်။ အသံသိပ်ကျယ်၍လည်းမဖြစ်ပါ။ စန်းချိုယာ တစ်စုံတစ်ခုဖြစ်နိုင်သည်။

"ရှင် အစ်ကို"

လိစွန်းက ထူးလိုက်ပါသည်။

"ညီမ ဘယ်လိုနေသလဲဟင်"

"အစ်ကိုကော. . ."

"အစ်ကို့အခြေအနေ အစ်ကိုသိပါတယ်၊ ဒီအတွက် ဝမ်း



နည်းပါဘူး၊ သိုင်းဧကရာဇ်လောင်းလျာအတွက် အစ်ကိုစွန့်လွှတ်ရကျိုးနပ်ပါတယ်"

"ညီမလဲ အစ်ကို့လိုပါပဲကွယ်၊ ဒီဘဝကျမှတော့ မျှော်လင့်ချက်မရှိတော့ပါဘူး၊ နောင်ဘဝကျမှပေါ့ကွယ်"

"အင်း- နောင်ဘဝကျမှပေါ့"

သူတို့ငြိမ်သက်သွားကြသည်။ သူတို့သွားရမည့်လမ်းကို သူတို့မြင်နေကြသည်။

သို့ရာတွင် သူတို့ကား ကိုယ်ကျိုးစွန့်သူများသာတည်း။

အသက်စွန့်ရဲသူများသာတည်း။

သူရဲကောင်းများသာတည်း။

လောက၌ အသက်စွန့်ဆောင်ရွက်ရဲသူများ ရှားပါးလှပါပေသည်။

"ညီမ. ."

ချူးပြောင်က ခေါ်လိုက်ပြန်သည်။

"ရှင်အစ်ကို"

လိစွန်းက ထူးလိုက်သည်။

"စခန်းကို ရန်သူတွေဝိုင်းလာပြီမဟုတ်လား"

"ဟုတ်မယ်မထင်ပါဘူး"

အခြေအနေ ပြီးစီးကာနီး မလိုအပ်သောအမှား ဖြစ်ပေါ်စေချင်သဖြင့် လိစွန်းကငြင်းကွယ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မလိမ်ပါနဲ့၊ အစ်ကိုသိပါတယ်"

လိစ္စန်း လိမ်၍မရတော့ပါ။

"ဟုတ်ပါတယ်အစ်ကို၊ ရန်သူတွေဝိုင်းလာနေပြီလို့ ထင်ပါတယ်"

သည်တော့ ချူပြောင်က. . .

"အစ်ကိုတို့အနေနဲ့ သူတို့စခန်းထဲကိုဝင်မလာခင် လက်စသတ်ထားရမယ်၊ ဒါမှအဆင်ပြေမယ်၊ အခုအတွင်းအားကလဲ သိပ်မရှိတော့ မြန်မြန်ဆန်ဆန်ပြီးပါလိမ့်မယ်. . .

သူတို့မရောက်ခင် အစ်ကိုတို့ လက်စသတ်ထားမှဖြစ်မယ် ဒါမှ စန်ချီယာ ထူထူထောင်ထောင်ဖြစ်လာလိမ့်မယ်၊ သူတို့ရောက်လာရင် အားလုံးအလဟဿဖြစ်ကုန်လိမ့်မယ်"

သူတို့သည် ကိုယ်ရေးကိုယ်တာကို မဆွေးနွေးနိုင်ကြတော့ပါ။ အခြေအနေသည် အရေးကြီးနေပြီမဟုတ်ပါလား။

"ကဲ. . . ညီမ၊ အတွင်းအားကို အားစိုက်လွှတ်ပေတော့"

သူတို့သည် စန်ချီယာကိုယ်ထဲသို့ အတွင်းအားကို ထုတ်လွှတ်ပေးကြလေသည်။

"အင်း. . ဟင်း. . ဟင်း. . "

စန်ချီယာထံမှ အသံထွက်ပေါ်လာသည်။

သူတို့ဝမ်းသာသွားကြသည်။

အတွင်းအားကို ပို၍ပို၍ အားစိုက်ပို့ကြပါသည်။



သူတို့ သေချင်သေပါစေတော့။

အချိန်မည်မျှကြာသွားပြီကိုလည်း မသိတော့။

မှိတ်ထားသော မျက်ခွံပေါ်သို့ အလင်းရောင်ကျရောက်လာသည့်အခါမှ သူတို့သိကြပေသည်။

နံနက်လင်းချေပြီ။

ချူပြောင်နှင့်လိစ္စန်းတို့မှာ ခန္ဓာကိုယ်များ လှုပ်၍မရနိုင်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



## သေသည်အထိ ကူညီသူ

နံနက်ခင်းရောက်ချေပြီ. . .။

နေမင်း၏ အလင်းရောင်သည် ထိုက်ဟူတောင်ကြီးကို လင်းထိန်စေပါသည်။

"တက်ကြ. . "

ကျိုတောင်က အမိန့်ပေးလိုက်သည်။

ဂိုဏ်းချုပ်ကြီးကျိုတောင်အမိန့်ပေးပြီးသည့်နောင် သေဘေးကို ဖြစ်စေ၊ ရင်ဆိုင်ဝံ့သော ဝတ်စုံနက်များသည် ညာသံပေးကာ တောင်ခြေသို့ ချဉ်းကပ်လာကြသည်။

တောင်ခြေတွင် သူတို့အတွက် သေမင်းရှိနေသည်ကို သူတို့ မသိကြချေ။

ဤသို့ဖြင့် သူတို့ တောင်ခြေသို့ ရောက်လာကြသည်။

ထိုခဏ၌ပင်. . .



"ဝုန်း.."

"ဒိုး.."

"ဖြောင်း.."

"ဟီး.. ဟီး.. ဟီး"

"အား.."

"အမယ်လေး"

တောင်ကြီးပြိုကျသည့်အလား တောင်ချောက်ပွင့်သံများ တဝုန်းဝုန်း တဒိုင်းဒိုင်းကြားရတော့သည်။

မြင်းဟီသံများ၊ လူအများ၏အော်ဟစ်သံများ၊ ဆူညံစွာ ထွက်ပေါ်လာသည်။ လူရော မြင်းပါ အတုံးအရုံးသေဆုံးကြသည်။

တောင်တန်းနဂါးကျိုတောင်ဒေါသဖြစ်သွားသည်။ သူ့လူ များအတုံးအရုံးသေဆုံးကြသည်မဟုတ်ပါလား။

"ဟင်း. . မင်းတို့ တောင်ချောက် ဘယ်နှစ်ခုရှိမလဲ၊ အခု တစ်ရာရှိမလား ၊ ဟေ့ကောင်တွေ တက်ကြ"

ပထမအကြိမ် အတုံးအရုံး သေဆုံးရခြင်းကြောင့် နောက် တက်မည့်သူများ တန့်သွားကြသည်။

သူ့အမိန့်ပေးသံ ထွက်ပေါ်လာသောအခါ လဲပြိုသံများ၊ မြည်းဟီသံများနှင့် အော်ဟစ်သံများ ထွက်ပေါ်လာပြန်သည်။

"ဟီး. . ဟီး. . ဟီး. . ဟီး"

"အမယ်လေး. . "

www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း..."

"ဒိုင်း... ဖြောင်း"

တောင်ခြေတွင် မြင်းနှင့် လူများမှာ သွေးရဲရဲ မြင်မကောင်းအောင် ပြန့်ကျဲလဲကျနေတော့သည်။

သာမန်လူဆိုရင် ဤမျှအထိအခိုက်များနေလျှင် တစ်နည်းတစ်ဖုံ စဉ်းစားပေလိမ့်မည်မဟုတ်ချေ။

သို့ရာတွင် ကျိုတောင်ကား ကျိုတောင်ပင်ဖြစ်ပါလေသည်။

သူ့လူများကို ဖြန့်ခွဲတက်ရန် ဆက်အမိန့်ပေးလေသည်။

"တက်ကြ တက်ကြ အသေခံပြီးတက်ကြ တစ်ယောက်မှ နောက်မဆုတ်နဲ့"

တောင်ချောက်များမှာ တကယ်များပြားလှပါသည်၊ ရှာလေခန်နေ့ရှိသရွေ့ပြုလုပ်ထားသော ထောင်ချောက်များသည် ယခုအခါ အသုံးတည့်နေတော့သည်။

တက်ကြသူများ ထပ်မံ ပိညပ်သေကြရပြန်သည်။ ကျိုတောင်သည် သူ့လူများကို အသေခံခိုင်းသလိုဖြစ်နေသည်။

ယခု တောင်ခြေသို့ ချဉ်းကပ်ရန် ကြိုးစားချိန်မှာပင် တစ်ဖက်မှ လူအရိပ်အယောင်ကို မမြင်ရဘဲနှင့် မိမိတို့ဘက်မှ လူငါးဆယ်ခန့်ဆုံးရှုံးသွားပြန်ပြီမဟုတ်ပါလား။

အော်ဟန်စီး ကြည့်မနေသာတော့ပေ။



"ဂိုဏ်းချုပ်ကြီး ထောင်ချောက်တွေကို အရင်ဖျက်ဆီးပြီးမှ တက်ရင်ကောင်းမယ်ထင်တယ်၊ နို့မို့ဆိုရင် ကျွန်တော်တို့ဘက်က လူတွေ အလကား အသေခံနေရလိမ့်မယ်"

အရေးကြုံလာသောအခါ ဂိုဏ်းချုပ်ကြီးအား ပြောဝံ့ဆိုဝံ့ရှိသူမှာ အော်ဟန်စီးတစ်ယောက်သာရှိသည်၊ အခြားသူများမှာ ဂိုဏ်းချုပ်ကြီးအား စကားပြောရမည်ကို သေမလောက်ကြောက်ရွံ့ကြပေသည်။

"ဘယ်လိုဖျက်ဆီးမှာလဲ"

"လူပါဘဲ မြင်းတွေကို မောင်းသွင်းပေ့ါ၊ မြင်းတွေ ထောင်ချောက်မိတဲ့ဘက်ကိုရှောင်၊ မြင်းတွေ ထောင်ချောက်က လွတ်တဲ့လမ်းကို ခွေးတက်ပေ့ါ၊ မြင်းတော့ အနာခံရမှာပေ့ါ၊ လူမှ မသေချင်တာကိုး"

"ဒါဆို မင်းပဲ ကြည့်ကွပ်ကဲချည်"

အော်ဟန်စီးထွက်လာပါသည်။ ထိုအတိုင်း ညွှန်ကြားလိုက်ပါသည်။

မကြာမီ မြင်းတော်တော်များများ ထောင်ချောက်မိကုန်ပါသည်။ ထောင်ချောက်များသည် ဖိအားညှပ်အားအလွန်ကောင်းသည်။

မြင်းများမှာ ထောင်ချောက်တွင် မချိမဆန့်ခံကြရပါသည်။

"ကဲ. . ထောင်ချောက်လွတ်တဲ့နေရာကို သိပြီမဟုတ်လား

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေရာတွေက တက်ကြ"

အော်ဟန်စီးက အမိန့်ပေးလိုက်သည်။ ဝတ်စုံနက်များသည် ထောင်ချောက်လွတ်သည့်နေရာမှ တက်ကြလေတော့သည်။

သို့ရာတွင် တောင်နံရံနှင့် ကပ်လျက်ဆင်ထားသည့် ထောင်ချောက်များကိုကား အော်ဟန်စီးမသိပါ။

"ဝုန်း. ."

"ဗြိုး. . ."

"ဖြောင်း. ."

"အောင်မယ်လေး. ."

"အား. ."

အော်ဟန်စီးလူများ အတုံးအရုံးကျပြန်သည်။ တောင်နံရံမှ တပ်လန်၍ ပြန်ခဲ့ကြရပြန်သည်။

အော်ဟန်စီးမျက်လုံးပြူးရလေပြီ။ သို့သော် အလျှော့ပေး၍ မဖြစ်တော့ပေ။ တောင်တန်းနဂါးကျိုတောင်က မိမိအား ကြီးကြပ်ကွပ်ကဲနိုင်းထားသည်မဟုတ်ပါလော။

တောင်နံရံသို့ မြင်းများကို စေလွှတ်၍မဖြစ်ချေ။ ထို့ကြောင့် လူများ ကိုပင် စေလွှတ်၍ တက်နိုင်းရလေသည်။

"ဝုန်း. ."

"ဒိုင်း. ."

"ဖြောင်း. ."



ထောင်ချောက်များတွင် မိသည့်လူများကလည်းမိသည်။ လွတ်သွားသည့် လူများလည်း ရှိသည်။ ဤသို့ဖြင့် အော်ဟန်စီး သည် သူ့လူများကို ဆက်လက်စေလွှတ်ရတော့သည်။

"တက်ကြ. . ဆက်တက်ကြ"

ဝတ်စုံနက်များကလည်း မိုက်မိုက်မဲမဲပင် ဆက်တက်ကြသည်။ လူတစ်ရာနီးပါးကုန်တော့မှ တောင်ခြေနှင့် တောင်နံရံများမှ ထောင်ချောက်များ ကင်းရှင်းသွားသည်။

လူတစ်ရာနီးပါးဆိုသည်မှာ နည်းနည်းနောနော လူအင်အားမဟုတ်ပါချေ။

တောင်ခြေတွင် ထောင်ချောက်များ ကင်းရှင်းသွားမှ သူ့လက်ရုံးနှစ်ဦးနှင့် ကိုယ်ရံတော်ရှစ်ယောက်ကို စုစည်းလိုက်သည်။

ကိုယ်ရံတော်ရှစ်ယောက်မှာ ကျိုတောင်၏ အရိပ်အခြည်ကို ကြည့်ရှုနေသူများဖြစ်၍ ချက်ချင်းပင်စုမိသည်။

"တို့ပါ တောင်ထိပ်တက်ကြမယ်၊ အခု အားလုံး ဆယ့်တစ်ယောက်ရှိတယ်၊ ဒီလူတွေ မခွဲဘဲနဲ့ စခန်းသိမ်းအောင်ပွဲဆင်နွှဲရမယ် သူတို့မှာ လူအင်အား များများမရှိနိုင်ဘူး၊ အနည်းအကျဉ်းပဲရှိမယ်၊ ဒါကြောင့် ထောင်ချောက်တွေ ဒီလောက်လုပ်ထားတာ"

ကျိုတောင်က စီစဉ်နေသည်။

"ကျန်တဲ့လူတွေက တို့ကိုကာပြီး တိုက်ပေးရမယ်၊ အရေးကြီးတာ တောင်ထိပ်မှာ အနိုင်တိုက်ဖို့ပဲ၊ တောင်ထိပ်မှာ အနိုင်

www.burmeseclassic.com

www.burmeseclassic.com



တိုက်ဖို့ကလဲ မဝေးဘူး၊ ငါရယ် အော်ဟန်စီးနဲ့ လျှန်ဆွေဝင်းရယ် ကိုယ်ရဲတော်ရှစ်ယောက်ရယ်ဆိုရင် ဒီကောင်တွေကို အနိုင်တိုက်နိုင်ပြီပေါ့"

ကျိုတောင်က ဆက်ပြောသည်။

"ဒီပွဲကို ငါကိုယ်တိုင် အနိုင်တိုက်ချင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျန်းစီးမုံဆိုတဲ့ကောင်ကို ငါကိုယ်တိုင်ဖမ်းချင်လို့ပဲ၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လုံးလုံး ကျန်းစီးမုံဟာ ငါ့လက်က လွတ်အောင် လက်တစ်လုံးခြား လှည့်ပတ်ရှောင်တိမ်းခဲ့တယ်. . .

ငါ့ကို အရှုံးလုပ်ခဲ့တယ်၊ ဒီကောင့်ကို ငါကိုယ်တိုင် သတ်ရမယ်. . နောက်ပြီး စန်ချီယာကိုလဲ ငါကိုယ်တိုင် ဖမ်းချင်လို့ပဲ"

သူသည် ကိုင်ထားသည့် ပုဆိန်ကို ကိုင်မြှောက်လိုက်သည်။ ပုဆိန်သွားသည် နေရောင်ကြောင့် ဝင်းလက်ဖြာသွားလေသည်။

"ကဲ. . စကြမယ်၊ ကိုယ့်တာဝန်ကိုယ် ကျေပါစေ၊ ကျေရင် ကျေသလို ခံစားရမယ်၊ မကျေရင် မကျေသလို ခံစားကြရမယ်ဆိုတာ မှတ်ထားကြ၊ တက်ကြ. . "

ကျိုတောင်သည် တောင်ခြေမှ စတင်၍ တက်ကြလေတော့သည်။

ကျန်းစီးမုံတို့သည် တောင်ထိပ်ပေါ်မှနေ၍ တောင်ခြေရှိ ဖြစ်ရပ်များကို ဆီး၍ မြင်နေရပါသည်။

သေးကွေးသော မြင်ကွင်းပင်ဖြစ်သော်လည်း ပီပီပြင်ပြင် မြင်နေရပါသည်။



ဤလူများ ဤမျှ ရှုရှုမိုက်မိုက်ရှိကြလိမ့်မည်ဟု မထင် ပေ။ ယခုတော့ သေမင်းရှိမှန်းသိလျက်နှင့် မိုက်မဲစွာ ဆက်တက်ကြသည်။ ပြီးတော့ သေကြသည်။

"အဲဒါလည်းကောင်းတာပေါ့ကွ၊ သူတို့မိုက်မဲလေ. . သေလေ အင်အားလျော့လေပေါ့ကွာ၊ လိမ္မာနေရင် ခက်မယ်ကွ၊ တို့ ဒုက္ခရောက်လိမ့်မယ်၊ မိုက်မဲနေတာ တို့အတွက် ကောင်းတာပေါ့ကွာ"

ရှာလေခန်က ရယ်ရယ်မောမော ပြောလိုက်သည်။

"ဟင်. . သူတို့ တောင်နံရံက တွယ်တက်နေကြပါပကော"

စုမုကျန်းသည် တောင်နံရံသို့ ငုံ့ကြည့်ပြီး လွှတ်ခနဲ ပြောလိုက်သည်။

"မပူပါနဲ့ တောင်စောင်းမှာလဲ ကျောက်မောင်းတွေ တပ်ထားပါတယ်၊ နီးလာတော့မှ ကျောက်မောင်းတွေကို ဖြုတ်ချကြတာပေါ့"

ရှာလေခန်က ပြောလိုက်သည်။

ဝတ်စုံနက်များက ဖွေးဖွေးလှုပ်တက်လာကြသည်။ သူတို့ပသည် သေမင်းကို အန်တုရဲသူများဖြစ်သည်။

သူတို့ ဦးထိပ်ပန်ဆင်သည်မှာ ကျိုတောင်အမိန့်သာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖြုတ်ချတော့မလားဖေဖေ"

စုမုကျွန်းက မေးလိုက်သည်။

"နေဦးသား တက်လာပစေဦး၊ သူတို့ အတော်ကလေးများမှ ဖြုတ်ချရမယ်"

ရှာလေခန်က တက်လာသော လူစုအားကြည့်ကာပြောလိုက်လေသည်။

သူတို့သည် ဝတ်စုံနက်များအတော်များအောင် စောင့်နေလိုက်ကြသည်။

ဝတ်စုံနက်များ အတော်များများ တွယ်တက်လာသောအခါမှ ရှာလေခန်က လက်မြှောက်ပြလိုက်သည်။

စုမုကျွန်းက ကျောက်မောင်းများကို ဖြုတ်ချလိုက်တော့သည်။

"ဝေါ. ."

"ဝုန်း. ."

"ဒိုး. . . ဒိုး. ."

"ဂျလိန်း. ."

"ဂျလိန်း. . ."

များပြားလှသော ကျောက်တုံးကြီးများသည် အရှိန်ဖြင့် လိမ့်ဆင်းသွားကြလေသည်။

တောင်နံရံ၌ တွယ်ကပ်နေသော ဝတ်စုံနက်များကို တိုက်ချသွားတော့သည်။

"အား. ."

"အမယ်လေး. ."

ဝတ်စုံနက်များသည် အသံနက်ကြီးများဖြင့် အော်ဟစ်ရင်း ပါသွားသည်။

သို့သော် ကျောက်မောင်းဖြုတ်ချသည့်ခဏသာလူရှင်းသွားသည်။ နောက်တော့ ဝတ်စုံနက်များ ပြန်လည်တွယ်ကပ်တက်လာကြသည်တကား။

"စောင့်ဦးသား. . ပိုင်လောက်မှ ထပ်သုံးကြတာပေါ့"

ရှာလေခန်က အေးအေးဆေးဆေးပင်ပြောသည်။

ရှာလေခန်၏ အမူအရာမှာ စိုးစဉ်းမျှ ပူပန်မှုမရှိပေ။ ဤသူအားလုံးကို သုတ်သင်နိုင်မည့်နည်း ရှိနေလေသည်။

"တစ်ခုတော့ရှိတယ်၊ ညအမှောင်ကို အကာအကွယ်ယူရင်း တက်လာရင်တော့ ဒီအပေါ်ကို ရောက်ကောင်းရောက်လာနိုင်တယ်၊ ညဆိုတော့ အပေါ်က မမြင်နိုင်ဘူးမဟုတ်လား"

ကျင်အိမေက ဝင်ပြောလိုက်ခြင်းဖြစ်သည်။ ကျင်အိမေတွေးတောသည်မှာ မှန်သည်။ ဝတ်စုံနက်များသည် ညအမှောင်ကို အကာအကွယ်ယူပြီးတက်ပါက တက်နိုင်လိမ့်မည်။

"အိုး. . ဘယ်နှစ်ယောက် အပေါ်ကို ရောက်လာမှာလဲ၊ အပေါ်ကို လူအယောက်နှစ်ဆယ်လောက် ရောက်လာကြတော့ တို့



www.burmeseclassic.com

www.burmeseclassic.com



က အေးအေးဆေးဆေးပဲ၊ အသာလေး တိုက်လိုက်ရုံပေါ့"

ရှာလေခန်က အေးအေးဆေးဆေးပင်။

"မင်းတို့ ဒီမှာ ခဏနေကြဦး၊ ငါဂူထဲဆင်းလိုက်ဦးမယ်၊ သွားကြည့်လိုက်ဦးမယ်"

ကျန်းစီးမုံက ပြောလိုက်ခြင်းဖြစ်သည်။ သူသည် ကျိုတောင်၏ လူများကို ကြည့်နေရသော်လည်း ဂူထဲ၌ ကျန်ရစ်ခဲ့သည့် စန်ချီယာ၊ ချူးပြောင်နှင့် လီစွန်းတို့အတွက် စိတ်မဖြောင့်ပဲဖြစ်နေရသည်။

"ကျွန်မလဲ လိုက်ခဲ့မယ်လေ"

ကျင်အိမေက ပြောလိုက်သည်။

"ညီမနေခဲ့ပါ၊ ဒီအပေါ်ကို ခုအချိန်မှာ ဒီကောင်တွေ မရောက်နိုင်ဘူးဆိုပေမယ့် သူတို့ကို မျက်ခြည်မပြတ်ကြည့်နေဖို့က လိုလိမ့်မယ်၊ တစ်ယောက်မမြင်ရင်တစ်ယောက်မြင်အောင် ကြည့်ဖို့တော့ လိုတယ်၊ ဂူထဲဆင်းကြည့်တာပဲ အစ်ကို့တစ်ယောက်ထဲဖြစ်တာပဲ"

ကျန်းစီးမုံ ထွက်ခွါသွားလေသည်။

ကျန်လူများမှာ အကွက်ရရင် ရသလို ကျောက်မောင်းများကို ဖြုတ်ချနေသည်။ ဝတ်စုံနက်များမှာလည်း အော်ဟစ်လွှင့်စင်ကုန်ကြလေသည်။

ရှာလေခန်သည် အောက်မှ အခြေအနေကိုကြည့်ပြီး ပြုံး



လေသည်။

ဝတ်စုံနက်များကား တွယ်တက်နေဆဲပင်။

သူတို့သည် တောင်တက် တောင်ဆင်းပညာကို ဦးစွာလေ့ကျင့်ထားကြဟန်တူသည်။ အကူပစ္စည်းအနည်းငယ်ဖြင့် ကျွမ်းကျွမ်းကျင်ကျင်တက်လာကြသည်။

ကျောက်မောင်းများဖြင့် တိုက်ချခံရသူများမှာ အလွဲ သာမရှောင်သာ ခံရခြင်းဖြစ်သည်။

တက်သည့်နေရာတွင်တော့ စနစ်တကျတက်ရောက်ကြခြင်းဖြစ်ပါသည်။

ထိုအခိုက်...

"ဝှစ်"

"ရှူး..."

အလင်းတန်းတစ်ခုသည် တောင်နံရံဆီမှ အပေါ်သို့ ထိုးတက်သွားသည်။ အလင်းရောင်တန်းကလည်း လင်းထိန်လှသည်။

"ယမ်းထုပ်လက်နက်"

ရှာလေခန်ကအော်လိုက်သည်။

ယမ်းထုပ်လက်နက်အ ကြောင်းကို မြေပြန့်သားများထက် ဟိမဝန္တာသား ရှာလေခန်က ပိုသိနေသည်။

ယမ်းထုပ်လက်နက်သည် တောင်ထိပ်တောအုပ်ဆီသို့ တည့်တည့်မတ်မတ်ကျလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း..."

"ဖြောင်း.."

"ရှူး..."

ဆင့်ကာ ဆင့်ကာ ပေါက်ကွဲသွားလေတော့သည်။ ယမ်းထုပ်မှ အခိုးအငွေ့များသည် ချက်ချင်းပျံ့နှံ့သွားသည်။ ဤသည်ကို အောက်မှ အကြောင်းမဲ့ မလုပ်ပါ။

ထိုယမ်းထုပ်ဖြင့် အပေါ်သို့ ပစ်လိုက်ပြီး အောက်မှ ဝတ်စုံနက်များက တရကြမ်းတက်လာကြမည်ဖြစ်သည်။

ဤသည်ကို ရှာလေခန်က ရိပ်မိသည်။

"ကျောက်မောင်းတက်တွေကို ဖြုတ်ချ"

ရှာလေခန်က အော်လိုက်သည်။ စုမုကျန်းက ကျောက်မောင်းတက်များကို ဆင့်ကာ ဆင့်ကာ ဖြုတ်ချလိုက်တော့သည်။

"ဝုန်း..."

"ဝုန်း..."

"ဖြောင်း..."

ယမ်းထုပ်သည် တောထဲကျရောက်လာသော်လည်း တစ်ဦးတစ်ယောက်ကိုမျှ မထိခိုက်ပါ။

ဝတ်စုံနက်များကား ရောက်ရှိ လာသည့် အင်အားအနက် တစ်ဝက်မျှဆုံးရှုံးသွားခဲ့ပြီဖြစ်ပါသည်။

သို့သော် ယမ်းထုပ်လက်နက်များမှာ တဝိုးဝိုးတရှိန်းရှိန်းဖြင့်



တက်လာနေဆဲဖြစ်ပါသည်။

ယမ်းငွေ့နှင့် မီးခိုးများတစ်စ တစ်စသိပ်သည်းထူထပ်လာပါသည်။ သစ်ကိုင်းများလည်း ကျိုးပြတ်ကျလာနေပါသည်။

ယမ်း ထုပ်ပေါက်ကွဲသည့်အခါ ထိုပေါက်ကွဲမှုကို တိုက်ရိုက်ခံရသည့်သစ်ပင်များမှာ သစ်ကိုင်းများကျိုးပဲ့ပြတ်ကျလာခြင်းဖြစ်ပါသည်။

"ယမ်းထုပ်လက်နက်ကိုလဲ မထိခိုက်အောင် ရှောင်ကြ၊ မီးခိုးငွေ့ကို အကာအကွယ်ယူပြီး တက်လာမယ့်လူကိုလဲ သတိထားကြ"

ရှာလေခန်က အော်ဟစ်သတိပေးလိုက်ရသည်။ ထိုသို့ အခြေအနေဝရုန်းသုန်းကားဖြစ်နေစဉ် ကျန်းစီးမုံပြန်လည်ရောက်ရှိလာလေသည်။

"အခြေအနေဘယ်လိုနေသလဲ"

"သားရဲ့ အခြေအနေ တိုးတက်ရဲ့လား"

"ဦးဦးချူးပြောင်နဲ့ ဒေါ်လေးလီစွန်းတို့ရော"

ကျန်းစီးမုံအား အလုအယက် ဝိုင်းမေးကြပါသည်။ ကျန်းစီးမုံ မျက်နှာမကောင်းပါ။ ထို့အတွက် ဝိုင်းမေးကြသူများ ပို၍ ရင်ပူကြပါသည်။

"စန်ချိယာကတော့ အတွင်းအား ပြန်ပြည့်သွားပါပြီ၊ သူ ပထမ ပျက်စီးခဲ့တဲ့အဆင့်ကို ပြန်အဖတ်ဆယ်နိုင်သွားပြီ၊ ဒီခု သူ

www.burmeseclassic.com

www.burmeseclassic.com



အိပ်ပျော်နေတယ်"

ထို့နောက် သက်ပြင်းချလိုက်ပြီး. . .

"နောင်ကြီးချူးပြောင်နဲ့ လိစွန်းတို့တော့ အသက်စွန့်သွားကြပါပြီ၊ သူတို့ အသက်ကုန်တဲ့အထိ သူတို့ရဲ့ အတွင်းအားတွေကို ပို့လွှတ်သွားကြတယ်"

ကျန်းစီးမုံက တစ်လုံးချင်း ဆို့နင့်စွာ ပြောလိုက်လေသည်။

❖



## ပေါ်ထွန်းလာသော ကြယ်တံခွန်

ရန်သူများသည် အလယ်စခန်းကို အပိုင်စီးရရှိသွားသည်။

သို့ရာတွင်...

စခန်းဝန်းကျင်၌ ထောင်ချောက်များဆင်ထားလေရာ မြင်မကောင်း ရှုမကောင်းမအောင် သေကျေကြကုန်သည်။

အလူးအလဲခံကြရသည်။

ရှာလေခန်သည် အချိန်ရတိုင်းပြုလုပ်ထားသည့် ထောင်ချောက်များသည် ရန်သူအား ကောင်းကောင်းဒုက္ခပေးခဲ့လေသည်။

ကျန်းစီးမုံတို့လူစုမှာ ချူးပြောင်နှင့်လိစွန်းတို့ သေကြရသဖြင့် ရန်သူများကို ပို၍အငြိုးသိုကြတော့သည်။

သူတို့သည် ကျောက်မောင်းတက်များကို တစ်ခုပြီးတစ်ခု ဖြုတ်ချကြလေတော့သည်။

သို့ရာတွင် ကျိုတောင်၏အဓိကအင်အားကို [illegible]ိုက်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



မရှိသေးပါ။ သူ၏လက်ရုံးနှစ်ဆူနှင့် ကိုယ်ရံတော်ရှစ်ယောက်ကား ဘာမျှမဖြစ်သေးချေ။

ကျိုတောင်ကို လူဆယ်ဦးက ဝိုင်းဝန်းကာကွယ်ပေးထားကြပေသည်။

တောင်ထိပ်၌ ယမ်းခိုးယမ်းငွေ့များပိတ်ဖုံးလွှမ်းမိုးနေလေရာ အောက်ခြေသို့ကြည့်ရန်အခက်အခဲရှိလာသည်။

ဤသို့ဖြင့် တက်လာလိုက်၊ ကျောက်တုံးကျောက်ခဲများကို ဖြုတ်ချလိုက်ပြုလုပ်နေလေရာ ညနေစောင်းသည့်အချိန်သို့ရောက်ရှိလာလေသည်။

ကျန်းစီးမုံတို့အုပ်စုတွင် ချူးပြောင်နှင့်လီစွန်းလျော့ပါးသွားသဖြင့် တိုက်ခိုက်နိုင်သူ ခုနစ်ယောက်သာ ကျန်ရှိတော့သည်။

စန်းချီယာကား အင်အားပြည့်ဖြင့် အိပ်မောကျနေဆဲရှိသည်။ သူတို့သည် လူနည်းသဖြင့် မည်သူမျှအနားမယူနိုင်ကြချေ။

"သူတို့ ညဘက်လဲဆက်တက်ကြမှာပဲ"

စုမုကျန်းကပြောလိုက်သည်။

ကျန်းစီးမုံက ...

"ဟုတ်တယ်၊ တို့ ညပါ အနားယူလို့မရဘူး၊ လမိုက်ညဆိုတော့ ပိုသတိထားရမယ်၊ ဒီကောင်တွေ အမှောင်ကိုအကာအကွယ်ယူပြီးတက်လာကြမှာပဲ"

စုမုကျန်းကပြောလိုက်သည်။



ကျန်းစီးမုံက ...

"ဟုတ်တယ်- တို့ ညပါအနားယူလို့မရဘူး၊ လမိုက်ညဆိုပိုသတိထားရမယ်၊ ဒီကောင်တွေ အမှောင်ကိုအကာအကွယ်ယူပြီးတက်လာကြမှာသေချာတယ်"

"စန်းချီယာကိုနိုးပြီး အသိမပေးတော့ဘူးလား၊ ဒီအတိုင်းထားလိုက်မှာလား"

ရှာလေခန်ကမေးလိုက်သည်။

ကျန်းစီးမုံက ...

"ဒီအတိုင်းထားရမှာပဲ၊ တို့ဘက်က အင်အားနည်းနေတယ်၊ တောင်ထိပ်ကို ရန်သူမစီးမိအောင် တို့ ကာကွယ်ကြရမယ်၊ ဒါမှ စန်းချီယာသူတို့လက်ထဲပါမသွားမှာ"

ဤတွင် စူအီကဝင်ပြောလာသည်။ စူအီသည် နားထောင်သမားသက်သက်ဖြစ်သည်။

တစ်ခါတစ်ရံမှ ဝင်ပြောတတ်သည်။

"အခု ကျွန်မတို့မှာ ကျောက်မောင်းတက်တွေလဲသိပ်မရှိတော့ဘူး၊ နက်ဖြန်ကျရင်ခက်မယ်၊ ဒီညတက်လာရင်တော် ဓားဓားချင်း ရင်ဆိုင်တိုက်ခိုက်ရတော့မှာပဲ"

"ဟား. . ဟား. . ဟား ဘာဖြစ်သလဲညီမရယ်၊ ဓားလာရင်ဓားပေါ့၊ လှံလာရင်လှံပေါ့၊ စန်းချီယာကို ကာကွယ်ရင်းသေရတာပဲ၊ ဟား. . ဟား. . ဟား သေချင်သေပါစေပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ရှာလေခန်က သူ့ကိုယ်သူသေလူဟု သဘောထားပြီး ပြောနေပုံရသည်။

ထိုအချိန်တွင် တောင်နံရံဆီမှ အော်ဟစ်သံများကိုကြားရတော့သည်။ ယမ်းထုပ်လက်နက်များကလည်း အဆက်မပြတ်ပေါက်ကွဲနေသည်။

"ဒီအတိုင်းဆိုရင် သူတို့အားလုံးကို တားဆီးလို့ရနိုင်တော့မှာမဟုတ်ဘူး၊ တောင်ပေါ်ကို တစ်ချို့တစ်ဝက်တက်လာကြတော့မယ့်အခြေအနေပဲ"

"ကျိုတောင်ကတော့ တက်လာသူတွေထဲမှာ ကျိန်းသေပါလာမှာပဲ၊ သူက ဒီအခွင့်အရေးကိုစောင့်နေတာ တောင်ထိပ်ပေါ်ရောက်ဖို့ရေးဟာ သူ့အတွက် သေရေးရှင်ရေးလိုအရေးကြီးတယ်"

ယင်ဇွေးရှာကပြောလိုက်ပြီး ချိုယူလန်းကိုလှမ်းကြည့်လိုက်လေသည်။

ချိုယူလန်းကလည်း သူ့ကိုယ်သူသေလူအဖြစ် စိတ်နှလုံးတုံးတုံးချပြီးဟန်ပင်။

လကွယ်ညဖြစ်သဖြင့် အမှောင်သည် ကြီးစိုးနေသည်။

ထိုက်ဟူတောင်ထိပ်သည် အမှောင်ထဲတွင် ထီးထီးမားမားဖြစ်နေသည်။

တောင်အောက်တွင်လည်း မည်သည့်လှုပ်ရှားသံကိုမျှ မကြားရဘဲဖြစ်နေသည်။



သူတို့သည် တောအုပ်ထဲရှိသစ်ပင်များတွင်အကာအကွယ်ယူထားကြသည်။

ရန်သူများအား ချောင်းမြောင်း စောင့်ဆိုင်းနေခြင်းပင်ဖြစ်တော့သည်။

ဤသို့စောင့်ဆိုင်းရာတွင် ကျန်းစီးမုံနှင့် ကျင်အီမေတို့က ထိပ်ဆုံးမှနေရာယူထားကြသည်။

သူတို့နောက်တွင် ရှာလေခန်တစ်ယောက်တည်းရှိသည်။

လက်ဝဲဘက်တောတန်းတွင်မူ စူအီနှင့်စုမုကျန်းတို့ သားအမိရှိသည်။

လက်ယာဘက်ရှိတောတန်းတွင် ယင်ဇွေးရှာနှင့်ချိုယူလန်းတို့ရှိသည်။

အလယ်ကြောင်း၌ သုံးယောက်စောင့်နေခြင်းမှာ စန်ချိုယာရှိရာလိုက်ဂူသို့သွားလျှင် အတိုဆုံးသောလမ်းဖြစ်နေ၍ပင်။

ယခုအချိန်ထိ ရန်သူ့ဘက်မှ လုံးဝမလှုပ်ရှားသေးချေ။ အမှောင်ထုသည် တဖြည်းဖြည်းသိပ်သည်းလာနေသည်။

"သူတို့ အနားယူနေကြသလား မသိဘူး၊ ဒီပုံဆိုရင် သူတို့မနက်ကျမှတက်မယ်နဲ့တူတယ်၊ မောပန်းလို့ အားဖြည့်နေကြတယ်နဲ့တူပါတယ်"

ယင်ဇွေးရှာက ချိုယူလန်းအား တိုးတိုးတိတ်တိတ် ကပ်ပြောလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချိုယူလန်းမှာ ယင်ခွေးရှာထက်အတွေ့အကြုံရှိသူဖြစ်၏။ ထို့ကြောင့် ...

"အခုလိုတိတ်ဆိတ်ငြိမ်သက်နေတာဟာ ပရိယာယ်တစ်မျိုးပဲ၊ ဒီလိုအချိန်မျိုးဟာ အလစ်ဝင်စီးလို့ အကောင်းဆုံးအချိန်ပဲ၊ မမရဲ့အဖေဟာ ဒီလိုအချိန်မျိုးမှာ အနားယူတယ်ဆိုတာမရှိဘူး"

ထိုအချိန်မှာပင် တကျိုကျိုတကျိုကျိုအသံများကြားရတော့သည်။ အမှောင်ထဲမှငှက်ကလေးများထွက်ပေါ်လာသည်။

"ဟော- ကင်းထောက်ငှက်ကလေးတွေပဲ၊ အကြောင်းထူးပြီနဲ့တူတယ်"

ကျောက်သန္တာငှက်ကလေးများသည် တောအုပ်ထဲ၌လှည့်လည်ပျံသန်းနေသည်။

သူတို့၏ သခင်ဖြစ်သူရှာလေခန်ကို ရှာနေကြခြင်းဖြစ်ပုံရလေသည်။

ရှာလေခန် ထရပ်လိုက်သောအခါ သူတို့သည် ရှာလေခန်ရှိရာသို့ပျံသန်းလာကြလေတော့သည်။

ငှက်ကလေးများသည် ရှာလေခန်၏ပခုံးပေါ်သို့ သက်ဆင်းရပ်နားလိုက်ကြသည်။

ငှက်တလေးများသည် ရှာလေခန်၏ပါးကို ထိုးဆိတ်ပြီးနောက် တောင်၏အရှေ့ဘက်စွန်းသို့ ပျံသန်းသွားလေတော့သည်။

ထိုတောင်၏အရှေ့ဘက်အစွန်းမှ ရန်သူများတက်လာနေကြောင်း ငှက်ကလေးများက သတင်းပို့ခြင်းဖြစ်သည်။



သူတို့သည် အရှေ့ဘက်တောင်စွန်းအနီး၌ စုရုံးလိုက်ကြလေသည်။

"ငှက်ကလေးတွေ သတင်းပို့သွားတယ်၊ ဒီနေရာက တက်လာကြလိမ့်မယ်လို့"

ရှာလေခန်က ပြောပြောဆိုဆိုနှင့်ပင် ဝမ်းလျားထိုးကာ မိကျောင်းတွားသွားပြီး အောက်ခြေသို့ငုံ့ကြည့်လိုက်၏။

အမှောင်ထဲတွင် လှုပ်လှုပ် လှုပ်လှုပ်နှင့် တက်လာသော အရိပ်မည်းမည်းများကို တွေ့ရ၏။

စုမုကျွန်းပါ သူ့အနားသို့ရောက်လာ၏။

"အခုအချိန် ကျောက်မောင်းတက်ကိုဖြုတ်ချလိုက်ရင် မကောင်းဘူးလား"

စုမုကျွန်းမှာ တိုက်ချင်ခိုက်ချင်စိတ်ဖြင့် စစ်သွေးကြွနေပေသည်။

"စမ်းကြည့်လိုက်တာပေါ့သားရယ်"

သူ့စကားအဆုံးတွင် စုမုကျွန်းသည် ကျောက်မောင်းတက်ခလုတ်များကိုဖြုတ်ချလိုက်လေတော့သည်။

"ဝေါ. ."

"ဝုန်း. ."

ကျောက်တုံးများလိမ့်ကျသွားသံကို ကြားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်အော်သံမျှ ထွက်ပေါ်မလာပါ။

ရှာလေခန်သည် အောက်သို့ငုံ့ကြည့်လိုက်သည်။

"ဟိုက်. . ငါတို့တော့အလိမ်ခံလိုက်ရပြီ"

"ဘာဖြစ်လို့လဲ"

စုမှုကျွန်းကမေးလိုက်၏။

ရှာလေခန်က ...

"လူတွေ တက်နေသယောင်လုပ်ထားတာကွ၊ လူအတုတွေနဲ့လုပ်ထားတာ၊ သေပါတော့ကွာ"

ထိုအခိုက် ...

"ဝှစ်. ."

"ဝှစ်. ."

သူတို့နှင့်မလှမ်းမကမ်းတောင်ကမ်းပါးဆီသို့ လူရိပ်များခုန်တက်လာကြသည်။

ထိုလူရိပ်များကို ရုတ်တရက်တွေ့လိုက်ရသောအခါ ရန်သူများက တောင်ထိပ်သို့ခြေချနင်းမိပြီဖြစ်ကြောင်းသိလိုက်ရသည်။

အားလုံးပင် ညှိနှိုင်းနေစရာမလိုဘဲ ထိုနေရာသို့ပြေးလွှားသွားကြလေတော့သည်။

"ခွမ်း. ."

"ရှလွမ်း. ."

ကျန်းစီးမုံ၏လက်ချက်ဖြင့် ဝတ်စုံနက်တစ်ယောက်မှာ



တောင်ထိပ်မှ လွင့်စဉ်ကျသွားလေသည်။

ကျန်လူများမှာလည်း မည်းမည်းမြင်သမျှကိုမလွှတ်တမ်းတိုက်ခိုက်နေတော့သည်။

ထိုက်ဟူတောင်ထိပ်တွင် တိုက်ပွဲကြီးတစ်ခုဖြစ်ပွါးနေချေပြီတည်း။

ရန်သူများ၏သိုင်းပညာအဆင့်မှာလည်း မနိမ့်လှပါ။

ယခုတက်ရောက်လာနိုင်သည့် ရန်သူများမှာစုစုပေါင်းအယောက်နှစ်ဆယ်မျှရှိသည်။

အယောက်နှစ်ဆယ်လောက်ကိုတော့ ကျန်းစီးမုံတို့မမှုပါ။ အယောက်လေးဆယ်လောက်ဖြစ်လာလျှင်တော့ မှုရပါမည်။

ရှာလေခန်သည် ကျန်းစီးမုံအား ဝိုင်းရံထားသူများကိုကြားဖြတ်တိုက်ခိုက်နေသည်။

ရန်သူခြောက်ယောက်ခန့်မျှ ကျသွားသည်။

ဤတွင် ရန်သူများသည် တစ်ဦးချင်းတိုက်ခိုက်နေသည်ကိုပြောင်းလဲလိုက်၏။

စုပေါင်းတိုက်ကွက်ကို အသုံးပြုလာကြသည်။

ကျန်းစီးမုံတို့အား စုပေါင်းတိုက်ကွက်ဖြင့် တိုက်ခိုက်ကြလေပြီ။

စုပေါင်းတိုက်ကွက်ကို တိုက်ခိုက်သည့်အနေဖြင့် စုပေါင်းကျန်းလည်း တေးဆို၍တိုက်ခိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဓားကိုလက်နှစ်ဖက်ဖြင့် စုံကိုင်ရင်း မုန်တိုင်းသံစဉ်တေးကွက်ကို အသုံးပြုလေသည်။

"ပင်လယ်ပြင်မှာ မုန်တိုင်းဆင် ...
မြေပြင်မှလည်း မုန်တိုင်းဆင် ...
တောင်ထိပ်မှာလည်း ပြေးမလွတ်အောင်ပင် ...
တိုက်ခိုက်ချေမှုန်းသုတ်သင် ...
အို့. . ဝို့. . ဝို့ ....
အို့. . ဝို့. . ဝို့ ....

တေးသီချင်းသီလျက် စုမုကျန်းလည်း ဟန်ချက်မိမိ တိုက်ခိုက်လေသည်။

သူ၏သီချင်းသံမှာ အရာရောက်လှပေသည်။ ရန်သူ၏စုပေါင်းတိုက်ကွက်သည် ပျက်စပြုလေတော့သည်။

ချိုယူလန်းကလည်း ဓားတစ်လက်ဖြင့် တရကြမ်းတိုက်ခိုက်လေသည်။

ချိုယူလန်းမှာ ဓားရေးကောင်းသူဖြစ်၍ ငှက်ပျောပင်ကိုပိုင်းဖြတ်သကဲ့သို့ ရန်သူများကိုပိုင်းဖြတ်လေတော့သည်။

ထိုအခါ ဝတ်စုံနက်တို့ အလဲလဲအပြိုပြိုဖြစ်ရတော့သည်။

ကျင်အိမေနှင့် စုအီတို့ကလည်း ကျောချင်းကပ်ကာ "နှစ်မြွာကိုယ်ပွါး တူညီဓား" သိုင်းကွက်ဖြင့် တက်ညီလက်ညီတိုက်ခိုက်ကြသည်။



ယင်ရွေးရှာက ရှာလေခန်နှင့်ကျန်းစီးမုံတို့အကြားသို့ ခုန်ဝင်ကာ သူတို့နှစ်ယောက်၏ဟာကွက်များကို ဖာထေးတိုက်ခိုက်ရသဖြင့် ဟာကွက်တစ်ခုမဟုတ်တစ်ခု ပေါ်လေသည်။

သိုင်းကွက်ပေါင်း ငါးဆယ်အတွင်း၌ ရန်သူအများအပြားကျဆုံးကုန်သည်။

ရန်သူ၏စုပေါင်းသိုင်းကွက်လည်း ပျက်လေ၏။

ရန်သူများမှာ တိုက်စစ်ပြိုပြိုဖြစ်၍ တဆုတ်တည်းဆုတ်နေရတော့သည်။

ထိုစဉ် ...

"ရှူး. ."

"ဖောင်း. ."

"ဒိုင်း. ."

တောအုပ်အတွင်းသို့ ယမ်းထုပ်လက်နက်များ ကျရောက်ပေါက်ကွဲလာသည်။

ယမ်းခိုးယမ်းငွေ့များ အူ၍ထွက်လာသည်။

ထိုယမ်းထုပ်များ ကျရောက်ပေါက်ကွဲသည်နှင့်တစ်ပြိုင်နက် မြောက်ဘက်စွန်းဆီမှဝတ်စုံနက်များ လွှားခနဲ လွှားခနဲ ခုန်တက်လာကြတော့သည်။

သူတို့သည်-

တစ်ဖက်တွင် စစ်ရေးမြှုပြီး တစ်ဖက်မှ ဝင်ရောက်တိုက်

www.burmeseclassic.com

www.burmeseclassic.com



နိုက်ကြခြင်းဖြစ်တော့သည်။

သို့ရာတွင် အရှေ့ဘက်မှ စစ်ရေးမြှုသူများမှာ အလျှင်
မြန် နှံနိမ့်သွားသဖြင့် မြောက်ဘက်စွန်းမှ တက်လာသူများသည်
အင်အားအပြည့်ဖြင့်တိုက်ခိုက်မှုကို ကြုံတွေ့ရတော့၏။

ရန်သူများသည် အင်အားများပြားလှသည်။

လက်နက်ပုန်းများရော အဆိပ်လက်နက်ပုန်းများပါ
သုံးပြုတိုက်ခိုက်သဖြင့် ကျွန်းစီးမုံတို့မှာ ဝီရိယနှစ်ဆတိုး၍ပြန်လည်
တိုက်ခိုက်ရတော့သည်။

သူတို့သည် သိုင်းလောကထုံးစံများကိုလည်း ဂရုမစိုက်ကြ
တော့ချေ။

မည်သည့်နည်းဖြင့်နိုင်နိုင်၊ နိုင်ဖို့သာအရေးကြီး၏ဟူသော
ထုံးကို နှလုံးမူထားပုံရလေသည်။

သို့မှသာ ထိုက်ဟူတောင်စခန်းကို သူတို့အနေဖြင့် သိမ်း
ပိုက်နိုင်မည်မဟုတ်ပါလား။

တိုက်ကွင်းတိုက်ကွက်များမှာကျဉ်းမြောင်းသဖြင့် လူများ
အရောရောအထွေးထွေးဖြစ်ကုန်ကြရသည်။

ရှုပ်ထွေးနေကြသည်။

နှစ်ဖက်စလုံး အထိအနိုက်ရှိသည်။

စူအီသည် တစ်ဖက်၌မဲ၍တိုက်နေစဉ် သူမအား ဓားတစ်
ချောင်းလာစိုက်သည်။



စိုက်သည်နှင့် အဆိပ်မြားဖြစ်ကြောင်းသိလိုက်ရသည်။

ယင်စွေးရှာသည်လည်း ရန်သူနှစ်ယောက်နှင့် တိုက်ခိုက်
နေရင်း လက်ဝဲဘက်မှရန်သူက ရှမ်းခနဲ ဓားဖြင့်ခုတ်လိုက်သည်။

"ရှမ်း. ."

"အား. ."

ယင်စွေးရှာလက်မောင်းထိသွားပြီ။

သို့သော်-

သူမသည် အားမလျှော့ပေ။ ဓားကို ဘယ်ဘက်လက်ဖြင့်
ပြောင်းကိုင်လိုက်သည်။

သူမသည် တိုက်ခိုက်နိုင်သော်လည်း တိုက်စစ်ကိုတော့
မဆင်နိုင်တော့ပေ။

အဆိပ်မြားထိသွားသောစူအီမှာ အဆိပ်တက်နေသဖြင့်
လဲကျနေလေပြီ။

လူနှစ်ယောက် တိုက်အားလျော့သွားသဖြင့် ခံစစ်ကိုသာ
အားကိုးရတော့မည်။

တိုက်စစ်မဆင်နိုင်သဖြင့် ရန်သူ၏ဖိအားက သိသိသာသာ
တိုးလာလေတော့သည်။

ထိုအခိုက်မှာပင် ...

"ဝေါ. . ဝေါ. . ဝေါ"

"ဂျိမ်း. . ဂျလိမ်း. . ဂျလိမ်း"

www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း. . ဝေါ. . ဝေါ"

တော်လည်းသံကြီးများ ဆူညံစွာထွက်ပေါ်လာပြီး ထိုက်ဟု တောင်ကြီးတစ်တောင်လုံး သိမ့်သိမ့်တုန်သွားလေတော့သည်။

"ဝုန်း. . ဝေါ. . ဝေါ"

တော်လည်းသံကြီးကြောင့် နှစ်ဖက်စလုံးမှ တိုက်ခိုက်မှုများ ရပ်တန့်သွားသည်။

အခြေအနေကို စောင့်ကြည့်ကြ၏။

"ဒိန်း. . ဒလိန်း. . ဒလိန်း"

"ဂျိမ်း. . ဂျိမ်း. . ဂျိမ်း"

"ဝေါ. . ဝေါ. . ဝေါ"

မြေလျှင်အကြီးအကျယ်လှုပ်လေတော့သည်။

လူများ ဒယီးဒယိုင်ဖြင့်ယိမ်းထိုးကုန်သည်။

ထိုအခါ မြေပေါ်သို့လှဲချကြရ၏။

မြေလျှင် မည်မျှပြင်းသနည်းဟူမူ အချို့သော သစ်ပင်ကြီးများသည် အမြစ်မှကျွတ်ကျသည်အထိဖြစ်၏။

သစ်ပင်သစ်ကိုင်းများ တဖြောင်းဖြောင်းကျိုးကျသည်။

မည်းနက်မှောင်ပိန်းနေသော ကောင်းကင်ယံတစ်ခုလုံး လင်းထိန်ဖြာသွားစေသည့်လျှပ်စီးများလည်း လင်းလက်လေသည်။

အချို့အလင်းတန်းများမှာ ပျောက်မသွားချေ။

လင်းထိန်မြဲဖြစ်သည်။



လူများသည် ထိတ်လန့်တကြား ကောင်းကင်သို့မော့ကြည့်ကြကုန်သည်။

"ဟာ. ."

"ဟင်. ."

"ဟယ်. . ."

ရန်သူများသည် အထိတ်တလန့်အာမေဍိတ်သံများဖြင့်ရေရွတ်ကြလေသည်။ ကျန်းစီးမုံ၏လူများလည်း ပါးစပ်အဟောင်းသားဖြင့် ကြက်သေသေသွားကြသည်။

သူတို့သည် အံ့အားသင့်နေကြပါသည်။

သို့ရာတွင် ကျန်းစီးမုံကတော့ ထူးခြားစွာအော်ပါသည်။

"အောင်ပြီကွ. . အောင်ပြီ"

ကျန်းစီးမုံထအော်ခြင်းကို အားလုံးကအံ့အားသင့်စွာကြည့်မိကြပါသည်။ ကောင်းကင်၌ အလင်းတန်းကြီးသည် ပျောက်မျက်မသွားသေးပေ။ မြေလျှင်ကတော့ လှုပ်နေဆဲသာတည်း။

"ဝေါ. . ဝေါ. . ဝေါ"

ရန်သူများသည် ကောင်းကင်ကြီးကိုမော့ကြည့်နေကြ၏။ လျှင်လှုပ်နေသဖြင့် အားကိုးရာမဲ့သလိုဖြစ်နေကြသည်။

နိုင်ခန့်သောမဟာပထဝီမြေကြီးမှာ တော်လည်းသံမြည်ဟည်းလျက်လှုပ်ရှားနေသဖြင့် ရန်သူများ အားငယ်နေကြရသည်။

ကျန်းစီးမုံ၏လူများကလည်း "အောင်ပြီ. . အောင်ပြီ"ဟု

www.burmeseclassic.com

www.burmeseclassic.com



ကြွေးကြော်နေသောကျွန်းစီးမုံကို ဘုမသိဘမသိအကြည့်ဖြင့်ကြည့်နေမိကြ၏။ ကျွန်းစီးမုံက ပြုံး၍ပြောလိုက်သည်။

"နက္ခတ်တာရာတွေကြုံကြိုက်ကုန်ပြီ၊ ကနေ့ညမှာ နက္ခတ်တာရာတွေစုံကုန်ပြီ"

သူသည် အားရပါးရပြောလိုက်ပြီး မရွေ့မလျားတည်ရှိနေသောအလံင်းတန်းကြီးကို လက်ညှိုးထိုးညွှန်ပြလေသည်။

"ဟိုမှာတွေ့လား၊ အဲဒါကြယ်တံခွန်ပဲ၊ လူ့ဘဝတွေ အများကြီးပြောင်းလဲသွားပေမယ့် ဒီကြယ်တံခွန်လိုဟာမျိုးကို ကြုံတောင့်ကြုံခဲတွေ့ကြရတယ်၊ အခုတိုက်တိုက်ဆိုင်ဆိုင် စန်းချိန်ယာရဲ့နက္ခတ်တာရာတွေကြုံကြိုက်မှ ဒီကြယ်တံခွန်ပေါ်ပေါက်လာတယ်၊ ငါ့သားဟာ မလွဲမသွေသိုင်းဧကရာဇ်ဖြစ်မယ့်လူပဲ"

ကျွန်းစီးမုံကပြောလိုက်လေသည်။



## သိုင်းဧကရာဇ်လောင်းလျာ

မြေလျှောင်တော်လည်းသံနှင့် မြေလျှင်လှုပ်ခြင်းတို့ တဖြည်းဖြည်းငြိမ်သွားသည်။

ထိုစဉ် အရှေ့မြောက်ဘက်စွန်းဆီမှ စူးရှကျယ်လောင်သောအော်ဟစ်သံကြီးကို ကြားလိုက်ရတော့သည်။

"ဟေ့ကောင်တွေ- မင်းတို့ကို တောင်ပေါ်တက်ပြီး အအိပ်နိုင်းတာမဟုတ်ဘူးကွ၊ ထ . . တိုက်ကြ၊ ထစမ်း၊ တိုက်ခိုက်ကြစမ်း၊ မည်းမည်းမြင်သမျှအကုန်ရှင်းပစ်"

တောင်တန်းနဂါးဂိုဏ်းချုပ်ကြီးကျိုတောင်၏ အမိန့်ပေးသံပါတည်း။

ကျိုတောင်သည် တောင်စွန်း၌မားမားမတ်မတ်ရပ်နေပြီး အော်ဟစ်အမိန့်ပေးနေခြင်းဖြစ်ပါသည်။ သူ့နောက်ဘက်၌ အော်ဟန်စီးနှင့်လျှန်ဆွေဝင်းတို့ ရှိနေကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်ရံတော်ရှစ်ယောက်ဖြစ်သော ဟွားညီနောင်လေးယောက်နှင့် ကျောက်ညီနောင်လေးယောက်တို့မှာ ကျိုတောင်ကိုလခြမ်းပုံသဏ္ဌာန် ဝိုင်းဝန်းစောင့်ရှောက်နေကြသည်။

မြေလျှင်လှုပ်သဖြင့် မြေပြင်၌ အိပ်နေကြသော ဝတ်စုံနက်များသည် ခုန်ထပြီး အပြေးအလွှားတိုက်ခိုက်ကြတော့သည်။

သူတို့သည် ဂိုဏ်းချုပ်ကြီးကျိုတောင်၏အမိန့်ကိုတစ်သဝေမတိမ်းလိုက်နာကြသူများသာတည်း။

ကြယ်တံခွန်ကြီးသည် လင်းလက်လှသောအလင်းရောင်ကိုမပေးသော်လည်း တော်ရုံတန်ရုံအလင်းရောင်လောက်ကိုတော့ပေးလေသည်။

ထိုအလင်းရောင်အောက်တွင် ဝတ်စုံနက်များသည် ပြေးလွှားထိုးခုတ်နေကြခြင်းဖြစ်တော့သည်။

စူအီသည် ချည်နှံ့တုန်ယင်စွာဖြင့်ထရန်ကြိုးစားသည်။

"ညီမ. . . အသာနေပါ၊ သက်သာသလိုနေပါ၊ ဝင်မတိုက်နဲ့တော့"

ရှာလေခန်က စူအီအားပြောလိုက်ခြင်းဖြစ်ပါသည်။

"မေမေ- လိုဏ်ဂူကိုပြန်ပြီးအနားယူပါ၊ အဆိပ်ပြေဆေးစားပါ၊ ဒဏ်ရာသက်သာသွားမှ ပြန်လာခဲ့ပါနော်"

သို့သော် စူအီကခေါင်းခါသည်။

သူ့ကိုယ်သူ အသိဆုံးပင်မဟုတ်ပါလော။



"ကိုယ့်ကိုယ်ကိုယ် အသိဆုံးပါလေ၊ ကျွန်မကိုယ်ထဲမှာ ဝင်နေတဲ့အဆိပ်ကို ဘယ်ပြေဆေးကမှ မကုနိုင်တော့ဘူး၊ ဒီအတိုင်းနေလဲ သေမှာပဲ၊ တိုက်လဲသေမှာပဲ၊ အဲဒီတော့ မထူးဘူး။ တိုက်ရင်းအသေခံမယ်"

သူမသည် ပြောပြောဆိုဆိုပင် ရုတ်ခနဲထလိုက်သည်။

ထို့နောက် သူတို့ထံရောက်လာသည့် ဝတ်စုံနက်များကိုတိုက်ထုတ်နေလေတော့သည်။

ကျိုတောင်နှင့်သူ့လူဆယ်ယောက်ကမူ တိုက်ကွင်းထဲသို့မဝင်သေးဘဲ ဘေးမှရပ်ကာကြည့်နေ၏။

ကျန်းစီးမုံသည် ကျိုတောင်ကိုမြင်သွားသည်။

"ဟေ့- တိုက်ကြဟေ့. . . တောင်တန်းနဂါးကျိုတောင်ကိုလက်စားချေဖို့အချိန်ရောက်လာပြီ၊ တိုက်ကြ. . တိုက်ကြ"

ကျန်းစီးမုံတို့လူစုသည် ကျန်းစီးပုံ၏အော်ဟစ်သံကြောင့်အားတက်သွားကြ၏။

ထို့ကြောင့် တရကြမ်းတိုက်ခိုက်ကြတော့သည်။

ဤဝတ်စုံနက်များကို မြန်မြန်ဆန်ဆန် ရှင်းလင်းနိုင်ပါမှ တောင်တန်းနဂါးကျိုတောင်နှင့် သူသေကိုယ်သေတိုက်ခိုက်ရမည်မဟုတ်ပါလား။

တောင်တန်းနဂါးကျိုတောင်၏ပညာမှာ မြင့်မားလှ၏။

သို့သော် အသက်သေရန်ကိုမကြောက်သော ကျန်းစီးမုံမှာ

www.burmeseclassic.com

www.burmeseclassic.com



ဘာကိုကြောက်တော့ပါမည်နည်း။

သူတို့အား အနှစ်နှစ်ဆယ်ကျော်ကျော် သဲသဲမဲမဲလိုက်လံ ဒုက္ခပေးနေသော တောင်တန်းနဂါးကျိုတောင်နှင့် သူသေကိုယ်သေ တိုက်ခွင့်ရပေတော့မည်။

ကျန်းစီးမုံတို့ဘက်မှ၊ လူအင်အားနည်းသော်လည်း တစ်ယောက်နှင့်တစ်ယောက် သိုင်းကွက်ချင်း အချိတ်အဆက်မိအောင် တိုက်ခိုက်နိုင်သဖြင့် ခံသာနေသည်။

စုပေါင်းတိုက်ကွက်ကဲ့သို့ဖြစ်နေသည်၊

ထိုစဉ်...

"ဝှစ်. ."

"ထန်း. ."

ရန်သူများဘက်မှ အနီရောင်အလင်းရိပ်တစ်ခု ပြေးထွက်လာသည်ကိုတွေ့ရသည်။

ကျန်းစီးမုံသည် ထိုအလင်းရိပ်ကို ဓားဖြင့် ဆီးခံပေးလိုက်လေသည်။

"ထန်း. ."

"ဂုန်း. ."

ပေါက်ကွဲသွားသည်။ အဆိပ်လက်နက်ပုန်းပစ်ခတ်လိုက်ခြင်းဖြစ်ပါသည်။

ကျန်းစီးမုံမှာ အငွေ့များကိုရှူမိလိုက်သည်။



ချက်ချင်းသတိရပြီး အငွေ့များကိုမရှူမိအောင် အသက်ကိုအောင့်ထားလိုက်သည်။

သို့ရာတွင် သူမူးမိုက်သွားခဲ့လေပြီ။

သူသည် အတွင်းအားထုတ်၍ အဆိပ်ငွေ့ကိုအစွမ်းကုန်ကြိုးစား၍ခုခံလေသည်။

သူ့အဖြစ်ကိုမြင်လိုက်ရသော ကျိုတောင်က တဟားဟားရယ်မောလေတော့သည်။

"ဟေ့. . ဒီကောင့်ကို ကိစ္စတုံးမလုပ်လိုက်နဲ့၊ ငါဖို့ချန်ထားကြဦးကွ၊ ဟား. . ဟား. . ဟား"

ကျန်းစီးမုံသည် ကျိုတောင်၏ပြောကြားချက်ကို ကြားလိုက်ရသည်။

ထိုအခါ သူသည် မူးမိုက်သွားရပြန်သည်။

ကျန်းစီးမုံက ဒေါသကြီးလေ၊ အဆိပ်မှာ ပို၍ဒုက္ခပေးလေဖြစ်နေသည်။

ကျန်းစီးမုံသည် ထိုအဖြစ်ကိုရိပ်မိလိုက်သဖြင့် ကျိုတောင်ကိုအမှုမထားတော့ဘဲ ရန်သူများကိုသာ ထိုးခုတ်တိုက်ခိုက်လိုက်လေတော့သည်။

ခေါင်းကတော့ မူးနောက်နေဆဲပင်။ ထို့ကြောင့် ကျန်းစီးမုံသည် ကျိုတောင်ကိုရှိသည်ဟုမထင်မှတ်တော့ဘဲ ရန်သူများကိုသာ ဖိ၍တိုက်ခိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်သူများ များသည်ထက်များလာသည်ဟု ထင်ရသည်။

"အမယ်လေး. ."

ကျင်အိမ်မထဲမှ အော်သံပေါ်လာသည်။

သူမ၏ပါးတစ်ခြမ်း ဖောင်းထွက်သွား၍ဖြစ်သည်။

ကျန်းစီးမုံ၏စိတ်ထဲတွင် မသိမသာဆိုသလို စိုးရိမ်စိတ်များ ဝင်ရောက်လာလေသည်။

ကြာလျှင် တဖြည်းဖြည်းလုံးပါးပါးပြီး ရှုံးနိမ့်သွားမည့်အရေးကိုပင်။

သူ စိုးရိမ်မည်ဆိုလျှင်လည်း စိုးရိမ်စရာကောင်းသည်။

ဝတ်စုံနက်များသည် တောင်ပေါ်သို့ တစ်ယောက်ပြီး တစ်ယောက်တက်လာနေသည်မဟုတ်ပါလား။

ထိုစဉ် ကျိုတောင်၏အသံပေါ်လာသည်။

"သေရမှာချင်းအတူတူ အပင်ပန်းခံမနေပါနဲ့တော့ကွာ၊ လက်နက်သာချလိုက်ပါ၊ မင်းတို့ ဘယ်လောက်ကြာအောင် ခုခံနိုင်ကြမှာမို့လဲ"

ကျိုတောင်၏အော်သံသည် ပွဲတင်ထပ်သွားလေသည်။

ထိုအသံကြားပြီးသည်နှင့် မကြာမီမှာပင် ...

"ဝုစ်. . ဝုစ်. . ဝုစ်"

လျှင်မြန်လှသည့်အရိပ်သဏ္ဌာန်တစ်ခုသည် တိုက်ကွင်းထဲသို့ရောက်လာသည်ကို နှစ်ဖက်စလုံးမှမြင်လိုက်ကြရသည်။



ပထမတွင် မည်သည့်အရာမှန်းမသိကြချေ။

"ကျား. ."

ထိုသူ့ထံမှ အော်သံထွက်ပေါ်လာပြီး စောစောက လျှင်လှပ်သဖြင့် ပြိုကျနေသောသစ်ပင်ကြီးတစ်ပင်အား ကိုင်မြှောက် ကာ ဝတ်စုံနက်များထံသို့ပစ်ပေါက်လိုက်လေသည်။

"စန်ချီယာဟေ့- စန်ချီယာ"

ကျန်းစီးမုံ၏ ဝမ်းသာအားရအော်ဟစ်လိုက်သော အသံသည် မိုးယံသို့မြင့်တက်သွားလေသည်။

မှန်သည်။ စန်ချီယာပင်ဖြစ်ပါသည်။ စန်ချီယာထွက်လာနိုင်ပါပြီ။

သူ့ခန္ဓာကိုယ်၏ဘေးပတ်ဝန်းကျင်တွင် မီးစုန်းများကဲ့သို့ အလင်းရောင်ရိပ်များ ဖြာထွက်နေသည်။

အံ့ဩစရာပင်။

သူသည် မည်သည့်လက်နက်ကိုမျှကိုင်မထားပါ။

စူအီက ဝမ်းသာအားရခေါ်လိုက်သည်။

သူ့အသံက ပီပြင်မှုမရှိတော့ပါချေ။

သူမသည် လဲကျနေပါပြီ။

"ဒေါ်လေး. ."

စန်ချီယာသည် သူမထံသို့အပြေးရောက်ရှိသွားပါသော်လည်း စူအီခမျာခေါင်းငိုက်စိုက်ကျသွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



စုအီသေဆုံးသွားပါပြီ။

စန်ချိယာသည် စုအီ၏ခန္ဓာကိုယ်အားပွေ့လှပ်၍ စိုးရိမ်တကြီးခေါ်လိုက်ပါသည်။

"ခေါ်လေး. . ခေါ်လေး. ."

စုအီကား ဘာမျှ မပြောနိုင်တော့ပါ။ စန်ချိယာသည် စုအီ၏အလောင်းကိုချထားပြီး ထလာပါသည်။

ဝတ်စုံနက်များသည် စန်ချိယာအား တိုက်ခိုက်ရန်ဟန်ပြင်ထားကြပါသည်။

"ဟေ့- မလုပ်နဲ့၊ သူဘာလုပ်မလဲဆိုတာသာကြည့်ဦး"

ကျိုတောင်ကလှမ်းတားလိုက်သဖြင့် ဝတ်စုံနက်များသည် ဝိုင်းမတိုက်ကြတော့ပေ။

ကျွန်းစီးမုံက အခြေအနေကိုမေးမြန်းလိုက်၏။

"လူကလေး- ဘယ်လိုဖြစ်လာတာလဲ"

"သား- ကောင်းကောင်း ကျန်းမာလာပါပြီဖေဖေ၊ လျှောင်လှုပ်တော့ သားနိုးလာတယ်၊ ဦးဦးချူပြောင်နဲ့ခေါ်လေးလိစွန်းတို့ သေဆုံးနေကြတာ တွေ့ရတယ်၊ သားတစ်ကိုယ်လုံး မနေနိုင်လောက်အောင် ပူလောင်လာတယ်"

စန်ချိယာပြောနေခြင်းမှာ သူနက္ခတ်တာရာကြုံဆုံနေခြင်းဖြစ်သည်။

သိုင်းဝိဉာဉ်သည် အလိုလိုနိုးထလာခြင်းဖြစ်သည်။



"ပြီးတော့ သားခေါင်းထဲမှာ ထူးခြားတဲ့သိုင်းကွက်တွေ အလိုလိုဝင်လာတယ်၊ သားမျက်စိထဲမှာ သားခန္ဓာကိုယ်ပေါ်က စက်လက္ခဏာတွေကို အလိုလိုမြင်နေရတယ်၊ သိပ်ထူးဆန်းတာပဲ"

ကျွန်းစီးမုံက ရှာလေခန်ကိုလှမ်းပြောလိုက်သည်။

"သူတစ်ခါထဲနဲ့ပြည့်စုံသွားပြီ၊ ဘေးကလူတွေ ဝင်ဖို့မလိုတော့ပါဘူး"

ကျွန်းစီးမုံက အလေးအနက်ပြောလိုက်ခြင်းဖြစ်ပါသည်။ ထို့နောက် စန်ချိယာဘက်သို့လှည့်ကာ. .

"ဝမ်းသာစရာပဲသား၊ သားကိုယ်ပေါ်က လျှို့ဝှက်ချက်တွေကို ဖေဖေတို့ဝိုင်းဝန်းဖေါ်ထုတ်ပေးမလို့ဟာ၊ အခုတော့ မလိုတော့ဘူးပေါ့၊ သားဟာ နက္ခတ်တာရာတွေနဲ့ တိုက်တိုက်ဆိုင်ဆိုင် ကြုံကြိုက်ပြီး သိုင်းကွက်တွေအလိုအလျောက်ပိုင်ဆိုင်သွားပြီပဲ"

စန်ချိယာသည် သူ့အားမွေးဖွားစဉ်က ကြုံကြိုက်ခဲ့သော နက္ခတ်တာရာများနှင့် တစ်ကြိမ် ပြန်လည်၍ တိုက်ဆိုင်ကြုံကြိုက်ခြင်းပင်ဖြစ်ပေသည်။

ထို့ကြောင့် လျှောင်လှုပ်ခြင်း၊ တော်လည်းခြင်းနှင့် ကြယ်တံခွန်များပေါ်ခြင်းတို့ဖြစ်လာခြင်းပင်။

ကောင်းကင်၌ ကြယ်တံခွန်ကြီးသည် လင်းလက်နေဆဲပင်ရှိသေးသည်။

"သား- ခုအချိန်ကစပြီး မွေးရာပါသိုင်းကွက်တွေကို ပိုင်

www.burmeseclassic.com

www.burmeseclassic.com



ပိုင်နိုင်နိုင်တိကျအောင် ကိုယ်တိုင်လေ့ကျင့်ဖို့ပဲလိုတော့တယ်၊ သား သိရဲ့လား၊ ဒီဟာ ဘာသိုင်းကွက်လဲဆိုတာ. . .”

“ဘာသိုင်းကွက်လဲဖေဖေ”

“ကမ္ဘာဦးလောင်မီး သိုင်းကွက်၊ မင်းမျက်စိထဲမှာ မြင်ပြီး တတ်မြောက်လိုက်တဲ့သိုင်းကွက်ဟာ ကမ္ဘာဦးလောင်မီးသိုင်းကွက်ပဲကွဲ့”

“ဟုတ်လား၊ ဒါမြင့်ဟန်ကျပြီ၊ ဒါဆိုရင် ပောဟိုက အဖျက်သမားတွေကို အရင်ဆုံးသုတ်သင်ရှင်းလင်းရမယ်ဖေဖေ”

ပြောရင်း သူသည် စူအီကိုငုံ့ကြည့်လိုက်သည်။

“ကျွန်တော့်အတွက် အသက်ပေးသွားရှာတဲ့လူတွေ သုံးယောက်တောင်ရှိသွားပါပြီ၊ ဒီအတွက် ဒီသွေးကြွေးတွေဟာ သား အပေါ်မှာတင်ရှိနေပါတယ်၊ သား ဒီသွေးကြွေးတွေကို ပေးဆပ်ပါ့မယ်ခင်ဗျာ”

သူက လက်နှစ်ဖက်ဆုပ်လျက် လေးလေးနက်နက်ပြောလိုက်လေသည်။

ကျန်းစီးမုံကို တိုင်တည်လိုက်ခြင်းဖြစ်ပါသည်။

ထို့နောက် သူသည် ရန်သူများရှိရာသို့လှည့်လိုက်သည်။

ယခုအချိန်တွင် ရန်သူအားလုံးပင် တောင်ထိပ်စခန်းသို့ ရောက်ရှိနေပေပြီ။

တော်ပေသေးသည်။



စန်ချီယာ နကွတ်တာရာနှင့်ကြုံကြိုက်ပြီး ကမ္ဘာဦးလောင်မီးသိုင်းကွက်ကိုအောင်မြင်သွားသဖြင့် တော်ပေသေးသည်။

စန်ချီယာက လက်ကိုမြှောက်ပြီးကြေငြာလိုက်သည်။

“ယခုအချိန်ကစပြီး ကျုပ်ကိုယ်ကျုပ် သိုင်းကောရာဇ်လောင်းလျာအဖြစ် ကြေညာပါတယ်၊ ဒါကို လက်မခံနိုင်သူရှိရင် ကျုပ်နဲ့ အချိန်မရွေးတိုက်ခိုက်နိုင်ပါတယ်”

စန်ချီယာ၏အောင်မြင်သောအော်သံသည် ပတ်ဝန်းကျင်တစ်ခုလုံး ပဲ့တင်ရိုက်ဟည်းသွားလေတော့သည်။

✿

www.burmeseclassic.com

www.burmeseclassic.com





တိုက်ပွဲဝင်ပြီ

ရန်သူများသည် **စန်ချီယာ၏ကြွေးကြော်သံ**ကြောင့် လှုပ်လှုပ်ရွရွဖြစ်သွားသည်။

သိုင်းလောကထုံးစံအရ ဤကဲ့သို့ ကြွေးကြော်လာပါက သိုင်းဧကရာဇ်ဖြစ်ရေးအတွက် စိန်ခေါ်ကြေညာသူကို ယှဉ်ပြိုင်တိုက်ခိုက်နိုင်သည်။

ဤသို့ မတိုက်ခိုက်နိုင်ပါက လက်ခံ သဘောတူလိုက်ရန်သာအကြောင်းရှိပေသည်။

ဝတ်စုံနက်များသည် စန်ချီယာ သာမန်လူမဟုတ်ကြောင်း ပုံသဏ္ဌာန်အရသိနေပြီဖြစ်ရာ တက်မတိုက်လိုကြတော့ပေ။

သို့ရာတွင် ...

"ဟေ့. . ဘာငိုင်နေကြတာလဲ၊ သူဘာပဲပြောပြော မင်းတို့ယုံဖို့မလိုဘူး၊ ငါပြောတာကိုပဲ ယုံဖို့လိုတယ်၊ ငါ့အမိန့်ကို နာခံဖို့လိုတယ်၊ တိုက်ကြ- ဒီကောင့်ကိုလက်ရဖမ်း"

ကျိုတောင်က ပုဆိန်ရိုးတံရှည်ကြီးကိုတဝီးဝီးမြည်အောင် ဝှေ့ယမ်းရင်း ဒေါသတကြီးဖြင့် အမိန့်ပေးလိုက်လေတော့သည်။

ဝတ်စုံနက်များမှာ ကျိုတောင်၏အမိန့်ကိုမလွန်ဆန်ဝံ့ပေ။ နီးရာဓားကို ကြောက်ရပေလိမ့်မည်။

လက်နက်ချပါက ကျိုတောင်က နောက်မှ လိုက်လံသတ်ဖြတ်မည်ကို ကြောက်ရပေသည်။

သေမထူး နေမထူးဖြစ်နေသောကြောင့် စန်ချီယာရှိရာ သို့ အလုံးအရင်းဖြင့်ပြေးဝင်တိုက်ခိုက်ကြတော့သည်။

သူတို့သည် ဘယ်တောင်ပံ၊ ညာတောင်ပံခွဲ၍ ပြေးဝင်တိုက်ခိုက်ကြခြင်းဖြစ်သည်။

ဘယ်တောင်ပံမှလူများသည် စန်ချီယာရှိရာသို့ အတင်းပြေးဝင်တိုက်ခိုက်ကြသည်။

ညာတောင်ပံမှလူများကလည်း ကျန်းစီးမုံရှိရာသို့ပြေးဝင်တိုက်ခိုက်ကြသည်။

ဝတ်စုံနက်များမှာ သေလူဟုသဘောထားကြသူများဖြစ်သည့်အလျောက် ရေကုန်ရေခမ်းတိုက်ခိုက်ကြသည်။

အဖြူရောင်သမ်းနေသည့် **ကြယ်တံခွန်၏** အလင်းရောင်အောက်မှ တိုက်ပွဲကြီးပင်ဖြစ်ပါတော့သည်။

စန်ချီယာသည် သူ့ထံသို့ ရန်သူများမရောက်[illegible]မီကပင်

www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းထိုးလိုက်ရာ ရန်သူများရောက်လာသောအခါ ရန်သူများ၏ အလည်တည့်တည့်သို့ ကျရောက်သွားတော့သည်။

အောက်မှရန်သူများသည် ဓားလှံများဖြင့် ထိုးခုတ်တိုက်ခိုက်ကြလေ၏။

ရန်သူများ၏ဓားလှံများကိုနင်းကာ-

စန်ဒီယာသည် ကချေသည်သဖွယ် သိုင်းကစားပြနေ၏၊

ရန်သူများ အကြီးအကျယ်တုန်လှုပ်သွားကြသည်။

သူတို့၏ဓားလှံများကိုနင်းကာ သိုင်းကစားပြခြင်းမှာ မကြုံစဖူး ထူးကဲသောဖြစ်ရပ်ပင်မဟုတ်ပါလား။

သူတို့သည် တုန်လှုပ်မှုကိုဖုံးကွယ်လျက် စန်ဒီယာအား ဝိုင်းထိုးခုတ်ကြလေသည်။

ထိုအချိန်အထိ စန်ဒီယာက မတိုက်သေးပေ။

ရန်သူများသည် လှုစုကိုချဲပစ်လိုက်သည်။ စက်ဝိုင်းသဖွယ် နောက်ဆုတ်လိုက်ကြသည်။ ထိုအခါ စက်ဝိုင်းသဏ္ဍာန်ကွက်လပ်သို့ကျလာလေသည်။

သူမြေပေါ်သို့ရောက်သည်နှင့် ဝိုင်းညှပ်ပြီးတိုက်ခိုက်ကြတော့သည်။

စန်ဒီယာမှာ လက်နက်ကိုင်ဆောင်ခြင်းမရှိဘဲ လက်ကိုသာ အသုံးပြုတိုက်ခိုက်လျက်ရှိသည်။

သူလက်ကိုဝှေ့ယမ်းလိုက်သောအခါ လေပွေလှိုင်းတစ်



မြစ်ပေါ်လာပြီး ရန်သူများ တဝုန်းဝုန်းဖြင့်လွင့်စဉ်ကုန်သည်။

ရန်သူများသည် တစ်ဦးတစ်ယောက်မျှ စန်ဒီယာအနီး သို့ မကပ်နိုင်ကြပေ။

စန်ဒီယာသည် စက်ဝိုင်းသဏ္ဍာန် မြေကွက်လပ်ထဲမှခုန်ထွက်လိုက်သည်။

ရန်သူများက သူ့နောက်သို့တက်ကြပ်မကွာလိုက်ပါလာပြီး တိုက်ခိုက်ကြသည်။

စန်ဒီယာသည် လက်ခုပ်တစ်ဖောင်စာမျှမြင့်သော ထင်းရှူးပင်ပြတ်ကြီးပေါ်သို့ ရောက်သွားသည်။

ရန်သူများသည် သူ့အား ဘေးပတ်လည်မှဝန်းရံထားကြသည်။ ထိုအခါ စန်ဒီယာက ခြေတစ်ဖက်ကိုမြှောက်၍ဆောင့်နင်းလိုက်သည်။

"ခွမ်း.."

ထင်းရှူးပင်ပြတ်ကြီးသည် လေးစိတ်ကွဲကျသွားသည်။ ပြက်ထွက်သွားသည်။

ထင်းရှူးပင် အစအနများသည် ရန်သူများဆီသို့ ပြေးဝင်သွားပြီး ရန်သူများအား အတုံးအရုံးလဲကျစေလေတော့သည်။

"ဒါ... ဒါ ကမ္ဘာဦးလောင်မီးသိုင်းကွက်ထဲက တစ်ကွက် ဖြစ်ရမယ်"

ကျိုတောင်က မျက်မှောင်ကြုတ်ရင်းပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စန်ချီယာသည် ဝတ်စုံနက်များကို တစ်ယောက်ပြီးတစ်ယောက် ကိုင်မြှောက်လွှင့်ပစ်လိုက်သည်။

ကျန်းစီးမုံမှာ မိမိထက် အင်အားအဆမတန်ကြီးမားသော ရန်သူများနှင့်တိုက်ခိုက်နေရသည်။

မိမိတို့ဘက်မှ ခြောက်ယောက်သာရှိသည်။

ယင်စွေးရှာမှာ ညာဘက်တွင်ဒဏ်ရာရထားသဖြင့် ဘယ်လက်ဖြင့် တိုက်ခိုက်နေရသည်။

သူမကိုယ်ကို ကာကွယ်နိုင်ရုံသာရှိသည်။

စုမုကျန်းသည်လည်း ပခုံးကို မြားစိုက်ခံထားရသည်။

စုမုကျန်းသည် မြားတံကို ဓားဖြင့်ခုတ်ပစ်လိုက်သည်။

သူသည် မာန်သွင်းတိုက်ခိုက်နေသည်။

အဆိပ်မိထားသည့်ကျန်းစီးမုံမှာ မူးဝေနေဆဲဖြစ်သော်လည်း တိုက်ခိုက်နိုင်နေဆဲဖြစ်သည်။

လူကောင်းဆို၍ ချိုယူလန်းနှင့်ရှာလေခန်တို့သာရှိသည့် ကျင်အိမေမှာလည်း ပါးတွင် ဓားတစ်ချက်ထိသွားသည်။

သူတို့၏အားနည်းချက်ကိုသိထားသော ရန်သူငါ့သည် သူတို့အား တရကြမ်းဖိတိုက်ကြလေသည်။

ကျန်းစီးမုံတို့မှာ ခံစစ်ဖြစ်နေလေပြီ။

ထိုသည်ကို စန်ချီယာကသိမြင်လေသည်။

ထို့ကြောင့် သူတို့အား ကူညီတိုက်ခိုက်ပေးသည်။



တောင်တန်းနဂါးကျိုတောင်သည် သိုင်းဧကရာဇ်လောင်းလျာ စန်ချီယာ၏သိုင်းပညာကို အကဲခတ်နေသည်။

သူသည် စန်ချီယာ၏သိုင်းပညာကို ပိုမိုအကဲခတ်နိုင်ရန် သူ၏လက်ရုံးနှစ်ဆူအား အမိန့်ပေးလိုက်သည်။

"ကဲ ... မင်းတို့နှစ်ယောက်ဝင်ကြပေတော့"

အော်ဟန်စီးနှင့် လျန်ဆွေဝင်းတို့သည် ကျိုတောင်အား ဦးညွှတ်ဂါရဝပြုပြီး ဘယ်တောင်ပံ ညာတောင်ပံခွဲ၍ ဝင်ရောက်တိုက်ခိုက်ကြလေတော့သည်။

ဟွားညီနောင်လေးယောက်က လျန်ဆွေဝင်းနောက်သို့လိုက်ပါသွားပြီး ကျောက်ညီနောင်လေးယောက်က အော်ဟန်စီးနောက်သို့လိုက်ပါသွားကြသည်။

သူတို့ဆယ်ယောက်သည် ဂဏန်းလက်မသဏ္ဌာန် စန်ချီယာရှိရာသို့ပြေးဝင်သွားသည်။

တိုက်ပွဲသည် အပြင်းထန်ဆုံးဖြစ်သွားသည်။

လက်ရုံးနှစ်ဆူ စစ်ကူရောက်ရှိလာသဖြင့် ဝတ်စုံနက်များသည် အားတက်လာပြီး ဩသံပေးကာ မာန်သွင်းတိုက်ခိုက်ကြလေတော့သည်။

ဟွားညီနောင်လေးယောက်၏ လှံချက်များမှာ စူးရှပြင်းထန်လှသည်။

ဖယ်ဆက်သကဲ့သို့ ဆက်တိုက်ကျရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ညီနောင်လေးယောက်၏ လက်နက်မျိုးစုံကလည်း အဆက်မပြတ်ကျရောက်လျက်ရှိသည်။

လျှန်ဆွေဝင်းနှင့်အော်ဟန်စီးတို့က ရှေ့မှဦးဆောင်လျက် တိုက်ခိုက်ကြသည်။

လျှန်ဆွေဝင်းက အသွားရှစ်ခုပါသည့် သံမဏိကြိုးကြာ ကိုအသုံးပြုပြီး အော်ဟန်စီးက သုံးချောင်းဆက် တုတ်ကို အသုံးပြု တိုက်ခိုက်နေလေသည်။

တုတ်ချောင်းများအတွင်းတွင် အဆိပ်လက်နက်ပုန်းများ ကို ခလုတ်ဖြင့်ထည့်သွင်းထားသည်။

လိုအပ်လျှင် လိုအပ်သလို ထုတ်သုံးနိုင်သည်။

တိုက်ပွဲဖြစ်နေသည်မှာ တောင်ထိပ်စခန်းတစ်ခုလုံးသိမ့် သိမ့်တုန်နေတော့သည်။

တောအုပ်အတွင်းရှိသစ်ပင်ကြီးငယ်များမှာ အကိုင်းများ တဖြောင်းဖြောင်းကျိုးကျကုန်သည်။

ကျိုတောင်သည် ယမ်းထုပ်များပစ်ပေါက်နေခြင်းကို တား ဆီးခြင်းမပြုပေ။

ထို့ကြောင့် ယမ်းထုပ်ပေါက်ကွဲသံများဆူညံနေပြီး ယမ်းနံ့ ယမ်းငွေ့များကလည်း ဝေနေသည်။

ရှုတ်ရှုတ်သဲသဲဖြစ်နေသည်ကို ရပ်ပြီးကြည့်နေသည်။

တကယ်တော့ သူလည်းစိတ်မအေးချမ်းပါ။



စန်ချီယာကို အမိဖမ်းနိုင်ပါ့မလားဟူ၍ တွေးတောစိုးရိမ် ပူပန်နေပါသည်။

ရန်သူများက စန်ချီယာတို့လူစုအား တောင်ကမ်းပါးစွန်း သို့ရောက်အောင် မျှားခေါ်နေသည်။

စစ်မြှူနေခြင်းဖြစ်သည်။

စန်ချီယာတို့ကလည်း ရန်သူများကို တောင်ကမ်းပါးစွန်း သို့ကျသွားစေရန် ဖိတိုက်နေကြရသည်။

ထိုစဉ် ...

"ရှူး. . ."

"ဒိုင်း. . ."

"ဖောင်း. . ."

ရန်သူဘက်မှပစ်လွှတ်လိုက်သည့် ယမ်းထုပ်လက်နက်တစ် ခုသည် စန်ချီယာတို့ထံသို့ တန်းတန်းမတ်မတ်ပြေးဝင်လာသည်။

ထိုနောက် မပေါက်ကွဲသေးဘဲ စက်ဝိုင်းသဏ္ဍာန် အထပ် ထပ်ရစ်ပတ်နေသည်။

သူ့လှည့်ပတ်မှုမှာ မြန်ဆန်လှသဖြင့် လက်နက်နှင့်အလင်း ရိပ်ကိုခွဲခြားမရနိုင်အောင်ရှိသည်။

လက်နက်မှာ လျှင်မြန်စွာလှည့်ပတ်နေသဖြင့် ထိုလက်နက် ကို ချေဖျက်ရန်မတတ်နိုင်သေးပါ။

"ရှူး. . ."

www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း. . ."

"ဖောင်း. . ."

နောက်ထပ်ယမ်းထုပ်လက်နက်များ တစ်ခုပြီးတစ်ခု ထွက်လာသည်။ ထိုလက်နက်များကလည်း လျှင်မြန်စွာလှည့်ပတ်နေကြသည်သာဖြစ်သည်။

ဤသို့ဖြင့် စန်ဒီယာတို့ကို မီးကွင်းကြီးများဖြင့်ပိတ်ဆို့ထားသကဲ့သို့ဖြစ်နေသည်။

ယခုပုံစံအတိုင်း စန်ဒီယာတို့အုပ်စု မီးကွင်းအတွင်းပိတ်ဆို့ခံနေကြမည်လော။

အပိတ်မခံပါ။

စန်ဒီယာသည် ကျန်းစီးမုံထံမှဓားကိုတောင်းယူပြီး ဓားကိုအဆက်မပြတ် ဝှေ့ယမ်းလိုက်လေသည်။

ချက်ချင်းပင် သူ့ခေါင်းပေါ်မှ အလင်းရိပ်တစ်ခုဖြစ်ပေါ်လာပြီး ရေဂယက်ပြန့်သွားသကဲ့သို့ စက်ဝိုင်းအထပ်ထပ်ပြန့်သွားလေတော့သည်။

နောက်ဆုံး ထိုစက်ဝိုင်းများသည် မီးကွင်းများနှင့်ထိပ်တိုက်တိုးလေတော့သည်။

"ဝုန်း. . ."

"ဒိုင်း. . ."

"ဖောင်း. . ."



ပေါက်ကွဲသံများ အဆက်မပြတ်ထွက်ပေါ်လာသည်။

မီးပွားမီးစများသည် နေရာအနှံ့သို့ လွင့်စဉ်ပြန့်ကျဲကုန်လေသည်။

မီးကွင်းကြီးကား ပျောက်ကွယ်သွားလေပြီ။

စန်ဒီယာသည် ကျိုတောင်၏လက်ရုံးနှစ်ဆူအား ရင်ဆိုင်လိုက်လေသည်။ အော်ဟန်စီးနှင့်လျန်ဆွေဝင်းတို့သည် စန်ဒီယာနှင့်မျက်နှာချင်းတိုင်မိကြလေသည်။

နဂါးသွေးအော်ဟန်စီးက ...

"ဒါ မင်းပညာအကုန်ပဲလား၊ ပြပါဦးကွ၊ မင်းရဲ့မျက်လှည့်ပညာတွေကို"

စန်ဒီယာက ရယ်မောလိုက်လေသည်။

"ပညာဆိုတာ ကုန်ခန်းတယ်မရှိဘူး၊ နက်လေနက်လေပဲ၊ ပညာရဲ့အနက်ဟာ ဆုံးခန်းတိုင်မရှိဘူး"

"အေး... ပညာဆိုတာတော့ မကုန်ခန်းနိုင်ဘူး၊ ဒါပေမယ့် လူ့အသက်ဆိုတာတော့ ကုန်ခမ်းတတ်တယ်ကွ"

ခက်ထန်စွာပြောသည့်အသံ ပေါ်လာသည်။

ထိုသူကား နဂါးပေါက် လျန်ဆွေဝင်းပင်တည်း။ သူသည် ရှေ့ထွက်လာသည်။

သူသည် စန်ဒီယာအား မနာလိုမုန်းတီးနေသူတစ်ဦးပင်။ အကြောင်းမှာ ...

www.burmeseclassic.com

www.burmeseclassic.com



ချိုယူလန်းက စန်ချိုယာကို စွဲစွဲနစ်နစ် ချစ်ခင်သက်နေသောကြောင့်တည်း။

စန်ချိုယာနှင့်ချိုယူလန်းတို့၏ တောင်ပင်လယ်မှဇာတ်လမ်းကို သူအစုံအလင်သိရှိထားပေသည်။

ထို့ကြောင့် စန်ချိုယာကို ချစ်သူလုဘက်အဖြစ်မြင်ထားလေ၏။

လျှန်ဆွေဝင်းက တံတွေးတစ်ချက်ထွေးလိုက်ပြီး ...

"မင်းလူတွေကိုပဲ ကြည့်၊ အခု လူအပြည့် ရှိသေးရဲ့လား၊လို့ တစ်ယောက်ပြီးတစ်ယောက် ရှာန်လျှောသွားတာ မင်းမြင်တယ် မဟုတ်လား၊ အဲဒါ သူ့အသက်ဆိုတာ ကုန်ခန်းတတ်တယ်ဆိုတာကို သက်သေပြတာပဲ"

"ငါတို့ကတော့ တစ်ယောက်ထဲကျန်နေရင်လဲ ဆက်တိုက်နေမှာပဲ"

"ကောင်းပြီ"

လျှန်ဆွေဝင်းသည် ပြောပြောဆိုဆိုပင် သူ၏ သံမဏိကြိုးစကြာကို ဝှေ့ယမ်းတိုက်ခိုက်တော့သည်။

"ဝှစ်. . ဝှစ်. . ဝှစ်"

"ဝိုး. . ဝိုး. . . ဝိုး. . "

သံမဏိကြိုးစကြာသည် မိုးခြိမ်းသံကဲ့သို့ မြည်ဟည်းလာလေတော့၏။



အသွားရှစ်ခုသည် အရုပ်ရှစ်မျက်နှာသို့ ပြိုးပြိုးပြက်ပြက် ဖြာထွက်လာသည်။

ထိုသံမဏိသွား၏ဖြာထွက်လာပုံမှာ ကြောက်မက်ဖွယ်ရာပါတည်း။

မြွေအကောင်ပေါင်းများစွာ တပြိုင်နက်ပေါက်လိုက်သကဲ့သို့ထင်မှတ်ရပါသည်။

ထိုသံမဏိအသွား ရှစ်ခုအနက်မှ တစ်ခုသည် သူတို့၏နောက်ကွယ် ခပ်လှမ်းလှမ်း၌ရှိနေသော ချိုယူလန်း၏ခေါင်းပေါ်သို့ပေါက်လိုက်ပုံမှာ လျှင်မြန်လွန်းလှသည်။

လျှပ်တစ်ပြက်သာတည်း။

ချိုယူလန်းမှာ ဤကဲ့သို့ဖြစ်မည်ဟု လုံးဝ ထင်မှတ်မထားသဖြင့် အချိန်မီမကာကွယ်လိုက်နိုင်ချေ။

"ဖောက်. . . "

"အား. . . "

"ဝုန်း. . . "

ခေါင်းကိုတည့်တည့်ပေါက်မိသဖြင့် ခေါင်းမှသွေးများ ဖြာ၍ကျကာ လဲကျသွားတော့သည်။

ကျန်းစီးမုံမှာလည်း အံ့အားသင့်သွားရသည်။

ဤလက်နက်သည် ဤမျှအထိ အစွမ်းရှိလိမ့်မည်ဟုလုံးဝ မထင်မှတ်မိခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူလည်း ဘာမျှမကာကွယ်နိုင်ဘဲဖြစ်နေသည်။ စန်းချိုယာ၏ဒေါသကား ဟုန်းခနဲတက်သွားလေပြီ။

"ညီမ. . ."

သူသည် အသံကုန်အော်ဟစ်လိုက်သည်။ အော်ဟစ်ရင်း ချိုယုလန်းထံသို့ခုန်ဝင်သွားသည်။

ခုန်ဝင်သွားစဉ် သံမဏိကြိုးစကြောကို "နဂါးလည်ပြတ်" သိုင်းကွက်ဖြင့် ခုတ်ဖြတ်ပစ်ခဲ့သည်။

ငွေချန်ဆွေဝင်း၏ လှည့်ပတ်နေသောသံမဏိကြိုးစကြောမှာ တိခနဲ ပြတ်တောက်သွားလေသည်။

"ဒိုး. . ."

"ထောင်း. . ."

"ဝုန်း. . ."

"အား. . ."

"အမယ်လေး. . ."

သံမဏိသွားများသည် စည်းမရှိ ကမ်းမရှိ အရပ်ရှစ်မျက်နှာသို့ပျံ့လွင့်ထွက်ကုန်သည်။

ဝတ်စုံနက်အချို့မှာ သံမဏိသွားများထိမှန်ပြီး လဲကျသေဆုံးကုန်သည်။

အချို့လည်း ဒဏ်ရာရကုန်သည်။

သူတို့ထံမှ အော်သံများထွက်ပေါ်လာခြင်းဖြစ်ပေသည်။



စန်းချိုယာသည် ချိုယုလန်းအားပွေ့ထူလိုက်သည်။

"ညီမ... ညီမ. ."

စန်းချိုယာ တွင်တွင်ခေါ်သည်။

ချိုယုလန်း မျက်လုံးကိုဖွင့်ကြည့်လာသည်။

"ညီမ... ညီမ. ."

စန်းချိုယာက ရင်ထုမနာခေါ်လိုက်သည်။

"ဖြစ်ရလေညီမရယ်၊ ဘာမှမတိုက်ခိုက်ရသေးဘဲနဲ့ထိခိုက်ရတယ်ဆိုလို့"

ချိုယုလန်း အားယူ၍ပြုံးလိုက်သည်။ သူမ၏ ဒဏ်ရာမှာ သေလောက်သည့် ဒဏ်ရာပါတည်း။

"အစ်ကို... အစ်ကို့ရည်မှန်းချက် အောင်မြင်သွားပြီမဟုတ်လား၊ ညီမ သိပ်ဝမ်းသာ...ဂုဏ်ယူ..."

ချိုယုလန်းသည် စကားကိုဆုံးအောင်မပြောနိုင်ချေ။ ဇက်ကျိုးကျသွားသည်။ ချိုယုလန်းသေဆုံးသွားရပြီတည်း။

စန်းချိုယာသည် ချိုယုလန်းကို မချိတင်ကဲကြည့်မိသည်။ ထို့နောက် မြေပေါ်သို့အသာအယာချလိုက်သည်။

"မင်းတို့ကိုသတ်မယ်"

စန်းချိုယာ ဒါပဲပြောလိုက်သည်။

ရန်သူများရှိရာသို့ ပြေးဝင်သွားပြီး အပြီးတကြိုးဖြစ်သွားသဲမဲမဲတိုက်ခိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မုန်တိုင်းတိုက်သည့်ပမာပင်...

ရှာလေခန်လည်း ဇနီးဖြစ်သူစုအိ သေဆုံးသွားသဖြင့် ရန်သူများကို အပြိုးကြီးစွာတိုက်ခိုက်နေတော့သည်။

စုအိအတွက် လက်စားချေရခြင်းဖြစ်တော့သည်။

ကျန်းစီးမုံ၊ ကျင်အိမေ၊ စုမုကျန်းနှင့် ယင်စွေးရှာတို့လည်း တိုက်ခိုက်ကြရတော့သည်။

ထိုစဉ်....

"ဝှီး. ."

"ဝေါ. . ဝေါ. ."

ပြင်းထန်သောလေတိုက်သံကြီး ပေါ်ထွက်လာသည်။

အသံကြားရာဘက်သို့ကြည့်လိုက်သောအခါ ပုဆိန်ရိုးတံရှည်ကြီးဝှေ့ယမ်းလျက် တိုက်ပွဲအတွင်းသို့ဝင်လာသော တောင်ဟန်းနဂါးကျိုတောင်အား တွေ့မြင်လိုက်ရလေတော့သည်။

✲



## အဆိပ်သားကောင်

စန်ချီယာသည် ကျိုတောင် တိုက်ပွဲအတွင်း ဝင်လာသော အခါ ကျိုတောင်နှင့်ရင်ဆိုင်လိုက်သည်။

"ခင်ဗျား နောင်တရဖို့ကောင်းပြီ၊ ခင်ဗျားရဲ့လောဘရမ္မက်ကြောင့် လူတွေသေရတာနည်းသလား၊ နောက်ထပ် လူတွေမသေရအောင် ခင်ဗျားရဲ့လောဘတွေကို သတ်ဖို့ကောင်းပြီ၊ အခု ခင်ဗျားသမီးကိုယ်တိုင် သေရပြီမဟုတ်လား၊ ဒါတောင် နောင်တမရသေးဘူးလား"

စန်ချီယာက အော်ပြောလိုက်သည်။

ကျိုတောင်က အားရပါးရရယ်လိုက်သည်။

"ဟား. . ဟား. . ဟား. . ဟား ဒါက မင်းတို့အမြင်ပဲ၊ ငါ့ဘက်ကလဲ ငါ့အမြင်ရှိတာပဲ၊ မင်းတို့လက်ချက်နဲ့ ငါ့လူတွေ ရာချီကျဆုံးကုန်တယ်၊ ငါ့ရဲ့သမီးအရင်းတောင် မင်းရဲ့လွှဲဆောင်မှု

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ငါ့ကိုအာခံခဲ့တယ်"

"ခင်ဗျားကဒီလိုမြင်သလား၊ ဒီလိုဆိုရင် ခင်ဗျားက ဘာလုပ်ချင်လို့လဲ"

"ရှင်းပါတယ်၊ မင်းဟာ ကမ္ဘာဦးလောင်မီးသိုင်းကွက်ကို ရထားပြီးပြီပဲဖြစ်ဖြစ်၊ မရသေးဘူးပဲဖြစ်ဖြစ်၊ မင်းကိုယ်မင်း သိုင်းစကြာစ်လောင်းလျာအဖြစ် ကြေငြာထားပြီးပြီမဟုတ်လား"

"ဟုတ်တယ်"

"ဒါကိုတော့ ငါလက်မခံနိုင်ဘူး၊ မင်းကို အရင်ဆုံးသုတ်သင်ရှင်းလင်းရမယ်"

"ဟား . . ဟား . . ဟား သတ်နိုင်ရင် သတ်စမ်းပါ"

စန်ချီယာသည် ကျိုတောင်အကြောင်းကို စဉ်းစားလိုက်သည်။ ကျိုတောင်သည် မိမိအား လက်ရဖမ်းဆီးနိုင်ရေးအတွက် သူ့ဘဝတစ်လျှောက်လုံးကြိုးစားလာခဲ့သည်။

ထိုသို့ကြိုးစားခြင်းမှာ သူ့ခန္ဓာကိုယ်ပေါ်မှ လျှို့ဝှက် စက်လက္ခဏာများကိုဖေါ်ထုတ်လို၍ဖြစ်သည်။

ယခု သူပင် အသက်နှစ်ဆယ်ရှိပြီ။ သူ့အား ဖမ်းဆီးမမိခဲ့နိုင်ပေ။ ဤသည်မှာ ဖေဖေကျန်းစီးမုံ၏ ကြိုးစားပမ်းစား ရှောင်ရှားခဲ့ခြင်းကြောင့်ဖြစ်ပေသည်။

ကျိုတောင်ရယ်လိုက်သည်။

"ခုတော့ မင်းကိုအသေရရ အရှင်ရရ ငါ့အဖို့အကြောင်း



မထူးတော့ဘူး"

သူက စန်ချီယာကိုစိုက်ကြည့်လိုက်ပြီး . .

"မင်းကို ငါအနီးကပ်လေ့လာပြီးပြီ၊ ကမ္ဘာဦးလောင်မီးသိုင်းပညာနဲ့ပတ်သက်လို့လဲ ရှေးဟောင်းကျမ်းဂန်တွေကို ငါလက်လှမ်းမီသမျှလေ့လာပြီးပြီ"

သူကဆက်ပြောလေသည်။

"ငါလိုချင်တာ မင်းကိုယ်ပေါ်က လျှို့ဝှက်စက်လက္ခဏာတွေကိုပဲ"

သူသည် စကားပြောနေရင်း ကောင်းကင်သို့မော့ကြည့်လိုက်သည်။ တစ်ညတာကုန်ဆုံး၍ တစ်နေ့တာသို့ အသစ်ရောက်ပေတော့မည်။

အရှေ့ကျင်းစပြုနေပေပြီ။

ကောင်းကင်၌ရှိသော ကြယ်တံခွန်ကြီးသည်လည်း မှေးမှိန်စပြုနေပေပြီ။

"ညက တိုက်နေတဲ့အချိန်မှာ မင်းဟာ နက္ခတ်တာရာတွေကြုံကြိုက်ပြီး ပညာစဉ်အဆင့်ဆင့်အောင်မြင်ခဲ့ပြီဆိုတာငါသိတယ်၊ တော်လည်းတာတွေ လျှောင်လှုပ်တာတွေဟာ မင်းကြောင့်ဖြစ်တာပဲ၊ ဒါပေမယ့် မင်းဟာ သိုင်းစကြာစ်စစ်စစ် မဖြစ်သေးဘူး၊ သိုင်းစကြာစ်လောင်းလျာပဲရှိသေးတယ်"

ကျိုတောင်က နားလည်စွာပြောနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာ ပညာစုံသင့်သလောက် မစုံသေးဘူး၊ အရေ အကျင့်လဲ မရှိသေးဘူး၊ သိုင်းကွက်တွေကိုလဲ သိတယ်သာဆိုတယ် သိရုံပဲ ရှိသေးတယ်၊ သေသေချာချာ မလေ့ကျင့်ရသေးဘူး၊ အခု မင်းကိုယ်ပေါ်မှာ လျှို့ဝှက်စက်လက္ခဏာတွေအားလုံး အပြည့်အစုံ ပေါ်နေပြီမဟုတ်လား"

"ဟား . . ဟား . . ဟား ဒါကိုတော့ ကျုပ်မပြောနိုင်ဘူး၊ ကျုပ်သိမြင်တဲ့စက်လက္ခဏာတွေကတော့ ကျုပ်ရဲ့ဉာဏ်မျက်စိမှာ ပေါ်လာတာပဲ"

ဟုတ်ပါသည်။ စန်ချီယာအမှန်အတိုင်းပြောခြင်းဖြစ်ပါသည်။ စန်ချီယာ၏ဉာဏ်မျက်စိတွင် အထင်းသားပေါ်လာသဖြင့် ကျော့မှစက်လက္ခဏာများကို တွေ့မြင်ရသည်မဟုတ်ပါလော။

"အေး . . ဘာပဲဖြစ်ဖြစ်၊ မင်းကို တိုက်ခိုက်အနိုင်ယူလို့ ရသေးတယ်လို့ ငါကိုယ်တိုင်ယုံကြည်တယ်၊ မင်းကို အသေဖြစ်စေ အရှင်ဖြစ်စေမိရင် စက်လက္ခဏာတွေကိုငါကြည့်လို့ရတာပဲ၊ ဒီတော့ အသေဖမ်းပြီး အေးအေးဆေးဆေးဖေါ်ထုတ်ကြည့်ရှုရတော့မှာ ပေါ့ကွာ"

"ခင်ဗျားမှားနေပြီ"

ကျွန်းစီးမုံက ရှေ့တိုး၍ပြောလိုက်သည်။

"ငါ ဘာမှားသလဲ၊ ငါ့ဘက်ကတော့ အားလုံးမှန်နေတာပဲ"

ကျွန်းစီးမုံက ဆက်လက်ပြောလေသည်။



"သူ့ကို လက်ရဖမ်းမိရုံနဲ့ သူ့ကိုယ်ပေါ်က စက်လက္ခဏာရဲ့အဖြေမှန်ကို ဖေါ်ထုတ်နိုင်လိမ့်မယ်လို့ ခင်ဗျားထင်နေသလား၊ စက်လက္ခဏာတွေဟာ ထူးခြားတယ်၊ လျှို့ဝှက်ဆန်းကြယ်တယ်၊ ခင်ဗျားဟာ ပါရမီရှင်တစ်ယောက်မှမဟုတ်ဘဲ"

ကျိုတောင်က တဟားဟားရယ်ရင်း . .

"ဟား . . ဟား . . ဟား ငါဟာ ပါရမီရှင်တစ်ယောက်တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် နည်းလမ်းတွေအများကြီးရှိတယ်၊ ငါ့မှာ ကိုးကားညှိနှိုင်းစရာ ကျမ်းဂန်အဟောင်းတွေရှိတယ်၊ ငါ့ဘာသာ လေ့လာဆည်းပူးထားတဲ့ အချက်တွေရှိတယ်၊ လိုချင်တာကို ငါက ရအောင်ယူနိုင်တဲ့နေရာမှာ ငါ့ကိုမီတဲ့လူ လောကမှာ မရှိသေးဘူး ကွ"

ကျွန်းစီးမုံ ဘာမျှမပြောနိုင်တော့ပေ။

"ကြာတယ်၊ ခင်ဗျားတိုက်ချင်တယ်လို့ပြောတယ်၊ ဘယ်လို တိုက်ချင်သလဲ"

စိတ်မြန်လက်မြန်ဖြင့် ရှာလေခန်ကဝင်ပြောလိုက်သည်။ ကျိုတောင်ရယ်လိုက်သည်။

ကျွန်လူများကို အရေးမစိုက်ဘဲ စန်ချီယာကိုသာပြောလိုက်လေသည်။

"ဟောဒီမှာ ငါ့ရဲ့လက်ရုံးနှစ်ဆူ၊ တွေ့သလား၊ သူ့နှစ်ယောက်နဲ့ မင်းအရင်တိုက်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



စန်ဒီယာသည် အော်ဟန်စီးနှင့်လျှန်ဆွေဝင်းတို့ကို တစ်ချက် ဖျတ်ခနဲကြည့်လိုက်သည်။

"ရတယ်၊ သူတို့ရှုံးသွားရင်ကော. ."

"သူတို့ရှုံးသွားရင်တော့ ဟွားညီနောင်လေးယောက်နဲ့ယှဉ်ပြိုင်ရလိမ့်မယ်၊ မင်းက သိုင်းဧကရာဇ်လောင်းလျာအဖြစ် ကြေညာထားတဲ့လူပဲ၊ မင်းကို စိတ်ခေါ်တိုက်ခိုက်နိုင်ခွင့်ရှိတယ်၊ မင်းနောက်ဆုံး အသက်ရှင်ကျန်နေဦးမယ်ဆိုရင်တော့ ငါနဲ့ယှဉ်ပြိုင်ကြတာပေါ့ကွာ၊ ကဲ- စပေတော့"

လျှန်ဆွေဝင်းသည် သံမဏိကြိုးစကြာ အသစ်တစ်ခုကို အသင့်ကိုင်ပြီး စောင့်နေလေသည်။

အော်ဟန်စီးကလည်း သုံးချောင်းဆက်တုတ်ကို အသင့်ကိုင်ထားလိုက်လေသည်။

"ကဲ- စတိုက်နိုင်ပြီ"

အော်ဟန်စီးကပြောလိုက်သည်။

စန်ဒီယာက နွယ်ခွေဓားကိုဝှေ့ယမ်းရင်း. .

"ခင်ဗျားတို့ကပဲ စတိုက်ပါ"

စန်ဒီယာ၏စကားဆုံးသည်နှင့် သုံးချောင်းဆက်တုတ်နှင့် သံမဏိသွားရှစ်ခုက စန်ဒီယာ၏ခေါင်းပေါ်သို့ ရောက်ရှိလာလေတော့သည်။

"ဝှစ်. . ."



"ခြွမ်း. . ."

"ချလွမ်း. . ."

စန်ဒီယာက နွယ်ခွေဓားဖြင့် အားလုံးကိုသိမ်းကျုံးဖယ်ထုတ်ပစ်လိုက်သည်။ ထိုအခါ အော်ဟန်စီးနှင့် လျှန်ဆွေဝင်းတို့နောက်ဆုတ်သွားကြရသည်။

"ဟဲ. . ဟဲ. . မဆိုးဘူး၊ မင်းမဆိုးဘူး"

လျှန်ဆွေဝင်းက မခိုးမခန့်ပြောလိုက်သည်။

"ဒီတစ်ခါတော့ မြွေပါမြွေဟောက် တိုက်ကြရမယ်"

လျှန်ဆွေဝင်းက အချက်ပေးလိုက်သည်။ အော်ဟန်စီးကလည်းခေါင်းညိတ်သည်။

မြွေပါ မြွေဟောက်တိုက်ကွက်မှာ သိုင်းကွက်တစ်ခု၏အမည်ဖြစ်သည်။ တရုတ်ဒဏ္ဍာရီတစ်ခု၌ မြွေပါအား မြွေဟောက်များက တိုက်ခိုက်နိုင်ပုံပါရှိသည်။

ထိုအချက်အား တင်စားခေါ်ဝေါ်ထားသည့်တိုက်ကွက် အမည်ဖြစ်သည်။

"ဝိုး. . ."

"ဖြန်း. . ."

"ဖောက်. . . ဖောက်. . . ဖောက်"

သံမဏိသွားရှစ်ခုသည် စန်ဒီယာအား ပျားပိတ်ပေါင်းပမာဝန်းရံထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သုံးချောင်းဆက်တုတ်ကလည်း အထိုးအနက်ကိုသွက်သွက်လက်လက်ကြီးလုပ်ဆောင်နေသည်။

သုံးချောင်းဆက်တုတ်သည် ရုတ်တရက် စန်းချိုယာ၏ငယ်ထိပ်ကိုထိုးဆောင့်လာသည်။ မမျှော်လင့်သည့် ပွဲသိမ်းတိုက်ကွက်ဖြစ်သည်။

တိုက်ပွဲစသည်နှင့် ပွဲသိမ်းတိုက်ကွက်ကိုထုတ်သုံးလာသော အော်ဟန်စီးနှင့် လျှန်ဆွေဝင်းတို့၏ရက်စက်မှုကို သိမြင်နိုင်ပေ၏။

စန်းချိုယာသည် နွယ်ခွေဓားကို စကြာပတ်လှည့်ပတ်ရင်း ဆတ်ခနဲထိုင်ချလိုက်သည်။

သံမဏိသွားများသည် သူ့ခေါင်းပေါ် မှ လက်တစ်လုံးခန့်ဖြတ်သန်းသွားသည်။

သူ၏နွယ်ခွေဓားသည် အောက်သို့စိုက်ဆင်းလာသည့် သုံးချောင်းတုတ်ကို ကြိုးနှင့်လိမ်လိုက်သလို လိမ်ပတ်လိုက်သည်။

ပြန်၍မြောက်တက်သွားသော တုတ်အရှိန်ကိုလိုက်၍ စန်းချိုယာ၏ကိုယ်လုံးလည်း လိုက်ပါသွားသည်။

"ကျား. . ."

စန်းချိုယာသည် သံမဏိကြိုးစကြာကိုခုတ်ဖြတ်လိုက်သည်။ သုံးချောင်းဆက်တုတ်ကို လိမ်ပတ်နေသည့်ဓားကို ဆွဲဖြုတ်ပြီး သံမဏိကြိုးစကြာကို ခုတ်ဖြတ်လိုက်ပုံမှာလျှင်မြန်လှသဖြင့် ကျိုတောင်မှုတစ်ပါး မည်သူမျှမမြင်မိပေ။



တစ်ချိန်တည်းမှာပင် အော်ဟန်စီး၏မျက်နှာကို ပတ်ကန်လိုက်ပြီး လက်တစ်ဖက်က ကြိုးစကြာကိုကိုင်မြောက်ရင်း အောက်သို့ကျလာသည့်စန်းချိုယာကို အားလုံးပါးစပ်အဟောင်းသားကြည့်နေမိကြတော့သည်။

သံမဏိကြိုးစကြာကိုလှည့်ပတ်ရင်း အဝေးသို့လွှင့်ပစ်လိုက်သည်။ သံမဏိကြိုးစကြာသည် အော်မြည်ရင်း အဝေးသို့ပြေးသွားတော့သည်။

လျှန်ဆွေဝင်း လက်နက်မဲ့ဖြစ်သွားလေပြီ။

သူ့လက်ထဲမှ သံမဏိသံမဏိကြိုးစကြာကို စန်းချိုယာက ဖြတ်တောက်လုယူသွားလေပြီ။ လျှန်ဆွေဝင်းမျက်နှာမှာ သုန်မှုန်နေသည်။

အော်ဟန်စီးသည် တစ်ချက်အကန်ခံလိုက်ရသော်လည်း အချိန်မီရှောင်တိမ်းနိုင်သည့်အတွက် လွတ်သွားသည်။ သုံးချောင်းဆက်တုတ်ကို လက်ပြောင်းကိုင်ကာ လျှန်ဆွေဝင်းအားကူညီရန် ပြေးဝင်လာသည်။

သူသည် သုံးချောင်းဆက်ကို တပြောင့်တည်း တစ်တန်းတည်းဖြစ်အောင် ဆန့်ထုတ်လိုက်သည်။

"ဗိုး. ."

"ထန်း. ."

စန်းချိုယာ၏လည်မျိုသို့ ဆောင့်ထိုးချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စန်ဒီယာက နွယ်ခွေဓားဖြင့်ကာလိုက်သည်။

သို့ရာတွင် သုံးချောင်းဆက်တုတ်သည် အဆစ်နှစ်ဆက် ပြုတ်ထွက်သွားသည်။

"ဒိုး. ."

"ဒုစ်. ."

"ဒုစ်. ."

သုံးချောင်းဆက်တုတ်ပြုတ်ထွက်သွားပြီး တစ်ချောင်းက စန်ဒီယာ၏ဦးခေါင်း၊ တစ်ချောင်းကလည်မျိုနှင့် တစ်ချောင်းက ဝမ်းဗိုက်ဆီသို့ ပြေးဝင်ရိုက်ချလိုက်တော့သည်။

စန်ဒီယာကလည်း လျင်မြန်ပါသည်။ သုံးချောင်းဆက်တုတ်၏နောက်ဆက်တွဲအန္တရာယ်ကို မျှော်လင့်ထားသည်ဖြစ်ရာ ပတ်ဓား၊ ခုတ်ဓား၊ ရှေ့ဓားသုံးချက်ဖြင့် တစ်ဆက်တည်းခုခံတိုက်ခိုက်လိုက်လေသည်။

သုံးချောင်းဆက်တုတ်များသည် လွင့်ထွက်သွားလေ၏။ ထိုသို့လွင့်ထွက်လျက်မှ သုံးချောင်းဆက်တုတ်အဆက်များ ပွင့်ဟသွားကာ အဆိပ်ဆူးများ ဆက်ကာဆက်ကာ ပြေးထွက်လာပြန်လေသည်။ အချို့လည်း အခြားဘက်သို့လွင့်ထွက်သွားသည်။

စန်ဒီယာသည် အဆိပ်ဆူးများထွက်လာမည်ကို ကြိုတင်သိရှိသည့်အလား သူ့ရှေ့၌ဓားနှင့်ဝှေ့ယမ်းကာကွယ်ပြီး ဖြစ်နေတော့သည်။



ဓားသည် စကြာသဖွယ် နံရံသဖွယ်ရှေ့၌ ပိတ်ဆီးကာကွယ်နေတော့ရာ အဆိပ်ဆူးများသည် ဓားစကြာကိုထိပြီး ပြန်ကန်ပြေးထွက်သွားတော့သည်။

"ဒိုး. ."

"ဒုစ်. ."

"ဖောက်. ."

"အင့်. ."

ဆူးနှစ်ချောင်းသည် အော်ဟန်စီး၏ နဖူးတည့်တည့်သို့ စိုက်ဝင်သွားလေတော့သည်။

သူ၏ အဆိပ်ဆူးများ ပြန်ကန်ထွက်လာမည်ဟု အော်ဟန်စီး မထင်မှတ်ပါ။

မထင်မှတ်သည်များ ချက်ချင်းဖြစ်လာသည်။ သူမရှောင်တိမ်းနိုင်ပါ။ အဆိပ်ဆူးများ နဖူးတည့်တည့်ကိုထိ၍ တုံးခနဲ လဲကျသွားပါသည်။

"အား. ."

အော်ဟန်စီးသေဆုံးသွားပါပြီ။

ပြင်းထန်သော အဆိပ်ရည်များ စိမ်ထားသည့် အဆိပ်ဆူးသည် ထူးခြားသော အဆိပ်စွမ်းရည်ကို ပြသလိုက်ပါသည်။

လျှန်ဆွေဝင်းကော. . .။

လျှန်ဆွေဝင်းမှာလည်း အဆိပ်ဆူးနှစ်ချောင်းထိသွားပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ လျှန်ဆွေဝင်းသည်လည်း အော်ဟန်စီးကဲ့သို့ပင် အဆိပ်ဆူးများ ပြန်လာမည်ဟု လုံးဝမထင်ပါ။

သူက ပိုဆိုးပါသည်။ အံ့ဩချိန်ပင် မရလိုက်ဘဲ အဆိပ်ဆူးထိကာ တုံးခနဲ လဲကျသွားပါသည်။

ပြင်းထန်လှသည့် အဆိပ်သည် လျှန်ဆွေဝင်း၏ အသက်ကို ခြွေနုတ်ယူသွားပါသည်။

ဩော်. . အဆိပ်၏ သားကောင်နှစ်ယောက်တော့ သွားရှာပါပကော. . .။

❂



## ကမ္ဘာဦးလူ၏အစီအသံ

လက်ရုံးနှစ်ဆူကျသွားသောအခါ ကျိုတောင်စီစဉ်ပေးထားသည့်အတိုင်း ဟွားညီနောင်လေးယောက် ဝင်လာပါသည်။ သူတို့လေးယောက်မှာ အော်ဟန်စီးနှင့် လျှန်ဆွေဝင်းတို့သေဆုံးကြပုံကို အံ့အားသင့်နေကြပါသည်။

"ဝင်ကြလေ၊ ဘာလုပ်နေကြတာလဲ"

ကျိုတောင်ကအော်ဟစ်လိုက်မှ သတိဝင်လာပြီး ဟွားညီနောင်လေးယောက် ပြေးဝင်လာကြပါသည်။ စန်ချီယာကမူ သူတို့ပြေးဝင်လာသည်ကို ငြိမ်သက်စွာရပ်ကြည့်နေလိုက်ပါသည်။

ဟွားညီနောင်များသည် စန်ချီယာ၏မတုန်မလှုပ်အမူအရာကြောင့် တန့်ခနဲရပ်သွားမိကြသည်။ ထိုအခါ စန်ချီယာက မြေကိုဖနောင့်နှင့်ဆောင့်နင်းပြီးနောက် အပေါ်သို့ခုန်တက်သွား၏။

အစ်ကိုအကြီးဆုံးဖြစ်သည့် လှံတစ်ချောင်းတည်းဟွားကအောက်မှ လှံဖြင့်ပင့်ထိုးလိုက်သည်။ လှံနှစ်ချောင်းဟွားကလည်း

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လုံညာလုံကို ကြက်ခြေခတ်သဏ္ဍာန်ပစ်ခတ်လိုက်သည်။

လုံဘီလူးစီးဟွားနှင့် ညီအငယ်ဆုံးလုံဘုရင်ပါဟွားတို့ စန်ချီယာပြန်အကျတွင် လုံများကိုထိုးသွင်းလိုက်ကြသည်။

"ဖြောင်း. ."

လုံများကို စန်ချီယာကရိုက်ထုတ်ပစ်လိုက်သည်။

ဟွားညီနောင်လေးယောက် လန်ထွက်လာကြသည်။ ပထမအချီမှာပင် သူတို့ရှုံးသွားခဲ့လေပြီ။ ကျောက်ညီနောင် လေးယောက်သည် ဟွားညီနောင်လေးယောက်အရှုံးမပေးခင် ဝင်ရောက် တိုက်ခိုက်ကြတော့သည်။

ဤသို့ သိုင်းလောကထုံးစံကိုဖျက်လျက် ဝင်ရောက် တိုက်ခိုက်ခြင်းကြောင့် ကျန်းစီးမုံဒေါသဖြစ်သွား၏။

"ဒီမှာကိုဏ်းချုပ်ကြီး ပထမလေးယောက် အရှုံးမပေးသေးခင် နောက်လေးယောက်က ဘာဖြစ်လို့ဝင်တိုက်ရတာလဲဗျ၊ ကျုပ်လက်မခံနိုင်ဘူး"

စန်ချီယာကကန့်ကွက်လိုက်သည်။

ကျိုတောင်က ရယ်ရယ်မောမောပင်။

"ငါ့အမိန့်ပဲကွ၊ ငါက အစကတည်းက မင်းကိုဘယ်နည်းနဲ့မဆို အနိုင်တိုက်ရမယ်လို့အမိန့်ပေးထားတော့ သူတို့ဝင်တိုက်ကြတာပေါ့၊ ငါလုပ်သမျှအမှန်ချည်းပဲ"

သူသည် ပြောပြောဆိုဆိုပင် ပုဆိန်ရိုးတံရှည်ကြီးကို ကိုင်



မြှောက်လျက်ပြောသည်။

"အရေးအကြီးဆုံးကတော့ မင်းနဲ့ဟိုမိစ္ဆာကောင်ကို ရှင်းဖို့ပဲ၊ ဒီတော့ ငါကိုယ်တိုင်ဝင်တိုက်ရတော့မယ်"

ကျန်းစီးမုံဒေါသထွက်သွားသည်။ သူ့အား မိစ္ဆာကောင်ဟု ခေါ်လိုက်သည့်အတွက်ဖြစ်သည်။ ကျိုတောင်သည် သူ့လူများကို ပြန်လည်၍တန်းစီရပ်စေ၏။

သူတို့၏အင်အား နှစ်ဆယ်မျှသာကျန်တော့သည်။

စန်ချီယာတို့ဘက်၌ စန်ချီယာ၊ ကျန်းစီးမုံ၊ ကျင်ဘိမေ၊ ရှာလေခန်၊ စုမုကျန်းနှင့်ယင်ဇွေးရှာတို့ ခြောက်ယောက်သာ ကျန်ရှိပါတော့သည်။

ထိုအထဲတွင် စန်ချီယာနှင့်ရှာလေခန်တို့မှလွဲလျှင် ကျန်လူအသီးသီးမှာ ဒဏ်ရာအသီးသီးရရှိထားသည်။ ကျိုတောင်သည် သူက စန်ချီယာကိုနိုင်လျှင် ကျန် သူ့လူများက ကျန်းစီးမုံတို့ကိုနိုင်မည်ဟုတွက်ချက်လိုက်သည်။ ထို့ကြောင့်-

"ကဲ- အနာမခံကြဘဲ စောစောအရှုံးပေးကြမလား၊ ယှဉ်ပြိုင်ပြီးအသေခံကြမလား၊ ကြိုက်ရာလမ်းကိုရွေးပေတော့"

ကျန်းစီးမုံက ရွှေ့မှမားမားမတ်မတ်ရပ်လိုက်ပြီး-

"ကျုပ်တို့ကိုအသေသတ်နိုင်ရင် သတ်သွား၊ အပိုတွေသာ ပြောမနေနဲ့၊ သိုင်းလောကမှာ ဂုဏ်မဲ့အသရေမဲ့ သိုင်းသမားတော့ အဖြစ်မခံနိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကျော်တောင်က အားရပါးရရယ်လိုက်သည်။

"မင်းတို့ဟာ တော်တော် ရှုကြောင်ကြောင်နိုင်ကြတာကိုး၊ ငါက မင်းတို့ကိုရှင်းလင်းပြီး သိုင်းကေရာစ်သရုပ်ဆောင်းတော့မှာပဲ၊ အင်း- မင်းတို့မြင်ခွင့်ကြုံမသွားတာကိုတော့ ငါစိတ်မကောင်းပါဘူးကွာ"

"ရှုကြောင်ကြောင်နိုင်တာက ခင်ဗျားပဲ၊ ခင်ဗျားကမှ သိုင်းကေရာစ်ရှူးရှူးနေတာ၊ သိုင်းကေရာစ်ဘွဲ့ကို အချောင်လိုချင်လို့ရမလား၊ ယုတ်မာတဲ့နည်းတွေနဲ့ရခဲ့ဖူးတဲ့အစဉ်အလာ ရှိဖူးလို့လား"

ကျန်းစီးမုံက ပြောလိုက်ခြင်းဖြစ်သည်။

"ဟား- ဟား- ဟား- ဒါတွေကို ငါနားမလည်ဘူး၊ အစဉ်အလာဆိုတာ လူတွေကလုပ်တာပဲ၊ ငါသိုင်းကေရာစ်ဖြစ်ရင် ငါ့စိတ်တိုင်းကျ အစဉ်အလာကို ငါဖန်တီးမယ်၊ ကဲ- ကြာတယ်၊ တိုက်မယ်"

ကျော်တောင်ကပြောလိုက်ခြင်းဖြစ်သည်။ ထိုစဉ်-

"ဟား- ဟား- ဟား---"

ကျယ်လောင်သောရယ်မောသံကြီးတစ်သံသည် မည်သည့်အရပ်ကပေါ်လာမှန်းမသိဘဲ ထွက်ပေါ်လာလေသည်။

"မင်းက သိုင်းကေရာစ်ဖြစ်ချင်တယ်လို့ပြောတယ်၊ သိုင်းကေရာစ်ဖြစ်ပုံမလားကွာ"

အသံကြားရာလို့ အားလုံးလိုက်လံကြည့်မိကြသည်။

သစ်ပင်အမြင့်ပေါ်ရှိ ကိုင်းကြီး တစ်ကိုင်းပေါ်မှ သစ်ရွက်ဝတ်စုံ ဝတ်ဆင်ထားသူအား တွေ့မြင်လိုက်ကြရတော့သည်။

မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးနှင့် အဘိုးအိုတစ်ယောက်။

ကျန်းစီးမုံနှင့်စန်ဒီယာတို့သည် ရှေးဦးစွာမှတ်မိကြသည်။

တစ်ညတွင် တောင်ထိပ်စခန်းသို့ ထိုလူထူးလူဆန်း ချဉ်းကပ်လာသဖြင့် သူတို့ လိုက်လံဖမ်းခဲ့ကြသည်မဟုတ်ပါလား။

ထိုလူသည် အောက်သို့ပေါ့ပါးစွာခုန်ဆင်းလာသည်။

"ဟင်"

"ဟာ"

ကျန်းစီးမုံရော ရှာလေခန်ပါ အာမေဋိတ်သံများထွက်သွားပြီး မယုံနိုင်အောင်ဖြစ်သွားကြပါတော့သည်။

သို့ရာတွင် ချက်ချင်းသတိရလာပြီး မြေပေါ်သို့ ပြားပြားမှောက်ဝပ်ချလိုက်ကြသည်။

ထိုသူကား အခြားသူမဟုတ်ပါ။ ရှာလေခန်၏ဆရာရင်း ကျန်းစီးမုံ၏ကျေးဇူးရှင် ဟိမဝန္တာမှဆရာကြီး ကမ္ဘာဦးလူ ဟူကွမ်းပါပေတည်း။

"ဆ- ဆ- ဆရာကြီး၊ ဘယ်လိုကနေ- ဘယ်လို"

ရှာလေခန်မှာ ဆရာကြီးဟူကွမ်းအား လုံးဝမျှော်လင့်မထားသဖြင့် ပြန်တွေ့ရသည့်အတွက်အံ့ဩဝမ်းသာနေသည်။

သူသည် ထစ်ထစ်ငေါ့ငေါ့ဖြင့်မေးလိုက်မိသည်။

ဆရာကြီးဟူကွမ်းက-



www.burmeseclassic.com

www.burmeseclassic.com



"လောလောဆယ် ဒါကအရေးမကြီးပါဘူးကွာ၊ မင်းတို့နားလည်ထားဖို့ကတော့ မင်းတို့ ပြုမူလုပ်ရှားမှုမှန်သမျှကို ငါသိနေတယ်ဆိုတာပဲ"

သူသည် ကျိုတောင်ရှိရာသို့မျက်နှာလှည့်သွားသည်။

ကျိုတောင်သည် ငယ်ဆရာဖြစ်ခဲ့ဖူးသည့်ဆရာကြီးဟူကွမ်းဖြစ်မှန်းသိသွားသောအခါ ကြောက်ရွံ့သွားသော်လည်း သူ့ကိုယ်သူရဲဆေးတင်လိုက်ပြီး ဆရာကြီးဟူကွမ်းအား ရဲရဲတင်းတင်းပင် ရင်ဆိုင်လိုက်သည်။

"ဆရာကြီးက ဒီကို ဘာကိစ္စနဲ့ရောက်လာတာလဲ"

သူသည် သူ့ကိုယ်သူနယ်စားကြီးဖြစ်သည်ဟု ရဲဆေးတင်ပြီးနောက် ဆရာကြီးဟူကွမ်းအား မလိုလားဟန်ဖြင့်မေးလေ၏။

"မင်းက ခုအသက်အရွယ်အထိ မိုက်တုန်းပဲကိုး၊ အေးငါလာရတဲ့ကိစ္စကတော့ ဆုံးမသင့်တဲ့သူကိုဆုံးမဖို့နဲ့ ချီးမြှောက်သင့်သူကို ချီးမြှောက်ကူညီဖို့ပဲ"

ကျိုတောင် မဲ့မဲ့ရွဲ့ရွဲ့ဖြင့်ပြောလိုက်သည်။

"ဆရာကြီးကလဲ ခုထိမျက်နှာလိုက်တုန်းပဲကိုး"

ကျိုတောင်၏ မိုက်ရိုင်းစော်ကားလှသည့်စကားကို ကျန်းစီးမုံ ဒေါသဖြစ်သွားသည်။

ရှာလေခန်မှာလည်း အံကြိတ်မိသည်။ သို့သော် ဆရာကြီးဟူကွမ်းကိုကျော်ပြီး မည်သည့်စကားမျှမပြောရဲပါ။



ဆရာကြီးဟူကွမ်းကတော့ အပြုံးမပျက်ချေ။

"စကားတွေ အပိုပြောမနေတော့ဘူး၊ မင်း ခုချိန်မှာ အေးအေးဆေးဆေးလှည့်သွားမယ်ဆိုရင် မင်းဟာ နယ်စားကြီးအဖြစ်ကြီးစိုးလို့ရသေးတယ်၊ နောင်ရေးကောင်းပါသေးတယ်၊ ဒါဟာ မင်းအတွက် အခွင့်အရေးပဲ၊ တမင်ပေးလိုက်တဲ့အခွင့်အရေးပဲ"

ကမ္ဘာဦးလူဟူကွမ်းသည် ရှေ့သို့လှမ်းသွားရင်း-

"ဒါမှ မင်းဆက်မိုက်ဦးမယ်ဆိုရင် မင်းကြမ္မာ မင်းဖန်တီးတာပဲ၊ ငါ့ကိုလဲအဆိုးမဆိုနဲ့"

"သိုင်းဧကရာဇ်ဖြစ်ရေးကြိုးပမ်းနေတဲ့ လူတစ်ယောက်ကို ဘာမှမပတ်သက်တဲ့လူက ဝင်ရောက်ဟန့်တားခွင့်ရှိပါသလား"

ကျိုတောင်က စကားတတ်လှစွာပြောလေ၏။

ဟူကွမ်းက ရယ်ရယ်မောမောဖြင့်ပင်-

"မင်းရဲ့အတ္တက မင်းကိုပိတ်ဖုံးနေတော့ မင်းဟာ **အမှန်**တရားကိုမမြင်နိုင်ဘူးဖြစ်နေတယ်၊ မင်းနားလည်အောင် **ငါတစ်ခု**ပြောပြမယ်၊ မင်းဟာ သိုင်းဧကရာဇ်ဖြစ်ချင်တာ **တစ်ခုပဲသိတယ်**၊ ကမ္ဘာဦးကတည်းကတည်ရှိခဲ့တဲ့ အစဉ်အလာသမိုင်း**ကြောင်းကို**တော့ မင်းမသိဘူး"

ဆရာကြီးဟူကွမ်းသည် သူ၏သစ်ရွက်ဝတ်စုံကို ခါလှုပ်လိုက်သည်။

ထိုအခါ မည်သည့်အလင်းရောင်မှန်းမသိသော ထူးခြား

www.burmeseclassic.com

www.burmeseclassic.com



တောက်ပသည့်အလင်းရောင်များ ထွက်နေသည့်ဝတ်ရုံသည် ပေါ်လာသည်။ ထိုဝတ်ရုံကို မည်သည့်ပိုးချည်များနှင့် ယက်လုပ်ထားကြောင်း မသိရပါချေ။

"မင်းက ငါ့ကို ဘာမှမပတ်သက်တဲ့လူရယ်လို့ သမုတ်ခဲ့တယ်နော်၊ မင်း လေ့လာမှုအများကြီးလိုသေးတာပဲ၊ မင်းထပ်သိအောင် ထပ်ပြီးတစ်ခုကိုပြောလိုက်မယ်"

ဆရာကြီးဟူကွမ်းသည် သူ့ရင်ဘတ်ကိုသူ ပုတ်ပြလေ၏။

"ငါဟာ သိုင်းဇကရာဇ်လောင်းလျာကို သိုင်းဇကရာဇ်ဖြစ်မြောက်အောင် သရုပ်ဆောင်းပေးရေးအတွက် ပါရမီဖြည့်ပေးတဲ့ အထိန်းတော်မှူးပဲ၊ ကဲ- မင်းသိပြီလား၊ ငါ့ကို ကြားလူလို့ထင်နေသလား"

ဆရာကြီးဟူကွမ်း၏စကားသည် ကျိုတောင်ကိုသာမက စန်ချီယာနှင့်ကျန်းစီးမုံတို့လူစုကိုပါ အံ့အားသင့်သွားစေပါသည်။ သူတို့သည် ထိုအကြောင်းကိုမသိကြချေ။

"အစဉ်အလာအရ သိုင်းဇကရာဇ်လောင်းလျာကို သူ့ဖြစ်စဉ်မှန် လမ်းကြောင်းပေါ်က တိမ်းချော်မသွားရအောင် အထိန်းတော်မှူးကထိန်းကွပ်စီစဉ်ပေးရတယ်၊ ဒီအထိန်းတော်မှူးကလဲ သိုင်းဇကရာဇ်လောင်းလျာ မွေးဖွားမလာခင်ကတည်းက လူ့လောကကို ကြိုတင်ရောက်ရှိနေရတယ်၊ သူက အစစအရာရာကြိုတင်ပြင်ဆင်ထားရတယ်"



ကျိုတောင်သည် နှုတ်ခမ်းကိုကိုက်ရင်း နားထောင်နေလေသည်။

"ငါ လူ့လောကထဲကို ဘယ်ခေတ်ဘယ်ကာလက ရောက်နေတယ်ဆိုတာကိုပြောရင် မင်းယုံမှာမဟုတ်မဘူး၊ ပြောရင်လဲ ယုံရာမရှိဘူး၊ အေး- ဒါပေမယ့် ငါဟာ စန်ချီယာရဲ့အထိန်းတော်မှူးဆိုတာတော့ သေချာတယ်"

စန်ချီယာသည် ဆရာကြီးဟူကွမ်းကိုကြည့်ရင်း ကြက်သီးများပင်ထမိလေသည်။

"ကဲ- အပိုစကားတွေ ငါလျှောက်ပြောနေရတယ်၊ လိုရင်းကိုပဲ ပြောတော့မယ်၊ ငါရောက်လာတာဟာ စန်ချီယာကို ငါနဲ့အတူခေါ်သွားဖို့ပဲ၊ တိုက်တိုက်ဆိုင်ဆိုင် ကျိုတောင်နဲ့လာတိုးနေရတယ်၊ အထိန်းတော်ကျန်းစီးမုံရဲ့တာဝန်ဟာ ကုန်ပြီ၊ ငါဆက်ပြီး တာဝန်ယူရတော့မယ်"

ကြားရသောသူတိုင်းမှာ အံ့ဩသွားလေသည်။

မည်သို့မျှ ထင်မှတ်မထားသည့်အစီအစဉ်ပင်။

ဆရာကြီးဟူကွမ်းသည် ကျန်းစီးမုံဘက်သို့လှည့်လိုက်၏။

"ဒီအကြောင်းကို မင်းတို့ကိုပါ ရှင်းပြဖို့လိုလာပြီ၊ သေသေချာချာနားထောင်ကြ"

"ဟုတ်ကဲ့ အမိန့်ရှိပါဆရာကြီး"

"သိုင်းဇကရာဇ်ဖြစ်မြောက်ရေးအဆင့်ကိုရော မင်းသိ

www.burmeseclassic.com

www.burmeseclassic.com



ပြီးသားပါ။ ဒါက သမားရိုးကျအစီအစဉ်တွေပဲ၊ ထူးခြားမှုရှိရင် ရှိတဲ့အလျောက် သီးသန့်အစီအစဉ်တွေလဲချမှတ်ထားတယ်"

"ဟုတ်ကဲ့- ဆရာကြီးရှင်းလင်းပြမှ ကျွန်တော်တို့သိရမှာပါ ဆရာကြီးရှင်းလင်းပြပါ"

"စန်ဒီယာဟာ သိုင်းဧကရာဇ်လောင်းလျာတွေထဲမှာ ထူးခြားထက်မြက်မယ့် ပါရမီရှင်တစ်ယောက်ဖြစ်တယ်၊ သူ့ရဲ့သိုင်းဝိညာဉ်နိုးထချိန်ဟာ နှစ်ပေါင်းရာထောင်ကြာတတ်တယ်၊ ကြယ်တံခွန်ထွန်းပေါ်ခဲ့တာကိုပဲကြည့်- သူဟာ ဘယ်လောက်ထူးခြားတဲ့သူငယ်လဲဆိုတာ ... "

ထိုအချိန်၌ ထိုက်ဟူတောင်အား နေအလင်းရောင် ကျနေလေပြီ။ ကြယ်တံခွန်ကြီးကိုကား နေ့ခင်းဘက်၌မတွေ့ရတော့ပေ။

"အဲဒီထူးခြားချက်တွေရဲ့ အကျိုးဆက်တွေကတော့ စန်ဒီယာဟာ သမားရိုးကျအဆင့်တွေကို သူ့ပါရမီခံအရအလိုအလျောက်ဖြတ်ကျော်အောင်မြင်သွားလိမ့်မယ်၊ နောက်ပြီး တစ်လ အတောအတွင်းမှာ ကမ္ဘာဦးလောင်မီးသိုင်းပညာကို အကုန်တတ်မြောက်လိမ့်မယ်"

ထို့နောက် လေသံကိုမြှင့်လျက်-

"နောက်တစ်လအတွင်းမှာ သိုင်းသရဖူကို အောင်မြင်စွာယူနိုင်လိမ့်မယ်"

အားလုံးပင် ငြိမ်သက်စွာ နားထောင်နေပါသည်။



မကြာမီ ဟူကွမ်းကဆက်ပြောသည်။

"သူ့ကို ငါက အနီးကပ်ပြုစုပျိုးထောင်ပေးရတော့မယ်၊ ဒါကြောင့် သူ့ကို ငါအပြီးခေါ်သွားရတော့မယ်"

"ဘယ်ကိုခေါ်သွားမှာလဲ ဆရာကြီး"

ရှာလေခန်ကမေးမိသည်။

သူက ဆရာရင်းတပည့်ပီပီ မေးရဲပြောရဲရှိသည်။

ဟူကွမ်းကပြုံးလိုက်သည်။

"ဒါတော့ပြောခွင့်မရှိဘူးလူလေး၊ နောက် အရေးကြီးတာတစ်ခုကိုပြောရဦးမယ်"

သူက တစ်ယောက်ချင်းလိုက်ကြည့်သည်။ ပြီးမှ-

"ငါစန်ဒီယာကိုခေါ်သွားတဲ့အခါ သူ့ရဲ့အထောက်အကူအဖြစ် ပါရမီဖြည့်မယ့်လူနှစ်ယောက်ကိုပါ ခေါ်သွားရမယ်၊ မင်းတို့ထဲက နှစ်ယောက်ပေါ့ကွာ"

သူတို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြတော့သည်။ အားလုံးပင် ရင်တထိတ်ထိတ်ခုန်ကြရသည်။

ကမ္ဘာဦးလူ့ဟူကွမ်း၏အသံ ပြန်ပေါ်လာသည်။

"ဒီနှစ်ယောက်ကို သိုင်းဧကရာဇ်လောင်းလျာကိုယ်တိုင် စိတ်ကြိုက်ရွေးချယ်ရမှာဖြစ်တယ်၊ ကဲ- ငါ့မြေးဘယ်သူ့ကိုခေါ်သွားချင်သလဲ"

စန်ဒီယာကိုယ်တိုင် ပြောမထွက်နိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဤလူများထဲမှနစ်ယောက်ကို မည်ကဲ့သို့ ရွေးထုတ်နိုင်ပါမည်လဲ။ သူ့အနေဖြင့် အားလုံးကိုခေါ် သွားချင်သည်။

မည်သို့မျှ ချန်ထားမရပါ။ သို့သော် အားလုံးကိုခေါ် သွား၍လည်းမရ။ ဆရာကြီး ကမ္ဘာဦးဟူကွမ်းက နှစ်ယောက်ကိုသာခေါ် ယူခွင့်ပြုထားသည်။ ထိုစဉ် ...

"ကျွန်တော်တို့ဇနီးမောင်နှံကိုတော့ ဖယ်ထားလိုက်ပါဆရာကြီး၊ ကျွန်တော်တို့ဟာ စန်းချိုယာကို ဒီအရွယ်အထိကျွေးမွေးစောင့်ရှောက်ပြုစုယုယခဲ့ပြီးပါပြီ၊ ကျွန်တော်တို့ရဲ့တာဝန်ဟာလဲ ကျေပွန်သလောက်ရှိပါပြီ၊ သခင်ကြီးတာစင်ကူကို ပေးခဲ့တဲ့ ကတိအတိုင်း စန်းချိုယာအရွယ်ရောက်ပြီး သိုင်းဇကရာဇ်လောင်းလျာဖြစ်တဲ့အထိ ကျွန်တော်တို့ စောင့်ရှောက်ခဲ့ပြီးပါပြီ"

ကျန်းစီးမုံက ဆို့နင့်စွာဆက်ပြောသည်။

"သားအပေါ်မှာ ကျွန်တော်တို့ထားရှိကဲ့ မေတ္တာသံယောဇဉ်ကို အထူးပြောနေဖို့မလိုတော့ပါဘူး၊ ဘာပဲဖြစ်ဖြစ် သူဟာ ထိုက်တန်တဲ့အဆင့်ကို ရောက်သွားပြီဆိုရင်ပဲ ကျွန်တော်တို့လင်မယားဟာ ကျေနပ်ဝမ်းမြောက်နေမှာပါ"

သူ့အသံသည် ပြောရင်းတိမ်ဝင်သွားသည်။

စန်းချိုယာက မျက်ရည်များဝေ့လျက် ...

"ဖေဖေ. . မေမေ. . "

ကျင်အိမေကလည်း ...



"ကျွန်မလဲ အစ်ကိုကျန်းစီးမုံနဲ့တစ်သဘောတည်းပါပဲရှင်၊ တခြား ဘာမှမပြောတတ်တော့ပါဘူး"

စန်းချိုယာသည် ကျင်အိမေအား ပြေး၍ပွေ့ဖက်မိသည်။

ကျင်အိမေကလည်း စန်းချိုယာအား တင်းကျပ်စွာပွေ့ဖက်ထားသည်။ ပါးစပ်မှလည်း "သား... သား"ဟုရေရွတ်လျက်ရှိသည်။ အဖြစ်ကတော့ ကြေကွဲဝမ်းနည်းစရာပင်။

"ကဲ... ရှာလေခန်ကငကော၊ ဘာပြောမလဲ"

ကမ္ဘာဦးဟူကွမ်းက သားတပည့်ရှာလေခန်အား မေးလိုက်လေသည်။

"ကျွန်တော့်ကိုလဲထားခဲ့ပါဆရာကြီး ကျွန်တော်တို့၊ ကျန်းစီးမုံတို့၊ ကျင်အိမေတို့ဟာ အသက်အရွယ်အရလဲ နောက်ထပ် အချိန်များများ မနေနိုင်တော့ပါဘူးခင်ဗျာ၊ ကျွန်တော့်ဘဝကိုလဲ ဒီမှာပဲမြှုပ်နှံလိုက်ပါပြီဆရာကြီးခင်ဗျာ"

သူ၏စကား မဆုံးသေးပါ။ သူသည် စုမုကျန်းဘက်သို့ လက်ညှိုးညွှန်ပြလိုက်ပါသည်။

"အသင့်လျော်ဆုံးက ဟောဒီ ကျွန်တော့်သား စုမုကျန်းကလေးပါပဲ၊ သူဟာ ဟိုးငယ်စဉ်တောင်ကျေး ကလေးဘဝ ကတည်းက စန်းချိုယာနဲ့သိုင်းညီအစ်ကိုတော်တဲ့သူပါ၊ သူ့ကို ထည့်လိုက်ခြင်းဟာ ကျွန်တော်လိုက်ရတာနဲ့အတူတူပါပဲ၊ ပြီးတော့--"

ရှာလေခန်ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ စုမုကျွန်းကလေးကိုခေါ်ရင် သူ့ကို ပါရမီဖြည့်ပေးမယ့် ယင်ရွှေးရှာကိုပါ ခေါ်ရပါလိမ့်မယ်ဆရာကြီး"

စုမုကျွန်းနှင့် ယင်ရွှေးရှာတို့သည် နှစ်ဦးစလုံးခေါင်းငုံ့နေကြသည်။ ဆရာကြီးဟူကွမ်းသည် ကျွန်းစီးမုံ၊ ကျင်အိမေနှင့် ရှာလေခန်တို့၏ ကြီးမားသည့်မေတ္တာတရား၊ ကြီးမားသည့်အမြော်အမြင်နှင့် ဖြောင့်မတ်သောဆုံးဖြတ်ချက်တို့ကြောင့် ပြုံးသွားလေ၏။

ထိုစဉ် ...

"ဟား- ဟား- ဟား ..."

ကျိုတောင်၏ ကျယ်လောင်သောရယ်မောသံကြီး ထွက်ပေါ်လာသည်။

"ဟား... ဟား.. ဟား အပေးအယူတည့်နေကြပါလား၊ အလကား၊ လူလိမ်လူညာ၊ ဘာအထိန်းမှုနးလဲ"

သူသည် ကမ္ဘာဦးလူ ဟူကွမ်းကို လက်ညှိုးငေါက်ငေါက်ထိုးလိုက်သည်။

"ခင်ဗျားလူလိမ်၊ အကြံသမားပဲ၊ စန်ချီယာကို ပရိယာယ်နဲ့ခေါ်ထုတ်သွားပြီး ဟိုကျရင် စန်ချီယာကို အပျောက်ရှင်း၊ သိုင်းဧကရာဇ်ဘွဲ့ကိုခံ၊ ခင်ဗျားကိုယ်တိုင် သိုင်းဧကရာဇ်လုပ်မယ်လို့ ကြံနေတာမဟုတ်လား၊ ဟား... ဟား... ဟား ကျုပ်ကို ဒီလိုလာလိမ့်လို့မရဘူးဗျ"

ကျိုတောင်သည် သူ့လူများကိုအချက်ပြလိုက်သည်။



"ခင်ဗျားအနေနဲ့ ဟောဟိုက ငနဲ့ အေတွေကိုပဲ ညာလို့ရမယ်၊ ကျုပ်ကိုညာလို့မရဘူး၊ စန်ချီယာကိုလဲ ခင်ဗျားလက်ထဲ ကျုပ်မထည့်နိုင်ဘူး၊ အားလုံးကို ဒီတောင်ထိပ်မှာမြေမြှုပ်သင်္ဂြိုဟ်ပစ်မယ်၊ ခင်ဗျားလဲ အသက်ရှင်ကျန်ရစ်ခဲ့လိမ့်မယ်မမှတ်နဲ့၊ ခင်ဗျားကိုလဲ ကျုပ်ရှင်းပစ်မယ်"

ကျိုတောင်ကား အတ္တအမှောင်ဖုံးနေလေပြီ။

"ဒီမှာကျိုတောင်... လောကကြီးမှာ မင်းဟာ အကြီးမားဆုံးသောအမှားကို ကျူးလွန်မိတော့မယ်၊ ငါဟာ မင်းရဲ့ဆရာပဲ၊ ဆရာသမားကိုသတ်ရင် အကြီးဆုံးသောအမှားကို ကျူးလွန်မိခြင်းမည်တယ်"

ကမ္ဘာဦးလူဟူကွမ်းက တားမြစ်ဖျောင်းဖျပါသေးသည်။ သို့သော် ဒေါသမီး လောဘမီး၊ ဟုန်းဟုန်းထနေသော ကျိုတောင်သည် နှုတ်ခမ်းပုဆိန်ကြီးကိုဝှေ့ယမ်းရင်း...

"ဟေ့... နားမလည်ဘူး၊ ကျုပ်နားလည်တာ တိုက်ခိုက်မှုနဲ့အဆုံးအဖြတ်ယူဖို့ပဲ၊ ငါ့လူတို့တိုက်ကြ၊ သွေးရဲပါစေ၊ တစ်ယောက်မှမရှင်မထားနဲ့၊ တိုက်..."

ကျိုတောင်သည် ကြောက်မက်ဖွယ်ရာကြိမ်းဝါးပြီး အတင်းတရကြမ်း ဝင်ရောက်တိုက်ခိုက်တော့သတည်း။

❖

www.burmeseclassic.com

www.burmeseclassic.com



နိဂုံး၏နိဂုံး

## အဘိုးအိုရေခုနစ်လွှာစေးသံမားကျန်းစီးမှု၏ မှတ်တမ်းများ

**နိဂုံး- ၁ (က)**

ထိုတိုက်ပွဲတွင် ကျုပ်တို့ဘက်မှအစွမ်းပြတိုက်ခိုက်သူ နှစ်ယောက်မှာ စန်ချိုယာနှင့်ကမ္ဘာဦးလူဆရာကြီးဟူကွမ်းတို့ပင် ဖြစ်ပါပေသည်။

တောင်တန်းနဂါးကျိုတောင်သည် တစ်သက်တွင် တစ်ခါပေါ်သောစွမ်းရည်ဖြင့် တရကြမ်းတိုက်ခိုက်ခဲ့သဖြင့် ထိုတိုက်ပွဲထက် သိုင်းပညာစုံလင်ပြီး ကြီးမားပြင်းထန်သောတိုက်ပွဲမျိုး သိုင်းလောကၣမပေါ်ပေါက်ခဲ့ဘူးသေးချေ။ နောင်တွင်လည်း ပေါ်ပေါက်ရန်ခဲယဉ်းပါလိမ့်မည်။

**နိဂုံး- ၁ (ခ)**

တိုက်ပွဲပြီးဆုံးသောအခါ တောင်တန်းနဂါးကျိုတောင်နှင့်သူ့လူအားလုံး ကျဆုံးကုန်သည်။ ကျုပ်တို့ဘက်မှ ကွန်းပ်၏ချစ်လှစွာသော ချစ်ဇနီးကျင်အိမေနှင့် ခင်မင်လှစွာသောချစ်မိတ်ဆွေ ရာ



လေခန်တို့သည် ရွပ်ရွပ်ချွံချွံအစွမ်းပြတိုက်ခိုက်ရင်း သူရဲကောင်းပီသစွာကျဆုံးခဲ့ကြရပါသည်။

**နိဂုံး- ၁ (ဂ)**

စန်ချိုယာ၊ စုမုကျန်းနှင့်ယင်စွေးရှာတို့ကို ဆရာကြီးကမ္ဘာဦးလူ ဟူကွမ်းကခေါ်ယူသွားခဲ့ပါသည်။ မည်သည့်ဒေသသို့ ခေါ်သွားသည်ကိုကား မှတ်တမ်းရေးနေချိန်အထိ လုံးဝမသိရချေ။

သူတို့သည် ဟိမဝန္တာတောင်တန်းတစ်နေရာတွင်လည်းကောင်း၊ ဤကမ္ဘာမြေ၏ဒေသတစ်ခုတွင်လည်းကောင်း၊ အသက်ထင်ရှားရှိလိမ့်မည်ဟု ကျွန်ုပ်ယုံကြည်ပေသည်။

စန်ချိုယာသည်လည်း ကမ္ဘာဦးလောင်မီး သိုင်းကျမ်းကိုပြည့်စုံလုံလောက်စွာတတ်မြောက်ပြီး သိုင်းစကေရာဇ်ဖြစ်နေလောက်ပေပြီ။

**နိဂုံး- ၂ (က)**

ကျွန်ုပ်သည် ထိုက်ဟူတောင်မှ တစ်ယောက်တည်းပြန်လာခဲ့ပြီးလျှင် ကျွန်ုပ်၏ဘဝဇာတ်ကိုမြှုပ်ကာ မထင်မရှားနေထိုင်ခဲ့တော့သည်။ နယ်ငါးနယ်စား ကျိုတောင်ပျောက်ဆုံးသွားခြင်း အတွက် ဟိုးလေးတကြော်ကြော်ဖြစ်ပြီး တရုတ်ပြည်တစ်ပြည်လုံး တုန်လှုပ်သွားခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ကို သိုင်းလောကသားတို့သည် ထိုက်ဟူတောင်ပေါ်၌သေဆုံးသွားခဲ့ပြီဟု ထင်မှတ်ယုံကြည်ထားကြသည်။

ယခုဆိုလျှင် ကျွန်ုပ်သည် လူ့လောကကိုစွန့်ခွါရန် အချိန်နီးကပ်နေပေပြီ။ ကျွန်ုပ်ကွယ်လွန်ပြီးသည့်အချိန်တွင် နောင်လာနောက်သားများသိရှိရန် ကျွန်ုပ်၏မှတ်တမ်းကို အမွေအဖြစ်ထားရစ်ခဲ့ပါသည်။

မည်သို့ပင် မွေးဖွားလာကြ၊ သေလွန်သွားကြနှင့် မတည်မြဲသော ဤလောကကြီးအတွင်းဝယ် ထာဝရတည်မြဲနိုင်သောအရာဟူ၍ တစ်ခုမျှမရှိကြောင်း ကျွန်ုပ်ကောင်းစွာသဘောပေါက်ခဲ့ပြီးဖြစ်ပါသတည်း။

ပြီးပါပြီ

တက္ကသိုလ်နေလင်းအောင်

www.burmeseclassic.com